မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်၊ ၂၀၁၀ ခုနှစ်၊ ဇန်နဝါရီ ၂၄ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၉)၊ အမှတ်(၁၁၆)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် (CLMV) နိုင်ငံများအတွင်း ယဉ်ကျေးမှု ဆက်စပ်ပေါင်းစည်းခြင်းဆိုင်ရာ ယဉ်ကျေးမှုနှင့် အနုပညာဝန်ကြီးများ၏ စားပွဲဝိုင်းအစည်းအဝေးသို့ တက်ရောက်ကြမည့် ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံ၍ ဦးဆောင်ကျင်းပမည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ် (CLMV) နိုင်ငံများအတွင်း ယဉ်ကျေးမှု ဆက်စပ်ပေါင်းစည်းခြင်းဆိုင်ရာ ယဉ်ကျေးမှုနှင့် အနုပညာဝန်ကြီးများ၏ စားပွဲဝိုင်းအစည်းအဝေးသို့ တက်ရောက်ကြမည့် ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံများမှ ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ ဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများအား ယနေ့နံနက် ၉နာရီတွင် နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

စာမျက်နှာ ၃ ကော်လံ ၅ ■

ကုန်းမြင့်လယ်ယာဧက ၂၅၀ ကျော်အတွက် စိုက်ပျိုးရေပေးဝေနိုင်မည့်

ကျောက်ထုဒေသ သန်းဥချောက်ရေလှောင်တမံ

နေပြည်တော် ဇန်နဝါရီ ၂၃

မြန်မာ့အလင်းသတင်းအဖွဲ့သည် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနက တည်ဆောက် အကောင်အထည်ဖော်သည့် ဆည်တမံများတည်ရှိရာ ဒေသအသီးသီးသို့ ခရီးနှင်ကာ လေ့လာ စေ့ငုခဲ့ကြသည်။ ပြည်နယ်၊ တိုင်းအနှံ့တွင် ဆည်ရေဖွေးဖွေးဖြင့် ဒေသခံတို့၏ စိုက်ရေး ပျိုးရေးသာမက သောက်သုံးရေအတွက်ပါ အကျိုးပြုခဲ့သည်ကို မျက်ဝါးထင်ထင် တွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့ကြသည်။

စာမျက်နှာ ၆ ကော်လံ ၁ ✳

သတင်းခရီးသည် - ကျော်စိန်

ဓာတ်ပုံမှတ်တမ်း
အောင်သန်း (မင်္ဂလာတောင်ညွန့်)

စာမျက်နှာဖွဲ့စည်းမှု
ခင်သန္တာသိန်း (မြန်မာ့အလင်း)

မကွေးတိုင်း ဂန့်ဂေါခရိုင် ကျောက်ထုမြို့နတ်ရဲကျေးရွာအနီး စံတောင်ရိုးမှ စီးဆင်းလာသော သန်းဥချောက်ရိုးကို ပိတ်၍ တည်ဆောက်ထားသည့် သန်းဥချောက်ရေလှောင်တမံ ရေထိန်းမြှောင်းစင်နှင့် ကုန်းမြင့်လယ်မြေ ၂၅၆ဧက စိုက်ပျိုးရေပေးဝေရန် ရေသိုလှောင်ထားမှုကို ချင်းတောင်တန်းနောက်ခံအလှဖြင့် ဤသို့ ပန်းရလျက်တွေ့ခဲ့ရသည်။ ဓာတ်ပုံမှတ်တမ်း- အောင်သန်း (မင်္ဂလာတောင်ညွန့်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် ဇန်နဝါရီ ၂၄ ရက်)

ကုန်းတွင်းပိုင်း ပို့ကုန်သွင်းကုန်လုပ်ငန်းများ ပိုမိုအောင်မြင်ဖြစ်ထွန်းရေး ကြိုးပမ်း

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်သွယ်ရေးကဏ္ဍသည် အရေးပါလျက်ရှိသည်။ အထူးသဖြင့် ပြည်ပနှင့် ကုန်စည်ကူးသန်းမှု ဖွံ့ဖြိုးလာသည်နှင့်အမျှ နိုင်ငံ့စီးပွားသည်လည်း ပိုမိုတိုးတက်လာမည်ဖြစ်သည်။

၁၉၈၈ ခုနှစ်မတိုင်မီက ပြည်ပကုန်သွယ်ရေးစခန်းအဖြစ် ရန်ကုန်ဆိပ်ကမ်းမှတစ်ဆင့် ပင်လယ်ရေကြောင်းထွက်ပေါက် တစ်ခုတည်းသာရှိခဲ့ရာမှ တပ်မတော်အစိုးရလက်ထက်တွင် နယ်နိမိတ်ချင်းဆက်စပ်နေသော အိမ်နီးချင်းနိုင်ငံများနှင့် ကုန်းတွင်းပိုင်းလမ်းကြောင်းများမှတစ်ဆင့် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ခဲ့သည်။

ကုန်းတွင်းပိုင်းလမ်းကြောင်းများအတိုင်း ပုံမှန်ကုန်သွယ်ရေးစခန်းများအဖြစ် မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်၊ မြဝတီ၊ တမူးကုန်သွယ်ရေးဇုန်များကို ဖွင့်လှစ်ပေးခဲ့သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ဆက်စပ်နေသည့် မူဆယ်ဒေသတွင် (၁၀၅)မိုင် ခေတ်မီ ကုန်သွယ်ရေးဇုန်ကို ထူထောင်ထားပြီး အပြန်အလှန်အကျိုးဖြစ်ထွန်းသည့် ပုံမှန်ကုန်သွယ်ရေးလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်ပြီဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်ကုန်သည်များအသင်းတို့ ဇန်နဝါရီလ ၁၁ရက်နေ့က ပူးပေါင်းကျင်းပသည့် ဒုတိယအကြိမ် ဖိုရမ်အစည်းအဝေး၌ မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးနှင့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးလုပ်ငန်း စဉ်ဆက်မပြတ် တိုးတက်ဖွံ့ဖြိုးကဏ္ဍတွင် စာတမ်းများ တင်ပြဆွေးနွေးခဲ့ကြပေသည်။

ကုန်းတွင်းပိုင်းလမ်းကြောင်း အသီးသီးမှ အိမ်နီးချင်းနိုင်ငံများနှင့် ပုံမှန်ကုန်သွယ်မှုပြုရာ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ဆက်စပ်နေသော မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်သည် နယ်စပ်ကုန်သွယ်ရေးအားလုံး၏ ၇၀ရာခိုင်နှုန်းနီးပါးပါဝင်ပြီး အောင်မြင်ဖြစ်ထွန်းနေသည်။ ကုန်းတွင်းပိုင်း ကုန်သွယ်မှုစခန်းကြီး တစ်ခုဖြစ်သည်။

ကုန်းတွင်းပိုင်း ကုန်သွယ်မှုဇုန်များအနက် မြဝတီကုန်သွယ်ရေးဇုန်သည် ဒုတိယတန်ဖိုးအများဆုံး နိုင်ငံတော်ဝင်ငွေရှာဖွေပေးသော ကုန်သွယ်ရေးဇုန်ဖြစ်သည်။ မြဝတီကုန်သွယ်ရေးဇုန်မှ ရေထွက်ပစ္စည်း ကဏန်း၊ ပုစွန်၊ ငါးမျိုးစုံတို့ကို ပုံမှန်တင်ပို့နေပြီး လယ်ယာထွက်ကုန်ပစ္စည်းအဖြစ် ဆန်၊ သီဟိုဠ်စေ့၊ ကွမ်းသီး၊ လယ်ယာသုံးစက်ကိရိယာ ဓာတ်မြေဩဇာတို့ ပါဝင်ကြသည်။

နိုင်ငံတော်အစိုးရသည် နှစ်နိုင်ငံအကြား ပုံမှန်ကုန်သွယ်ရေးကို တရားဝင်ခွင့်ပြုထားခြင်းဖြစ်၍ ထိုက်သင့်သော အခွန်အခများပေးဆောင်ပြီး ကုန်ပစ္စည်းများကို လွယ်လင့်တကူ တရားဝင်ရောင်းဝယ်ကြခြင်းဖြင့် ကုန်းတွင်းပိုင်း ပို့ကုန်သွင်းကုန်လုပ်ငန်းများ ယခုထက် ပိုမိုအောင်မြင်ဖြစ်ထွန်းလာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- * ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- * ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြင်းခြံမြို့နယ်အတွင်း လမ်းသစ်ဖွင့်ပွဲ
တိုင်းမှူးဗိုလ်ချုပ်တင်ငွေ တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၂၃

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေသည် ဒီဇင်ဘာ ၂၄ရက် နံနက်ပိုင်းတွင် မြင်းခြံမြို့ အောင်ဇေယျလမ်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ရာ ရှေးဦးစွာ တာဝန်ရှိသူက လမ်းနှင့်စပ်လျဉ်းသည်များကို ရှင်းလင်းတင်ပြပြီး ဖွင့်ပွဲအထိမ်းအမှတ် တံဆိပ်များကို တိုင်းမှူးထံ ပေးအပ်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဆက်လက်၍ တာဝန်ရှိသူတို့က လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးသည် လမ်းသစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် မြင်းခြံမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသော ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ရာ တာဝန်ရှိသူတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ပေးအပ်

ယင်းနောက် တိုင်းမှူး **(အောက်ဝဲပုံ)** က အမှာစကားပြောကြားပြီး အလှူရှင်က ကျောင်းဆောင်သစ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို တိုင်းပညာရေးမှူးထံ လွှဲပြောင်းပေးအပ်ရာ တာဝန်ရှိသူများက ကျောင်းဆောင်သစ်ဖွင့်ပွဲ အထိမ်းအမှတ် ပစ္စည်းများကို တိုင်းမှူးထံ ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီး

ထိုမှတစ်ဆင့် တိုင်းမှူးသည် မြင်းခြံမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ပညာသင်ကြားနေမှုများကို ကြည့်ရှုစစ်ဆေးပြီး ဆရာ ဆရာမများအား ဂုဏ်ပြုလက်ဆောင်များပေးအပ်ကာ တာဝန်ရှိသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၂၄-၁-၂၀၁၀

(တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ တရားတော်
- ၇:၁၀ ၃။ ဓမ္မပူဇာတေး
- ၇:၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
- ၇:၄၅ ၇။ **မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇:၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ မြဝတီအဖွင့်
- ၁၁:၀၅ ၂။ အဖွင့်သီချင်း
- ၁၁:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၁:၂၅ ၄။ ကာတွန်းအစီအစဉ် **လပြည့်ညရဲ့ စိန်ခေါ်သံ** (အပိုင်း-၁၈)
- ၁၂:၀၀ ၅။ မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် **အိပ်မက်ထဲကချစ်သူ**
- ၁၃:၃၀ ၆။ ကျန်းမာသုတ
- ၁၄:၀၀ ၇။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ကြင်နာသူရဲ့ချစ်ရိပ်** (အပိုင်း-၃)

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
- ၄:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၄၅ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၀၀ ၇။ သံစဉ်များနှင့်ကမ္ဘာ
- ၆:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၂၀ ၉။ အမျိုးသားရေးတေးကဗျာ
- ၆:၂၅ ၁၀။ လျှပ်တစ်ပြက်
- ၆:၃၀ ၁၁။ ဘဝကြေးမုံ **ကျေးဇူးတင်ပါတယ်** မင်းသူ၊ ခင်စန္ဒီထွန်း၊ ပိစိကွေး (ဒါရိုက်တာ-ဒီအေးလွင်)
- ၆:၄၅ ၁၂။ ဂင်းနက်စ်ကမ္ဘာ့ စံချိန်တင်ပြိုင်ပွဲများ
- ၇:၀၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်သူ့မေတ္တာ** (အပိုင်း-၁၄)
- ၈:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၅။ နိုင်ငံတကာသတင်း
- ၁၆။ မိုးလေဝသသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ ကျန်းမာသုတ
- ၁၉။ ပဟေဠိနန်းတော်
- ၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၁။ ရသစုံလင်ရုပ်မြင် ဇာတ်လမ်း **ခေတ်တစ်ခေတ်ရဲ့ သူ့ရဲကောင်း** (အပိုင်း-၁၃)

ဖေဖော်ဝါရီလထုတ် ငွေတာရီမဂ္ဂဇင်းထွက်ပြီ

ရန်ကုန် ဇန်နဝါရီ ၂၃

တင်လှဝင်းထင်၏ ပန်းချီလက်ရာနှင့်အတူ ကျော်စွာသူ(သာယာဝတီ)၊ ညွန့်ဝေ(ကသာ)၊ မောင်ကြင်နွယ်၊ မောင်ဟေမာ၊ ကို(တက္ကသိုလ်)၊ နုသဇင်၊ တင့်ထွန်း(ချောက်)၊ ခြိမ့်နိုင်၊ မောင်ရည်တင့်(မအူပင်)၊ မင်းသန်းမင်း(မင်းကင်း)၊ အောင်ဆန်းသိန်း (ပခုက္ကူ)၊ သိပ္ပံစိုးမြင့်နိုင်တို့၏ ရသစုံကဗျာပုံရိပ်များနှင့်အတူ ငွေကြည်၊ တင်အောင်နီ၊ မြေဇာ၊ သစ်ထွဏ်း၊ မောင်ရွှေဝင်းတို့၏ ကာတွန်းလက်ရာများ အပါအဝင် ရှင်ဉာဏ(ဖျာပုံ)၊ ချစ်စံဝင်း၊ ဒေါက်တာ မတင်ဝင်း (ပညာရေးတက္ကသိုလ်)၊ စိန်လင်း(ခွဲစိတ်နှင့် ကင်ဆာပါရဂူ)၊ မကြန်၊ ဗိုလ်ကလေး တင့်အောင်၊ ညောင်ဦးဖိုးချို၊ ကိုခန့် (သုတေသန)၊ မောင်စူးစမ်း၊ မြင့်ဆွေ(မျက်စိအတု)၊ ဒေါက်တာသက်ဆွေ၊ နန်းမွန်ဟိန်း၊ ရဲမြင့်သိန်း (မွန်မြတ်စေတနာ)၊ မောင်ခင်မင်(ဓနုဖြူ)၊ တင်အောင်(စက်မှုတက္ကသိုလ်)၊ သော်ဇင်သစ်၊ မောင်စိန်ဝင်း(ပုတီးကုန်း)၊ မောင်ကြည်သစ်ဦး၊ တင်သန်းဦး၊ လှဘုန်းအောင်၊ ဂွမ်းဖြူဇင်၊ သက်နှင်းအောင်၊ ဖိုးရန်နိုင် (ကျောက်ကြီး)၊ ရဲမာန်ခ၊ ဒေါက်တာ ဦးစံတင်အောင်(ရွှေဘို)တို့၏ သုတရသဆောင်းပါးများ၊ ငွေတာရီမဂ္ဂဇင်း စွန့်စားခန်းဝတ္ထုတိုပြိုင်ပွဲ ဆုရစာရေးဆရာများဖြစ်ကြသည့် စောခူအေး၊ ခိုင်ယွန်းခင်၊ ခင်ဦး (ပုတီးကုန်း)တို့၏ ဝတ္ထုတိုများ၊ ဆင်ဖြူကျွန်းအောင်သိန်း၊ မင်းယုဝေနှင့် နိုင်ဇော်တို့၏ ဝတ္ထုတို၊ ဝတ္ထုရှည်များအပြင် မင်းတင်သိန်း (ပွင့်လျက်)၊ မြေလတ်မောင်ချစ်ဖူး၊ ကောက်ရိုးနွယ်(ရွှေကူ)တို့၏ မြန်မာ့ရိုးရာဟာသများကို နှစ်သက်ဖွယ်ရာ ဖတ်ရှုကြရမည် ဖြစ်သည်။ငွေတာရီမဂ္ဂဇင်းကို အမှတ် ၁၈၁ ၃၂လမ်း(အထက်) ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၇၁၂၄၄နှင့် အမှတ် ၁၅ တပ်မြေ မိုးကောင်းဘုရားလမ်း ၁၅ရပ်ကွက် ဘောက်ထော် ရန်ကင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၅၈၂၇၃ တို့သို့ ဆက်သွယ်မှာကြား ဝယ်ယူဖတ်ရှုနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းလှိုင် ဒီဇင်ဘာ ၃၀ရက်က အုတ်ဖိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးသော မြို့ပြနှင့်ကျေးလက် ကတ္တရာထပ်ပိုးလွှာလမ်းများ၊ မြို့ရေပေးရေး ရေစင်နှင့် ရေစက်ပြုပြင်ခြင်းလုပ်ငန်းများ၊ ကျေးလက်စက်ရေတွင်းနှင့် တုံကင်ရေတွင်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ မြို့ရေဆိုးထုတ်မြောင်း တူးဖော်ဆောင်ရွက်ထားမှုအခြေအနေကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်အောင်သန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးထွန်းမြင့်အောင်တို့က လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြစဉ်။

(မြို့နယ်စည်ပင်)

ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ် အမှတ်(၂၅) A-4နေ ဇနီးဒေါ်ခင်ဝင်းနွယ်က ဗိုလ်ချုပ်အောင်လှိုင်အား ရည်စူး၍ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန် (ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် နှစ်သိန်းပေးအပ်လှူဒါန်းရာ နာယကဗိုလ်မှူးချုပ်အောင်ယဉ်လှ(ငြိမ်း)က လက်ခံယူစဉ်။

(ကင်ဆာဖောင်ဒေးရှင်း)

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ယဉ်ကျေးမှု၊ အားကစားနှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Hoang Tuan Anhအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ယဉ်ကျေးမှုနှင့် ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး H.E.Mr. Mounkeo ORABOUN အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကမ္ဘောဒီးယားနိုင်ငံ ယဉ်ကျေးမှုနှင့် အနုပညာဝန်ကြီးဌာန ဝန်ကြီး H.E. Mr.Him Chhem အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

■ ရှေ့မှ

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြပြီး ကမ္ဘောဒီးယားနိုင်ငံ ယဉ်ကျေးမှုနှင့် အနုပညာ ဝန်ကြီးဌာန ဝန်ကြီး H.E. Mr.Him Chhem၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ယဉ်ကျေးမှုနှင့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Mounkeo ORABOUN၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ယဉ်ကျေးမှု၊ အားကစားနှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Hoang Tuan Anh နှင့် ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံတို့မှ ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်ကြီးသာအေး ရေဝတီတံတား(စင်းခန်း) တည်ဆောက်မှု စစ်ဆေး လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ တည်ဆောက်ရန် မှာကြား

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး ရေဝတီတံတား (စင်းခန်း) တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၂၃

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၂၀ရက် နံနက်ပိုင်းက ကသာ-ဗန်းမော် ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း ဗန်းမော်-မန်စီလမ်းပိုင်း ဖောက်လုပ်ရေး၏ မီးရထားလမ်းကြောင်းနေရာကိုလည်းကောင်း၊ ရေခူး-မန်ခံကျေးရွာအနီး မီးရထား လမ်းကြောင်း ဖောက်လုပ်နေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ရေဝတီမြစ် ဒုတိယ မြစ်ကျဉ်းအထက် ကချင်ပြည်နယ် ဗန်းမော်ခရိုင် စင်းခန်းကျေးရွာအနီး ကားလမ်းနှင့် ရထားလမ်းယှဉ်တွဲပါရှိသည့် ရေဝတီ တံတား(စင်းခန်း) တည်ဆောက်ရေး ရှင်းလင်းဆောင်သို့ရောက်ရှိရာ တာဝန်ခံ စီမံကိန်း အင်ဂျင်နီယာက တံတား တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယ ဗိုလ်ချုပ်ကြီးသာအေးက လုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ တည်ဆောက်ရန် မှာကြားကာ ပင်မရှင်းလင်းဆောင်မှ ရေလယ်တိုင် တည်ဆောက်နေမှု၊ ပင်မတံတားရေလယ်တိုင် တည်ဆောက်နေမှုနှင့် ကမ်းကပ်ခုံ ဘိုးပိုင်တူးဖော်နေမှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ပေါင်းနက်တမံ

ဆက်လက်၍ ဗန်းမော်ခရိုင် ရွှေကူ မြို့နယ် စီသောင်ရွာအနီးရှိ ပေါင်းနက် ရေလှောင်တမံစီမံကိန်းသို့ ရောက်ရှိပြီး စီမံကိန်းလုပ်ငန်းခွင်အတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးကာ မန္တလေး-တကောင်း- ဗန်းမော်- မြစ်ကြီးနားလမ်းကို ကြည့်ရှု စစ်ဆေးသည်။

ပြုစုပျိုးထောင်ထား

ထို့နောက် ငါးအိုး-မဘိမ်း လမ်းဘေး ဝဲယာတစ်လျှောက်ရှိ ပုဂ္ဂလိကကျွန်းစိုက်ခင်းများ ပြုစုပျိုးထောင်ထားမှုများကိုလည်းကောင်း၊ ကျွန်းစိုက်ခင်းရှုရပ်မှနေ၍ အောင်မြင်ဖြစ်ထွန်းနေသည့် ကျွန်းနှင့် သစ်မာပင်များကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မဘိမ်းတပ်နယ် ဧည့်ခန်းမ၌ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဒုတိယ ဗိုလ်ချုပ်ကြီးသာအေးက စီးပွားရေး၊ လူမှုရေး၊ ပညာရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များကို မှာကြားသည်။

မှာကြား

ယင်းနောက် ငါးအိုး-မဘိမ်းလမ်းပိုင်း အခြေအနေများကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးပြီး မဘိမ်းမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေး ခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံ၍ ဒုတိယဗိုလ်ချုပ်ကြီးသာအေး က ဒေသဖွံ့ဖြိုးတိုးတက်ရေး ကိစ္စများကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းအား တရုတ်ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၃

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ China CAMC Engineering Co., Ltd. ဥက္ကဋ္ဌ Madam Luo Yan ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲ ၁နာရီတွင် နေပြည်တော်ရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး၏ဧည့်ခန်းသို့ လာရောက်တွေ့ဆုံပြီး အကြီးစားဒီဇယ်အင်ဂျင်ထုတ်လုပ်ရေး စီမံကိန်းဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

တက်ရောက်

ယင်းသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထူးခြားသည့် ညအပူချိန်

၂၃-၁-၂၀၁၀

ဟားခါး	-၂	ဒီဂရီစင်တီဂရိတ်
ပူတာအို	၂	ဒီဂရီစင်တီဂရိတ်
ဟဲဟိုး	၂	ဒီဂရီစင်တီဂရိတ်
မိုးကုတ်	၂	ဒီဂရီစင်တီဂရိတ်
မချမ်းဘော	၄	ဒီဂရီစင်တီဂရိတ်
လားရှိုး	၅	ဒီဂရီစင်တီဂရိတ်
နမ့်စန်	၅	ဒီဂရီစင်တီဂရိတ်
ပြင်ဦးလွင်	၅	ဒီဂရီစင်တီဂရိတ်

ကမ္ဘာ့စီးပွားရေးနယ်ပယ်၌ တရုတ်စီးပွားရေးပမာဏ ဒုတိယအကြီးမားဆုံးဖြစ်လာ

ပေကျင်း ဇန်နဝါရီ ၂၃

၂၀၀၉ခုနှစ်အတွင်း၌ တရုတ်နိုင်ငံတွင် အသားတင်ထုတ်လုပ်မှုတန်ဖိုး ၈ဒသမ၇ရာခိုင်နှုန်းအထိ မြင့်မားခဲ့သဖြင့် တရုတ်နိုင်ငံ၏ စီးပွားရေးလုပ်ငန်းပမာဏသည် ဂျပန်နိုင်ငံကိုကျော်လွန်ကာ ကမ္ဘာ့စီးပွားရေးနယ်ပယ်၌ ဒုတိယအကြီးဆုံး ဖြစ်လာကြောင်း နောက်ဆုံးရတရားဝင် စာရင်းအင်းများအရ သိရသည်။

တိုးတက်

တရုတ်အစိုးရသည် ၂၀၀၈ခုနှစ်အတွင်း ကမ္ဘာ့စီးပွားရေးပျက်ကပ်ဒဏ်ခံစားရချိန်တွင် စီးပွားရေးဆိုင်ရာမက်လုံးများအတွက် အမေရိကန်ဒေါ်လာ ၅၈၅ဘီလီယံအထိ သုံးစွဲခဲ့ရပြီးနောက် တရုတ်စီးပွားရေးလုပ်ငန်းများ၏ ပမာဏမှာ အရှိန်အဟုန်ဖြင့် ပြန်လည်တိုးတက်လာခဲ့ခြင်းဖြစ်သည်။ စီးပွားရေးလုပ်ငန်းပမာဏအကြီးမားဆုံးနိုင်ငံမှာ အမေရိကန်နိုင်ငံ ဖြစ်သည်။ ***အမ်အင်န်အေ၊ ဆင်ဟွာ***

ဘိုဟိုင်းပင်လယ်ရေမျက်နှာပြင် ၄၅ ရာခိုင်နှုန်း ရေခဲလျက်ရှိ

ပေကျင်း ဇန်နဝါရီ ၂၃

တရုတ်နိုင်ငံအရှေ့ပိုင်းရှိ ဘိုဟိုင်းပင်လယ်ပြင်၏ ၄၅ ရာခိုင်နှုန်းမှာ ရေခဲများ လွှမ်းမိုးလျက်ရှိကြောင်း၊ ယင်းမှာ ပြီးခဲ့သည့် ၁၀ စုနှစ်လေးခုကျော်ကထက် တစ်စထက်တစ်စများပြားလာခြင်းဖြစ်ကြောင်း တရုတ်အမျိုးသားရေကြောင်းထိန်းသိမ်းမှုဌာနက ဇန်နဝါရီ ၂၂ ရက်တွင် သတင်းထုတ်ပြန်သည်။

တိုးလာ

ပြီးခဲ့သည့်ရက်သတ္တတစ်ပတ်ကျော်၌ ဘိုဟိုင်းပင်လယ်ပြင်၏ ၄၀ရာခိုင်နှုန်းခန့်သာ ရေခဲလျက်ရှိရာမှ ယခုအခါ ပင်လယ်ရေခဲမှုမှာ ၄၅ ရာခိုင်နှုန်းသို့တိုးလာကြောင်း၊ ဘိုဟိုင်းပင်လယ်ပြင်မှာ တရုတ်နိုင်ငံမြို့တော် ပေကျင်းနှင့် နီးကပ်စွာတည်ရှိကာ ကမ္ဘာ့ရေကြောင်းသွားလာမှုအများဆုံး ပင်လယ်များတွင် တစ်ခုအပါအဝင်ဖြစ်ကြောင်း သိရသည်။ အမ်အင်န်အေ၊ဆင်ဟွာ

ကာတွန်းဇာတ်ကောင်ရုပ်များ

တရုတ်နိုင်ငံ ဟောင်ကောင်ဒေသ၌ ကျင်းပလျက်ရှိသည့် အပြည်ပြည်ဆိုင်ရာ တီထွင်ဆန်းသစ် အနုပညာပွဲတော်တွင် ပြသထားသော ကာတွန်းဇာတ်ကောင်ရုပ်များကို ဇန်နဝါရီ ၂၀ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

တောင်ကိုရီးယားတပ်ဖွဲ့ဝင် ၂၅၀ ဟေတီနိုင်ငံသို့ စေလွှတ်မည်

ဆိုးလ် ဇန်နဝါရီ ၂၃

ငလျင်ဒဏ်ခံနေရသည့် ဟေတီနိုင်ငံရှိ ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့သို့ တောင်ကိုရီးယားနိုင်ငံမှ တပ်ဖွဲ့ဝင် ၂၅၀ကို မတ်လအစောပိုင်းတွင် စေလွှတ်ရန်ဆုံးဖြတ်ထားကြောင်း အဆင့်မြင့်အရာရှိများ၏ ပြောကြားချက်ကို ကိုးကားပြီး တောင်ကိုရီးယားမီဒီယာများက ဇန်နဝါရီ ၂၂ ရက်တွင် သတင်းထုတ်ပြန်သည်။

အခြေအနေ အကဲဖြတ်ရေးအတွက် မကြာမီတွင် အဖွဲ့ဝင် ၁၀ဦးပါသောအဖွဲ့ကို တောင်ကိုရီးယားအစိုးရက ဟေတီသို့ စေလွှတ်မည်ဟုသိရသည်။ တောင်ကိုရီးယားနိုင်ငံသည် ဟေတီနိုင်ငံ၏ ရေတို၊ ရေရှည် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာတစ်သန်း ထောက်ပံ့ရန် ရည်ရွယ်ပြီးနောက် ဒေါ်လာ ၁၀သန်းအထိ ပို့ပေးရန် ယခုရက်သတ္တပတ်အစောပိုင်းက ဆုံးဖြတ်လိုက်ကြောင်း အဆိုပါသတင်း၌ ဖော်ပြထားသည်။ **(အင်တာနက်)**

ဆိုမာလီယာသို့ လက်နက်များတင်ပို့နေမှု အမေရိကန်တို့ ရပ်ဆိုင်းရန် အေအိုင်အဖွဲ့တောင်းဆို

လန်ဒန် ဇန်နဝါရီ ၂၃

အမေရိကန်နိုင်ငံသည် ကျယ်ကျယ်ပြန့်ပြန့် ပြောင်ပြောင်တင်းတင်း ညှဉ်းပန်းနှိပ်စက်ရာတွင် အသုံးပြုနိုင်သည့် လက်နက်များကို ဆိုမာလီယာနိုင်ငံသို့တင်ပို့နေကြောင်း နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့(အေအိုင်)က စွပ်စွဲပြောကြားလိုက်သည်။

ဖော်ပြ

အမေရိကန်နိုင်ငံက ဆိုမာလီယာနိုင်ငံသို့ ပေးပို့နေသည့်ပစ္စည်းများတွင် စိန်ပြောင်းများ၊လက်နက်ခဲယမ်းမီးကျောက်များ အပါအဝင် လက်နက် ပိုမိုဝယ်ယူနိုင်ရေးအတွက် ငွေကြေးများလည်းပါဝင်ကြောင်း အဆိုပါနိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ (အေအိုင်)က ဇန်နဝါရီ ၂၁ရက်၌ ထုတ်ပြန်သည့် အစီရင်ခံစာ၌ ဖော်ပြသည်။

တောင်းဆို

ဆိုမာလီယာအစိုးရအနေဖြင့် မခွဲမခြားတိုက်ခိုက်ရာတွင် အဆိုပါလက်နက်များကို အသုံးပြုနိုင်ကြောင်းဖြင့်လည်း နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က ပြောကြားသည်။ ဆိုမာလီယာနိုင်ငံတွင် လုံခြုံစိတ်ချရမှုမရှိမချင်း လက်နက်များ ဆက်လက်တင်ပို့မှုကို ဆိုင်းငံ့ထားရန်လည်း အမေရိကန်နိုင်ငံအား နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က တောင်းဆိုလိုက်သည်။ **(အင်တာနက်)**

နယ်သာလန်သို့ ဗီယက်နမ်ကုန်ပစ္စည်းတင်ပို့မှု ၂၀၀၉ခုနှစ်အတွင်း ၁၄ရာခိုင်နှုန်းကျော်ကျဆင်းခဲ့

ဟနွိုင်း ဇန်နဝါရီ ၂၃

လွန်ခဲ့သည့် ၂၀၀၉ခုနှစ် ပထမ ၁၁လတွင် ဗီယက်နမ်နိုင်ငံမှ နယ်သာလန်နိုင်ငံသို့ တင်ပို့သည့်ပို့ကုန်ပမာဏသည် နှစ်အလိုက် နှိုင်းယှဉ်ကြည့်ပါက ၁၄ဒသမ ၁ရာခိုင်နှုန်းကျဆင်းပြီး အမေရိကန်ဒေါ်လာ ၁ဒသမ ၂ဘီလီယံဖိုးသာရှိခဲ့ကြောင်း ဗီယက်နမ် စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာန ပြန်ကြားရေးဌာနစိတ်က ဇန်နဝါရီ ၂၁ရက်၌ သတင်းထုတ်ပြန်သည်။

ဗီယက်နမ်ပို့ကုန်မှရရှိသည့် ငွေပမာဏ သိသိသာသာ လျော့နည်းသွားရခြင်း အကြောင်းရင်းမှာ နယ်သာလန်နိုင်ငံသို့ ပို့သည့် ဗီယက်နမ်နိုင်ငံ၏ အဓိကပို့ကုန်ပစ္စည်းအမျိုးအမည် အများအပြားလျော့နည်းသွားခြင်းကြောင့်ဖြစ်ကြောင်း၊ ဗီယက်နမ်နိုင်ငံ၏ အဓိကပို့ကုန်များတွင် ဖိနပ်၊ ပင်လယ်အစားအစာ၊ သီဟိုဠ်စေ့၊ အဝတ်အထည်နှင့် အထည်အလိပ်တို့အပြင် ပလတ်စတစ်ပစ္စည်းများ ပါဝင်ကြောင်း ယင်းသတင်း၌ ပါရှိသည်။

လျော့နည်း

လွန်ခဲ့သည့်နှစ် ဇန်နဝါရီနှင့် နိုဝင်ဘာလအတွင်း နယ်သာလန်နိုင်ငံသို့ ဗီယက်နမ်နိုင်ငံကတင်ပို့သည့် ပို့ကုန်ပစ္စည်းများအနက် ဖိနပ်ပို့ကုန်သည် အများဆုံးဖြစ်ပြီး ပို့ကုန်ပစ္စည်းများအားလုံး၏ ၂၀ဒသမ၈ရာခိုင်နှုန်းရှိကြောင်း၊ နှစ်အလိုက် နှိုင်းယှဉ်ကြည့်လျှင် ၂၈ဒသမ၁ရာခိုင်နှုန်း လျော့နည်းသွားကြောင်း ဖော်ပြသည်။

ကျဆင်း

လွန်ခဲ့သည့်နှစ် ပထမ၁၁လအတွင်း နယ်သာလန်နိုင်ငံသို့ ဗီယက်နမ်နိုင်ငံက တင်ပို့သည့် ပို့ကုန်များအနက် ဒုတိယအများဆုံးပို့ကုန်မှာ အီလက်ထရွန်နစ်ပစ္စည်းဖြစ်ပြီး နှစ်အလိုက်နှိုင်းယှဉ်ကြည့်ပါက ၁၄ရာခိုင်နှုန်းကျဆင်းကာ အမေရိကန်ဒေါ်လာ ၁၇၁ဒသမ ၆သန်းသာရရှိသည်ဟုလည်း ဖော်ပြထားသည်။ **(အင်တာနက်)**

အပျက်အစီး

ပါကစ္စတန်နိုင်ငံ ပက်ရှ်ဝါမြို့၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဇန်နဝါရီ ၂၃ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အာဖဂန်၌ စစ်ဆင်ရေးဆင်နွှဲ

ကဘူးလ် ဇန်နဝါရီ ၂၃

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့မြောက်ပိုင်း၌ စစ်ဆင်ရေးဆင်နွှဲမှုအတွင်း စစ်သွေးကြွခေါင်းဆောင်တစ်ဦး အပါအဝင် စစ်သွေးကြွ ၁၅ဦးထက်မနည်းသေဆုံးကြောင်း အာဖဂန်တာဝန်ရှိသူများက ပြောကြားသည်။

ဒဏ်ရာရ

ဘာဒစ်ပြည်နယ် ဘာလမ်မိုဂတ်ခရိုင်၌ နေတိုးနှင့်အာဖဂန် ပူးပေါင်းတပ်ဖွဲ့များက ဇန်နဝါရီ ၂၀ရက် နှောင်းပိုင်းတွင် မြေပြင်နှင့်လေကြောင်းမှ ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ တာလီဘန်တို့ကမူ စစ်သွေးကြွငါးဦး ဒဏ်ရာရရှိသည်ဟု အတည်ပြုပြောကြားသည်။ **(အင်တာနက်)**

ပါကစ္စတန်အနောက်မြောက်ပိုင်း၌ စစ်သွေးကြွဆန့်ကျင်ရေးခေါင်းဆောင်နှစ်ဦး လမ်းဘေးဗုံးကြောင့်သေဆုံး

အစ္စလမ္မာဘတ် ဇန်နဝါရီ ၂၃

ပဋိပက္ခဖြစ်ပွားနေသော ပါကစ္စတန် အနောက်မြောက်ပိုင်းဒေသ၌ ဇန်နဝါရီ ၂၃ရက်က အင်အားပြင်းထန်သည့် လမ်းဘေးဗုံးပေါက်ကွဲသဖြင့် စစ်သွေးကြွဆန့်ကျင်ရေး တိုင်းရင်းသားလူမျိုးစု အကြီးအကဲနှစ်ဦးနှင့် အမျိုးသမီးတစ်ဦး သေဆုံးသွားကြောင်း သတင်းရရှိသည်။

ပေါက်ကွဲ

ဗုံးပေါက်ကွဲမှုကြောင့် အခြားလူ ၂၀ဒဏ်ရာရရှိသွားကြောင်း၊ ဘာဂျာတိုင်းရင်းသားလူမျိုးစုဒေသတွင် ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဒဏ်ရာရရှိသူ ၂၀အနက် လေးဦးမှာ စိုးရိမ်ရသည့် အခြေအနေရှိကြောင်းလည်း သတင်းများက ဖော်ပြသည်။

အဓိကပစ်မှတ်

ဗုံးဖောက်ခွဲမှု၏ အဓိကပစ်မှတ်မှာ ထိုဒေသ၏အဓိကမြို့ဖြစ်သည့် ခါမြို့သို့ မောင်းနှင်နေသော ဘတ်စ်ကားတစ်စီးဖြစ်သည်ဟုလည်း သတင်းများတွင်ဖော်ပြထားသည်။

ယင်းဘတ်စ်ကားပေါ်တွင် တိုင်းရင်းသားလူမျိုးစုခေါင်းဆောင် အများအပြား လိုက်ပါလာကြောင်း၊ ယင်းတိုင်းရင်းသား လူမျိုးစုခေါင်းဆောင်များသည် ထိုဒေသရှိ အစွန်းရောက်ဝါဒီများကို တိုက်ခိုက်ရန် ပြည်သူ့စစ်ဖွဲ့စည်းပေးထားသူများဖြစ်ကြောင်း ဒေသဆိုင်ရာ အရာရှိများက ပြောကြားသည်။ **(အင်တာနက်)**

လေယာဉ်လမ်းချော်

မက္ကဆီကိုနိုင်ငံ တီကျူနာလေဆိပ်သို့ မက္ကဆီကို လေကြောင်းလိုင်းမှ ခရီးသည်တင်လေယာဉ် ဆင်းသက်စဉ် လမ်းချော်မှု ဖြစ်ပွားခဲ့သည်ကို ဇန်နဝါရီ ၂၁ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

ယီမင်၌ ဒုံးကျည်ထိမှန်၍ ကလေး လေးဦးသေဆုံး

ဆာနား ဇန်နဝါရီ ၂၃

ယီမင်နိုင်ငံမြောက်ပိုင်းတွင် ဇန်နဝါရီ ၂၃ရက်က စစ်ပွဲများကြောင့် ထွက်ပြေးတိမ်းရှောင်နေသူများစခန်းချရာသို့ ဒုံးကျည်များထိမှန်ခဲ့ရာ ကလေးငယ်လေးဦး သေဆုံးပြီး ၁၅ဦး ထိခိုက်ဒဏ်ရာရရှိသွားခဲ့ကြောင်း ဒေသဆိုင်ရာမီဒီယာများက သတင်းထုတ်ပြန်သည်။

ယီမင်တပ်ဖွဲ့ဝင်များနှင့် သောင်းကျန်းသူများအကြား တိုက်ပွဲဖြစ်ပွားစဉ် ယင်းဒုံးကျည်များ ထိမှန်ခဲ့ခြင်းဖြစ်ကြောင်း၊ ဆာနားမြို့အုပ်ချုပ်ရေးအဖွဲ့က ပြောကြားသည်။ **(အင်တာနက်)**

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်မောင်ဆွေ - စုစည်းရေးသားသည်

စတတ်ဆွေးနွေးပွဲ ဖေဖော်ဝါရီတွင် ပြန်စမည်

ရုရှားနှင့် အမေရိကန်ပြည်ထောင်စုတို့သည် နောက်ထပ်ချုပ်ဆိုမည့် မဟာဗျူဟာလက်နက်လျှော့ချရေးသဘောတူစာချုပ်(စတတ်)ချုပ်ဆိုရေးဆွေးနွေးပွဲကို ဖေဖော်ဝါရီလဆန်းပိုင်းတွင် စတင်ကျင်းပသွားမည်ဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့ဗ်က ဇန်နဝါရီ ၂၃ရက်တွင် ပြောကြားသည်။ နှစ်ဦးနှစ်ဖက် မဖြေရှင်းရသေးဘဲ ကျန်နေသည့်ပြဿနာရပ်များကို ဆွေးနွေးပွဲပြန်စတင်သည့်အခါ ပြေလည်အောင်ဖြေရှင်းသွားနိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်းဖြင့်လည်း ဆက်လက်ပြောကြားသည်။

ကန်အကျဉ်းထောင်များ၌ ဝမ်းကိုက်ပိုးများကူးစက်

အမေရိကန်ပြည်ထောင်စု တက္ကဆက်ပြည်နယ်ရှိ အကျဉ်းထောင် ၁၆ခုထက်မနည်းတွင် အလွန်ကူးစက်လွယ်သော ဝမ်းကိုက်ရောဂါများ ကူးစက်ပြန့်ပွားနေကြောင်း နိုင်ငံတော် အကျဉ်းစခန်းများဆိုင်ရာ ပြောခွင့်ရပုဂ္ဂိုလ်က ဇန်နဝါရီ ၂၂ရက်၌ ပြောကြားသည်။

ဘိုလီးဗီးယားသမ္မတ ကျမ်းသစ္စာကျိန်ဆို

ဘိုလီးဗီးယားသမ္မတအီဗိုမိုရဲလ်သည် ဘိုလီးဗီးယားနိုင်ငံ၏ သမ္မတအဖြစ် ဒုတိယသက်တမ်းတာဝန်ကို ထမ်းဆောင်ရန် ဇန်နဝါရီ ၂၂ရက်က ကျမ်းသစ္စာကျိန်ဆိုကြောင်း၊ တစ်ချိန်တည်းမှာပင် လူမျိုးစုံအမျိုးသားနိုင်ငံတော်ထူထောင်သည့် အခမ်းအနားကိုလည်း ကျင်းပကြောင်း ဘိုလီးဗီးယားဥပဒေပြုလွှတ်တော်ဥက္ကဋ္ဌ အယ်ဗာရိုဂါဆီယာဦးဆောင်၍ အခမ်းအနားကို ကျင်းပခြင်းဖြစ်သည်။

ခွဲစိတ်၍မဖြစ်နိုင်သည့် ကိုယ်ချင်းဆက်အမြွှာ မွေးဖွား

တောင်အာဖရိကနိုင်ငံ အမ်သာသာမြို့ရှိ နယ်လ်ဆင်မန်ဒဲလား အကယ်ဒမီဆေးရုံ၌ မိန်းကလေးကိုယ်ချင်းဆက်အမြွှာပူးမွေးဖွားကြောင်း၊ ယင်းကိုယ်ချင်းဆက်အမြွှာပူးကို ခွဲစိတ်ကုသခြင်း မပြုနိုင်ကြောင်း အရှေ့ပိုင်းကိပ်ပြည်နယ်ကျန်းမာရေးဌာနက ဇန်နဝါရီ ၂၃ ရက်တွင် သတင်းထုတ်ပြန်သည်။ ယင်းကလေးငယ်များသည် နှလုံးချင်းဆက်နေသကဲ့သို့ အသည်းချင်းလည်းဆက်နေသည့်အပြင် မုန့်ချိုအိတ် (ပန်ကရိယ) ချင်းလည်းဆက်နေကြောင်းဖြင့် ဆေးရုံမှ ပြောခွင့်ရပုဂ္ဂိုလ်က ပြောကြားသည်။

အီတလီ၌ ရာဇဝတ်ဂိုဏ်းခြိမ်းခြောက်မှု ကင်းတော့မည်ဟုဆို

အီတလီနိုင်ငံသည် ယခုအခါ ပိုမိုကြံ့ခိုင်တောင့်တင်းသည့်နိုင်ငံဖြစ်လာပြီဖြစ်ကြောင်း၊ ရာဇဝတ်ဂိုဏ်း(မာဖီးယားဂိုဏ်း)၏ ခြိမ်းခြောက်အန္တရာယ်ပြုခြင်းခံရမည်မဟုတ်တော့ကြောင်း အီတလီတရားရေးဝန်ကြီး အန်ဂျီလီနိုအယ်ဖာနိုက ဇန်နဝါရီ ၂၂ရက်တွင် ပြောကြားသည်ဟု အီတလီနိုင်ငံ အက်ဂီသတင်းဌာနက ဖော်ပြသည်။

အမေရိကန် လေယာဉ်မှူး ၁၇၅ ဦး ထုတ်ပယ်မည်

ကမ္ဘာပေါ်တွင် ဒုတိယအကြီးဆုံး လေကြောင်းလိုင်းကြီးဖြစ်သော အမေရိကန်လေကြောင်းလိုင်းသည် ပြီးခဲ့သည့် နှစ်နှစ်အတွင်း ၃ ဘီလီယံခွဲကျော် အရှုံးပေါ်နေခဲ့သဖြင့် ယခု ၂၀၁၀ခုနှစ် ပထမနှစ်ဝက်တွင် လေယာဉ်မှူး ၁၇၅ဦးအား အလုပ်မှ ထုတ်ပယ်မည်ဖြစ်ကြောင်း ဇန်နဝါရီ ၂၃ ရက်၌ ပြောကြားသည်။

အင်ဒိုနီးရှား ဆူလာဝေစီ၌ ရေလွှမ်း၍ ရှစ်ဦးသေဆုံး

အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်းဆူလာဝေစီပြည်နယ် ကိုလာကာဒေသတွင် ဇန်နဝါရီ ၂၂ရက်က ရုတ်တရက်ရေလွှမ်း၍ ရှစ်ဦးသေဆုံးပြီး လေးဦးပျောက်ဆုံးနေကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဂျကာတာမြို့၌ ဇန်နဝါရီ ၂၃ ရက်က သတင်းထုတ်ပြန်သည်။(အပေါ်ပုံ) *(အင်တာနက်)*

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ရွှေပြည်သာမြို့နယ် (၁၅)ရပ်ကွက်၌ ဆွေးနွေး

ရန်ကုန် ဇန်နဝါရီ ၂၃

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ ပူးပေါင်းဖွင့်လှစ်သည့် စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး၊ စာအုပ်စာစောင်များတိုးပွားရေး၊ စံ(၅)ချက်နှင့်ညီသော စာကြည့်တိုက်များဖြစ်ပေါ်လာရေး၊ စာငှားကတ်စနစ်ကျင့်သုံးရေးအတွက် တွေ့ဆုံဆွေးနွေးပွဲကို ဇန်နဝါရီ ၂၁ ရက် နံနက် ၁၁ နာရီက ရွှေပြည်သာမြို့နယ် အမှတ် (၁၅)ရပ်ကွက်ရှိ သိဒ္ဓိအောင်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်၌ ကျင်းပသည်။

ဆွေးနွေးပြောကြား

အခမ်းအနားသို့(၁၅)ရပ်ကွက်အတွင်းရှိ စာကြည့်တိုက်များမှ ကော်မတီဝင်များနှင့် စာပေဝါသနာရှင်များ တက်ရောက်ကြပြီး (၁၅)ရပ်ကွက်ဥက္ကဋ္ဌ ဦးကျော်စိုးထွန်းက အမှာစကားပြောကြားကာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်အုံးညွန့်က စံ(၅)ချက်နှင့်ညီသော စာကြည့်တိုက်များ ဖြစ်ပေါ်လာရေး၊ စာငှားကတ်စနစ် ကျင့်သုံးဆောင်ရွက်ရေးတို့ကို ဆွေးနွေးပြောကြားသည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

အလိမ္မာ စာမှာရှိ

မြတ်ဂုဏ်ရည်စာကြည့်တိုက် တောင်ငူမြို့နယ် ဂုဏ်မင်းအိုင်ကျေးရွာ၌ဖွင့်

တောင်ငူ ဇန်နဝါရီ ၂၃

ပဲခူးတိုင်း(အရှေ့ပိုင်း) တောင်ငူခရိုင် တောင်ငူမြို့နယ် ကမ်နီကျေးရွာအုပ်စု ဂုဏ်မင်းအိုင်ကျေးရွာရှိ မြတ်ဂုဏ်ရည် စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၈ ရက် နံနက်ပိုင်းက အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ စာကြည့်တိုက်ကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်အောင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်စိုးလင်းနှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးတင်ကြိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ဟောပြောဆွေးနွေး

ဆက်လက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးက စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ကေတုမတီအေးရွှေက စာပေဖတ်ရှုခြင်းဖြင့် ရရှိလာသော အကျိုးကျေးဇူးများအကြောင်း သိကောင်းစရာများကို ဟောပြောဆွေးနွေးသည်။

လှူဒါန်း

ယင်းနောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက စာအုပ်စာစောင် ၁၀၀၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက သုတရသဂျာနယ်မျိုးစုံ ၁၀၀၊ စေတနာရှင် အလှူရှင်များက လှူဒါန်းသော ဂျာနယ်၊ မဂ္ဂဇင်း အုပ်ရေ ၂၅၀ တို့ကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်မှူး ဦးအောင်ခင်က လက်ခံယူပြီး ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးတင်ကြိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မင်္ဂလာလမ်းနေ နိုင်ငံတော်ပြည်သူ့ရဲ့တရားရုံးချုပ်ရှေ့နေ ဦးသန်းအောင်-ဒေါ်ရီရီဝင်း မိဘနှစ်ပါးတို့အား ဦးထိပ်ထား၍ သား ဦးသိန်းသန်းနှင့် ဒေါက်တာဒေါ်ဇင်နွယ်လင်း မိသားစုတို့က ဦးသိန်းသန်း၏ မွေးနေ့အထိမ်းအမှတ်အတွက် ဇန်နဝါရီ ၂၁ရက်က ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။

(ဘိုးဘွားရိပ်သာ)

ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက် မြင်းမူမြို့နယ် နဘဲကြူးကျေးရွာ၌ ဖွင့်

မြင်းမူ ဇန်နဝါရီ ၂၃

မြင်းမူမြို့နယ် နဘဲကြူးကျေးရွာ ဉာဏ်လင်းရောင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၃ ရက် နံနက် ၁၀ နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပရာ ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သောင်း၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်နိုင်စိုး၊ ကျေးရွာဥက္ကဋ္ဌ ဦးမောင်ဦးတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

ထို့နောက် စာအုပ်စုပေါင်းလှူဒါန်းပွဲ အခမ်းအနားကိုကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သောင်းနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်နိုင်စိုးတို့က စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းပြီး တာဝန်ရှိသူအသီးသီးက လက်ခံယူသည်။ အဆိုပါစာကြည့်တိုက်ကို အလှူရှင်များ၏ လှူဒါန်းငွေကျပ် ၁၀သိန်းဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ (၀၃၅)

ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ညွန့်ရုပ်ရှင်ရုံလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ဇန်နဝါရီ ၁၈ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင် အရာရှိ ဦးထွန်းမြိုင်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးအောင်ကျော်လူတို့က ရှင်းလင်း တင်ပြစဉ်။

(မြို့နယ်စည်ပင်)

* ရွှေဖုံးမှ

ယခု ၂၀၁၀ခုနှစ်ဦး၌မူ မြန်မာ့အလင်း သတင်းအဖွဲ့သည် ဦးဦးဖျားဖျား ဆည်တမံလေ့လာရေးခရီးစဉ်အဖြစ် မကွေးတိုင်းသို့ ဦးတည်ထွက်ခွာခဲ့ကြသည်။ ရန်ကုန်မှ ပခုက္ကူသို့ ဇန်နဝါရီ ၁၄ရက်တွင် ထွက်ခွာခဲ့ကြရာ ဇန်နဝါရီ ၁၅ရက် နံနက်တွင် ပခုက္ကူသို့ ရောက်ရှိကြသည်။ မိမိတို့သတင်းအဖွဲ့အား ပခုက္ကူဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံးမှ လာရောက်ကြိုပါသည်။ ထိုနည်းတူစွာပင် ပခုက္ကူဆည်မြောင်းဦးစီးဌာန လက်ထောက်

"မိုးရေကိုအမှီပြုပြီး စိုက်ပျိုးရတဲ့ ဒုက္ခက ကင်းဝေးသွားပါပြီ"
ဦးခင်မောင်ထွား (တောင်သူ)
လေယာဉ်ကွင်းရပ်ကွက်
ကျောက်ထုမြို့။

ညွှန်ကြားရေးမှူး ဦးမောင်မောင်လွင်က ဆည်မြောင်း ရုံးမှစောင့်နေပြီး ထိုနေ့နံနက်မှာပင် သန်းဥချောက် ရေလှောင်တမံတည ရှိရာ မကွေးတိုင်းဂန့်ဂေါခရိုင် ကျောက်ထုမြို့သို့ဦးမောင် မောင်လွင်ဦးဆောင်၍ ခရီးဆက်ခဲ့ကြသည်။

အကျိုးကျေးဇူး

သတင်းအဖွဲ့သည် သန်းဥချောက် ရေလှောင်တမံသို့ ရောက်ရှိပြီးနောက် ရှေးဦးစွာ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်လွင်က သန်းဥချောက် ရေလှောင်တမံ တည်ဆောက်ခြင်းနှင့် ပတ်သက်၍ ရှင်းပြရာတွင် "ဂန့်ဂေါခရိုင်တွင် အစိုးရတည်ဆောက်ပေးသော ဆည်နှစ်ခုသာရှိကြောင်း၊ ၎င်းတို့မှာ ဂန့်ဂေါတွင်ရှိသော တောင်ခရမ်းဆည်နှင့် ကျောက်ထုတွင်ရှိသော သန်းဥချောက်ဆည် နှစ်ခုသာရှိကြောင်း၊ ဂန့်ဂေါမှ ဆည်သည် ဧက ၅၇၀၀ စိုက်ပျိုးရေပေးဝေနိုင်ပြီး သန်းဥချောက်ဆည်မှ ၂၅၆ ဧကအတွက် စိုက်ပျိုးရေပေးဝေရန် လျာထားကြောင်း၊ တောင်ပေါ်ဒေသတွင်

ယခုကဲ့သို့ဆည်များ တည်ဆောက်ပေးခြင်းအားဖြင့် ရလာမည့်အကျိုးကျေးဇူးမှာ ဒေသဝမ်းစာဖူလုံရန်နှင့် မူလက စပါးစိုက်ဧကနည်းနေရာမှ ယခုအခါ စပါးစိုက်ဧကများပြီး ဒေသဝမ်းစာ ဖူလုံမှုများကို များစွာ အထောက် အကူပြုမည်ဖြစ်ပါကြောင်း။

ရေဝေရေလဲ

အခြားသောကျေးဇူးမှာ ပတ်ဝန်းကျင်ဒေသ စိမ်းလန်းစိုပြည်ရေးနှင့် ဒီနှစ်မှာ ငါးမွေးမြူရေးဦးစီးဌာနနှင့် ပူးပေါင်းပြီး ငါးသားပေါက် ငါးသောင်းထည့်ကြောင်း၊ စိုက်ပျိုးရေလည်း ရရှိကြောင်း၊ လမ်းပန်းဆက်သွယ်မှုအတွက် လမ်းများဖောက်ပေးကြောင်း၊ ရေဝေရေလဲဧရိယာ ထိန်းသိမ်းမှုအပိုင်းအနေဖြင့် သစ်တောဦးစီးဌာနနှင့် ပူးပေါင်း၍ သစ်ပင်များစိုက်ပေးကြောင်း၊ သစ်ပင်များစိုက်ပေးခဲ့၍ ဆည်ကိုဝင်မည့်ရေကိုလည်း အထောက်အပံ့ ဖြစ်သကဲ့သို့

"ဆည်ဆောက်ပြီး လမ်းဖောက်ပေးလို့ ကျောင်းသား ကျောင်းသူတွေ သွားလာရေး လွယ်ကူသွားပါတယ်"
ဒေါ်ခင်သန်းနု
မူလတန်းပြဆရာမ
နတ်ရဲကျေးရွာ (အမက)။

သစ်တောထိန်းသိမ်းမှုလည်း ဖြစ်ပါကြောင်း၊ ပခုက္ကူခရိုင် စိမ်းလန်းစိုပြည်ရေးနှင့် ပတ်သက်ပြီး ဒေသမှ (၂၄)ခု ဆောင်ရွက်ရာတွင် ပြီးစီးပြီဖြစ်ကြောင်း၊ ယခုကဲ့သို့ ဆည်တစ်ခု တည်ဆောက်ပေးလိုက်၍ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးလည်း ဖြစ်လာပါကြောင်း၊ ရေဝေရေလဲအတွက် သစ်တောဦးစီးဌာနနှင့် ဆည်မြောင်းဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့်အတွက် ရာသီဥတုလည်း အထောက်အပံ့ပေးပြီး သစ်တောကိုလည်း အထောက်အပံ့ဖြစ်စေပါကြောင်း။

"စက်မှုလယ်ယာဦးစီးဌာနက ဖော်ထုတ်ပေးတဲ့ ကုန်းမြင့်လယ်ယာ ၂၅၆ဧကအတွက် စိုက်ပျိုးရေပေးဝေမှာ ဖြစ်ပါတယ်"
ဦးမောင်မောင်လွင်
လက်ထောက်ညွှန်ကြားရေးမှူး
ဆည်မြောင်းဦးစီးဌာန။

ဆည်ကြီး တည်တံ့ခိုင်မြဲစေရန်နှင့် တူးမြောင်းပိုင်းဆိုင်ရာ ထိန်းသိမ်းမှုများကို ဒေသခံပြည်သူများ အသိရှိရှိပါဝင်ရန် လိုအပ်ပါကြောင်း၊ ဒေသဝမ်းစာဖူလုံရေးအတွက် ဆောင်ရွက်ပေးသော နိုင်ငံတော်၏ စေတနာကို နားလည်သဘောပေါက်စေလိုကြောင်း၊ ယမန်နှစ်က မိုးစပါး ၂၅၆ဧကအပြင် နွေစပါး ၃၅ဧကအတွက်ပါ စိုက်ပျိုးရေဖူလုံစွာ ပေးနိုင်ခဲ့ပါကြောင်း။ ကုန်းမြင့်ဒေသတွင် လယ်ယာစိုက်ပျိုးသည့် ဒေသဖြစ်၍ ကုန်းမြင့်ကို ရေရောက်အောင်ပို့ရကြောင်း၊ ရေရောက်အောင်ပို့ရန်လည်း အဆင့်သင့်ဖြစ်နေပါကြောင်း"ဖြင့် မြန်မာ့အလင်းသို့ရှင်းပြသည်။

ဆက်လက်၍ ဦးစီးအရာရှိ ဦးထွန်းထွန်းအောင်အားတွေ့ဆုံ၍ သန်းဥချောက်ရေလှောင်တမံဖြစ်ပေါ်လာပုံကို မေးမြန်းရာတွင် "မကွေးတိုင်း ကျောက်ထုမြို့တွင် ဒေသဖွံ့ဖြိုးမှုအတွက် လေယာဉ်ကွင်းအသစ်တစ်ခုကို ၂၀၀၂-၂၀၀၃ခုနှစ်တွင် တည်ဆောက်ပေးခဲ့ကြောင်း၊ လေယာဉ်ကွင်းတည်ဆောက်ပေးသောနေရာမှာ ယောမြောင်းကြီး ဆည်ရေသောက်လယ်မြေများ ပါရှိသွားကြောင်း၊ အစားထိုး စိုက်ပျိုးရန် ၂၀၀၄ခုနှစ်မှာ စက်မှုလယ်ယာ ဦးစီးဌာနမှ ၂၅၆ဧကကို ဖော်ထုတ်ပေးခဲ့ကြောင်း၊ နိုင်ငံတော်အကြီးအကဲကပင် ကုန်းမြင့်ဒေသ ၂၅၆ဧကကို ဆည်တစ်ခု တည်ဆောက်ပေးရန် လမ်းညွှန်ချက်အရ ၂၀၀၆ခုနှစ် ဇန်နဝါရီလမှ စတင်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၂၀၀၈ခုနှစ်တွင် ပြီးစီးသွားပါကြောင်း၊ ၂၀၀၆-၂၀၀၇ခုနှစ်မှစပြီး ရေပေးဝေနိုင်ခဲ့ပြီး ယခုနှစ်၌လည်း နွေစပါး ၃၅ဧက ရေပေးရန် စီစဉ်ထားပါကြောင်း။

ကျောက်ထုမြို့ သန်းဥချောက်ရေလှောင်တမံ၏ အကျယ် ၄၅ ပေ၊ အလျားပေ ၁၁၀၀ရှိ ကျောက်စီပန်းရန့်အမျိုးအစားရေပိုလွှဲကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

၂၀၀၇-၂၀၀၈ခုနှစ်တွင်လည်း ယာယီရေတံလျှောက်များဖြင့် ရေပေးဝေနေကြောင်း၊ ၂၀၀၉-၂၀၁၀ခုနှစ်မှလည်း နွေစပါး ၃၅ဧက ပေးဝေနိုင်ရန် လျာထားကြောင်း၊ မူလက နှစ်သီးစားစိုက်ပျိုးနေရာမှ သုံးသီးစား ပေးနိုင်မည်ဖြစ်ကြောင်း၊ ၎င်းအပြင် ကြက်သွန်၊ နေကြာစိုက်ထားရာ ပန်းများပွင့်နေပြီဖြစ်ကြောင်း၊ ၂၀၁၀တွင် မိုးစပါးစိုက်နိုင်ရန် ရေပေးဝေမည်ဖြစ်ကြောင်း၊ ဤဒေသမှာ တောင်ကုန်းများပေါများသဖြင့် မြေပြန့်ကဲ့သို့ လွယ်လွယ်ကူကူ စိုက်ပျိုးနိုင်ခြင်း မရှိကြောင်း၊ ခဲရာခဲဆစ် စိုက်ပျိုးကြရကြောင်း၊ စပါးတစ်သီးဖြစ်အောင် ခဲရာခဲဆစ် စိုက်ပျိုးကြရကြောင်း၊ ရေရှင်မြောင်းဆိုလျှင် ခါးကိုကြိုးချည်၍ ကျောက်နံရံကိုထွင်း၍ ဆောင်ရွက်ခဲ့ကြရ

"ယောဒေသမှာ ဆည်ဆောက်ပေးလို့ နိုင်ငံတော်အစိုးရကို အများကြီး ကျေးဇူးတင်ပါတယ်"
ဦးကျော်ခင် (ရပ်မိရပ်ဖ)
နတ်ရဲကျေးရွာ။

ကြောင်း၊ နှစ်ပေါင်းများစွာကပင် ကြိုးစားပမ်းစား ဆောင်ရွက်ခဲ့ကြကြောင်း၊ ယခုအခါတွင်မူ ဆည်မြောင်းဦးစီးဌာနမှ နည်းပညာသစ်များဖြင့် ကူညီပေးပါကြောင်း၊ ပံ့ပိုး ပစ္စည်းများ ဆည်မြောင်းဦးစီးဌာနမှ ပေးခဲ့ ကြောင်း"ဖြင့်ရှင်းလင်းပြောပြသည်။

မြန်မာ့အလင်းအဖွဲ့သည် သန်းဥချောက် ရေလှောင်တမံတွင် လာရောက်ကြည့်ရှုကြပြီး ဆရာမတစ်ဦးအား တွေ့ဆုံမေးမြန်းခဲ့ရာတွင်-

မေး။ ။ ဆရာမနာမည် ဘယ်လိုခေါ်ပါသလဲ။

ဖြေ။ ။ ဒေါ်ခင်သန်းနုလို့ခေါ်ပါတယ်။

မေး။ ။ ဘယ်ရွာမှာ နေပါသလဲ။

ဖြေ။ ။ နတ်ရဲရွာမှာ နေပါတယ်။

မေး။ ။ ဆရာမ ဒီရွာရောက်တာ ဘယ်လောက်ရှိပါသလဲ။

ဖြေ။ ။ ကိုးနှစ်ရှိပါပြီ။

မေး။ ။ ဆည်မဆောက်ခင်က ရောက်နေတာ ဖြစ်လို့၊ ဆည်မဆောက်မီကာလနှင့် ဆောက်ပြီး ဘာထူးခြားပါသလဲ။

ဖြေ။ ။ ဆည်ရှိတဲ့အတွက် တောင်သူတွေ စိုက်ပျိုးရေရတာပေါ့၊ စိုက်ပျိုးရေးသာမက သွားလာရေးအတွက်ပါ လွယ်ကူချောမွေ့ပါတယ်။ ဆရာမတို့ ပညာသင်ကြားရေးမှာလည်း လွယ်ကူချောမွေ့ပြီး ပညာတတ်တွေ ပေါ်ထွန်းခဲ့ပါတယ်။ ဒီကျောင်းမှာနေတဲ့ ကျောင်းသူကျောင်းသားတွေထဲမှာ ဘွဲ့ရတဲ့ ကလေးတွေ ရှိခဲ့ပါတယ်။

တောင်သူဦးကြီးတစ်ဦးကို မေးမြန်းခဲ့ရာတွင်-

မေး။ ။ ဦးကြီးနာမည် ဘယ်လို ခေါ်ပါသလဲ။

ဖြေ။ ။ ဦးကျော်ခင်လို့ ခေါ်ပါတယ်။ တောင်သူ ဖြစ်ပါတယ်။ စပါးလည်းစိုက်ပါတယ်။ နေကြာလည်း စိုက်ပါတယ်။ နွေရော မိုးပါ စပါးစိုက်ပါတယ်။

"ဒီဆည်ရကြောင့် ဒေသခံတွေ နှစ်သီးစားက သုံးသီးစား ဖြစ်လာတော့မှာပါ"
ဦးထွန်းထွန်းအောင်
ဦးစီးအရာရှိ(မြို့ပြ)
ဆည်မြောင်းဦးစီးဌာန။

မေး။ ။ စပါးစိုက်ရန် ရေဘယ်က ရပါသလဲ။

ဖြေ။ ။ ကျွန်တော်တို့ဒေသမှာ ယောမြောင်းကြီးရှိပါတယ်။ အဲဒီ ရေနဲ့ စိုက်ပျိုးပါတယ်။

လယ်မြေ ၂၅၆ ဧကအတွက် ရေပေးဝေမည့် အလျားပေ ၁၈၆၀၀ရှိ ရေသွယ်တူးမြောင်း။ (မြန်မာ့အလင်း)

မေး။ ။ နိုင်ငံတော်က ဆည်ဆောက်ပေးတဲ့အတွက် ဘယ်လိုအကျိုးထူး ခံစားရပါသလဲ။

ဖြေ။ ။ ယောဒေသမှာ ဆည်ဆောက်ပေးတာ အများကြီး အကျိုးရှိပါတယ်။ ဆည်မြောင်းကြီးရှိတော့ သီးထပ်၊ သီးညှပ် စိုက်နိုင်ပါတယ်။ စပါးလည်း စိုက်ပါတယ်။

မေး။ ။ အခု နိုင်ငံတော်က ဆည်ဆောက်ပေးတဲ့အတွက်၊ သောက်သုံးရေ၊ စိုက်ပျိုးရေတွေ ရရှိအသုံးပြုနိုင်တာ အကျိုးဘယ်လောက်ရှိသလဲ။

ဖြေ။ ။ ဆည်မြောင်းတည်ဆောက်ပေးတဲ့အတွက် အများကြီးဝမ်းသာကြပါတယ်။ နိုင်ငံ့ခေါင်းဆောင်များကို အထူးကျေးဇူးတင်ပါတယ်။ နိုင်ငံတော်အနေနဲ့ တောင်သူတွေအတွက် စိုက်ပျိုးနိုင်အောင် လုပ်ပေးတာ ကျေးဇူးတင်လှပါတယ်။ ဆည်ကြီး တည်ဆောက်ပေးတဲ့အတွက် ကားလမ်းများပါဖောက်ပြီးသားဖြစ်လို့ သွားရေးလာရေး အဆင်ပြေတာကြောင့် ဝမ်းသာလို့မဆုံး ဖြစ်ရပါတယ်။

နောက်ထပ်တွေ့ရှိသော ဒေသခံတစ်ဦးအား ဆက်လက်မေးမြန်းခွင့်ရခဲ့ရာ-

မေး။ ။ အမည်သိပါရစေ။

ဖြေ။ ။ အမည် ဦးခင်မောင်ထွားလို့ ခေါ်ပါတယ်။ ကျောက်ထုမြို့ လေယာဉ်ကွင်းရပ်ကွက်မှာ နေပါတယ်။

မေး။ ။ အလုပ်အကိုင်သိပါရစေ။

ဖြေ။ ။ တောင်သူဖြစ်ပါတယ်။ စပါးလည်းစိုက်ပြီး ပဲလည်းစိုက်ပါတယ်။ ယခင် ဒီဒေသမှာ မိုးရွာမှ မိုးရေကို အမှီပြုပြီး စိုက်ပျိုးကြရပါတယ်။ ယခုလို ဆည်ဆောက်ပေးတဲ့အတွက် မိုးရော၊ နွေရော သီးညှပ်၊ စားတော်ပဲ စိုက်ပျိုးရပါတယ်။ ကျွဲ၊ နွားများလည်း သောက်ရေ ရပါတယ်။ လမ်းပန်းဆက်သွယ်ရေး ကောင်းတာကြောင့် ပညာရေး၊ ကျန်းမာရေးမှ အစအားလုံး အဆင်ပြေပါတယ်။ ရန်ကုန်-မန္တလေးလမ်း တစ်ပြေးတည်းဆိုသလို ဖြစ်နေပါပြီ။ မျက်စိမပွင့်သေးတဲ့ တောအစွန်အဖျား ကျေးရွာ မြို့ကလေးတွေကိုပါ မကျန် လမ်းတွေဖောက်၊ တံတားတွေဆောက်ပေးတဲ့အတွက် နိုင်ငံတော်ကို အထူးကျေးဇူးတင်ပါတယ်။

ကျောက်ထုမြို့ သန်းဥချောက်ရေလှောင်တမံမှာ ရေဆင်းဧရိယာ ၂၈တုရန်းမိုင်ရှိ၍ နှစ်စဉ်ပျမ်းမျှ မိုးရေချိန်လက်မ ၅၀ ရှိသည်။ ရေလှောင်တမံ၏ အလျားမှာ ပေ ၁၁၀၀ ရှိပြီး အမြင့် ၄၅ပေ ရှိသည်။ ကန်ရေပြည့်ရေလှောင်ပမာဏ ၄၆၂၁၁ဧကပေရှိပြီး ရေထုတ်ပြွန် အရွယ်အစားမှာ ၂ပေ× ၂ပေ တစ်ပေါက်ဖြစ်သည်။ ရေပိုလွှဲအမျိုးအစားသည် ကျောက်စီပန်းရန့်ဖြစ်၍ ရေပိုလွှဲအကျယ်မှာ ၇၅ပေရှိသည်။ တူးမြောင်းမကြီးအဆောက်အအုံ ၂၅ခုရှိပြီး တူးမြောင်းမကြီးအလျားပေ ၁၈၆၀၀ရှိ၍ ကုန်းမြင့်လယ်ယာ ၂၅၆ဧကအတွက် အကျိုးပြုမည်ဖြစ်သည်။

ဝင်ငွေတိုးတက်

ဤကဲ့သို့ မကွေးတိုင်း ဆောမြို့နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သည့် သန်းဥချောက်ရေလှောင်တမံ တည်ဆောက်ခြင်းလုပ်ငန်းကို အကောင်အထည်ဖော်ခြင်းဖြင့် ဒေသအတွင်း သီးနှံပိုမိုထုတ်လုပ်မှု တိုးတက်လာ၍ တောင်သူတစ်ဦးချင်းဝင်ငွေ တိုးတက်လာပြီး ဒေသခံပြည်သူတို့၏ လူမှုစီးပွားဘဝ ပိုမိုမြင့်မားတိုးတက်လာတော့မည် ဖြစ်ပါကြောင်း ကွင်းဆင်းလေ့လာ မေးမြန်းရေးသားလိုက်ရပါကြောင်း။ ။

(မြန်မာ့အလင်း)

မကွေးတိုင်း ဂန့်ဂေါခရိုင် ကျောက်ထုမြို့ နတ်ရဲကျေးရွာအနီး စံတောင်ရိုးမှ စီးဆင်းလာသော သန်းဥချောက်ရိုးကိုပိတ်၍ တည်ဆောက်ထားသော ကုန်းမြင့်လယ်မြေ ၂၅၆ ဧကအတွက် စိုက်ပျိုးရေပေးဝေမည့် သန်းဥချောက်ရေလှောင်တမံနှင့် ရေထိန်းမျှော်စင်ကို ဇန်နဝါရီ ၁၅ ရက်က ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်းအောင်မြင်မှုကိုအခြေခံ နိုင်ငံတော်နှင့်ပုံနှိပ်ထုတ်ဝေရေး လောကသားများ၏ အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေး

အသင်းဝင်များ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် အားသွန်ခွန်စိုက်ဆောင်ရွက်

ယနေ့ရရှိနေသော အောင်မြင်မှုကို အခြေခံ၍ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားနှင့် ပုံနှိပ်နှင့် ထုတ်ဝေရေးလောကသားများ၏ အကျိုးစီးပွား ပိုမိုဖွံ့ဖြိုးတိုးတက်ရေးတို့ ဆောင်အဖွဲ့ နှုတ်ထွက်ခြင်းနှင့် ၂၀၁၀-၂၀၁၁ခုနှစ် အလုပ်အမှုဆောင်အဖွဲ့သစ် ရွေးချယ်တင်မြှောက်သည့် အမည်စာရင်းများ ကြေညာခြင်းတို့ကို ဆောင်ရွက်ကြသည်။

ပုံနှိပ်သူများ၊ ထုတ်ဝေသူများ၊ မှတ်ပုံတင်နှင့် စာပေစိစစ်ဖြန့်ချိရေးလုပ်ငန်းများ ကြီးကြပ်မှု ဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မြန်မာနိုင်ငံပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း (၁၈)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။(သတင်းစဉ်)

ရန်ကုန် ဇန်နဝါရီ ၂၃

ပုံနှိပ်သူများ၊ ထုတ်ဝေသူများ မှတ်ပုံတင်နှင့် စာပေစိစစ်ဖြန့်ချိရေးလုပ်ငန်းများ ကြီးကြပ်မှု ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယနေ့ညနေ ၃နာရီခွဲတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် မင်္ဂလာခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း (၁၈)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် ဗဟို အလုပ်အမှုဆောင် ကော်မတီဝင်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ အသင်းဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပုံနှိပ်သူများ၊ ထုတ်ဝေသူများ၊ မှတ်ပုံတင်နှင့် စာပေစိစစ်ဖြန့်ချိရေးလုပ်ငန်းများ ကြီးကြပ်မှု ဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မြန်မာနိုင်ငံပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်းအတွက် အလှူရှင်များထံမှ အလှူငွေများ လက်ခံစဉ်။ (သတင်းစဉ်)

ရှေးဦးစွာသဘာပတိ မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမောင်မောင်က အဖွင့်အမှာစကား ပြောကြားသည်။ **(ယာပုံ)**

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း အနေဖြင့် ပုံနှိပ်လုပ်ငန်းများဖြင့် နိုင်ငံတော်၏ စီးပွားရေးကို ဖော်ဆောင်ပေးနေသကဲ့သို့ ပြည်သူများ၏ လူ့အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အသိပညာဗဟုသုတများ တိုးပွားရေးတို့အတွက်ပါ ဖော်ဆောင်ပေးလျက်ရှိကြောင်း။

စတုတ္ထမဏ္ဍိုင်

၁၉၉၀ခုနှစ်တွင် စတင်ဖွဲ့စည်းစဉ်က အသင်းဝင် ၄၀၀ကျော်သာရှိခဲ့ရာမှ ယခုအခါ အသင်းဝင် ၄၀၀၀ကျော် ရှိလာပြီဖြစ်ကြောင်း၊ ပညာခေတ်တွင် စတုတ္ထမဏ္ဍိုင်ကို ဖော်ဆောင်ပေးနေခြင်းဖြစ်၍ ယနေ့နှင့် အနာဂတ်နိုင်ငံတော်အတွက်ပါ အဓိက အရေးပါသော အသင်းကြီးအဖြစ် ရပ်တည်လျက်ရှိကြောင်း။

ချမှတ်ဖော်ဆောင်

နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားနှင့် ပုံနှိပ်နှင့် ထုတ်ဝေရေးလောကသားများ၏အကျိုးစီးပွား ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် (၁)ပုံနှိပ်နှင့် ထုတ်ဝေရေးလောက ဖွံ့ဖြိုးတိုးတက်လာအောင် တည်ဆောက်ရန်၊(၂)ပုံနှိပ်နှင့် ထုတ်ဝေရေးလောကသားများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်လာအောင် ဖော်ဆောင်ရန်နှင့် လောကသားများအား ပံ့ပိုးကူညီရန်၊ (၃)ပုံနှိပ်နှင့် ထုတ်ဝေရေး လုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် အမျိုးသားအကျိုးစီးပွားပေါ် အခြေခံဆောင်ရွက်ရန်၊(၄) စာပေလောကသားများနှင့် လက်တွဲ၍ မှန်ကန်သော စတုတ္ထမဏ္ဍိုင်ဖြင့် တိုင်းပြည်နှင့် လူမျိုးအကျိုးကို ဖော်ဆောင်ရန်နှင့်(၅) ပြည်သူများလိုလားသည့် ဒီမိုကရေစီ ဖော်ဆောင်ရေးအတွက် မူဝါဒလမ်းစဉ် (၇)ရပ်ကို အကောင်အထည်ဖော်ရာတွင် ကျရာကဏ္ဍမှ ပူးပေါင်းဆောင်ရွက်ရန်တို့ကို ပကတိ အရှိတရားများဖြင့် ယထာဘူတကျကျ လိုက်လျောညီထွေမှုရှိသော ရည်ရွယ်ချက်များအဖြစ် ချမှတ်ဖော်ဆောင်ကြရန်လိုကြောင်း။

နိဂုံးချုပ်အနေဖြင့် မြန်မာနိုင်ငံပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်းသည် အတွက် အသင်းဝင်များအားလုံးက စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်ဖြင့် အားသွန်ခွန်စိုက် ဆောင်ရွက်သွားကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌဦးဝင်းမြင့်က အမှာစကားပြောကြားသည်။

ရွေးချယ်တင်မြှောက်

ယင်းနောက် တာဝန်ရှိသူများက အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာနှင့် နှစ်ချုပ် ငွေစာရင်းရှင်းတမ်းတို့ကို ဖတ်ကြားတင်ပြကြပြီး အတည်ပြုချက် ရယူခြင်း၊ ၂၀၀၈-၂၀၀၉ခုနှစ် အလုပ်အမှု

ထို့နောက် မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူ လုပ်ငန်းရှင်များအသင်းအတွက် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဝင်းမြင့်ကငွေကျပ်သုံးသိန်း၊ မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင်များကိုယ်စား အသင်းနာယကဦးမောင်မောင်က ငွေကျပ်သုံးသိန်း၊ စွယ်စုံမီဒီယာဂရု(ပ်) ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက ငွေကျပ်နှစ်သိန်း အပါအဝင် အလှူရှင်များက ငွေကျပ်၁၇သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူ လုပ်ငန်းရှင်များ အသင်းနာယက ဦးမောင်မောင်တို့က လက်ခံကြပြီးဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

နှုတ်ခွန်းဆက်

ယင်းနောက် မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူ လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌအသစ် ဒေါက်တာတင်ထွန်းဦးက နှုတ်ခွန်းဆက်စကားပြောကြားပြီး သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားသည်။ **(သတင်းစဉ်)**

○ *ကျော်ဖုံးမှ*

ယာဉ်ရပ်နားစခန်း

ဤသို့ တည်ဆောက်ပေးခဲ့သော အဆောက်အအုံများအနက် ဘောဂသီရိ အဝေးပြေး ယာဉ်ရပ်နားစခန်းသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ဤဘောဂသီရိအဝေးပြေး ယာဉ်ရပ်နားစခန်းသည် နေပြည်တော်နှင့် အနီးဝန်းကျင်မြို့များနှင့် မြန်မာနိုင်ငံအထက်ပိုင်း၊ အောက်ပိုင်းမြို့များ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့တို့အကြား အဝေးပြေးယာဉ်ကြီးများလည်း ဝင်ထွက်သွားလာရာ စခန်း ဖြစ်သည်။

သတင်းခရီးသည်တို့သည် အဆိုပါ ဘောဂသီရိ အဝေးပြေးယာဉ်ရပ်နားစခန်းသို့သွားရောက်ပြီး ပြည်သူများအား အသိပေးတင်ပြနိုင်ရန် နေပြည်တော် စည်ပင်သာယာရေးကော်မတီအခွန်ဌာနမှ ခေတ္တဌာနမှူး ဦးကျော်စိုးဝင်းနှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။

ထည့်သွင်းတည်ဆောက်

"ကျွန်တော်တို့ နေပြည်တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် နေပြည်တော်နှင့် အခြားမြို့ကြီးများ ခရီးသွားများသွားလာမှု လွယ်ကူချောမွေ့စေရန်နှင့် နေပြည်တော်သို့ ကုန်စည်စီးဆင်းမှု ပိုမိုကောင်းမွန်စေရေးအတွက် ဒီဘောဂသီရိအဝေးပြေး ယာဉ်ရပ်နားစခန်းကြီးကို နေပြည်တော် ပျဉ်းမနားမြို့အနီး ရာဇဌာနီလမ်းနှင့် ရန်ကုန်-မန္တလေးမြို့ရှောင်လမ်းဆုံမှာ ၂၀၀၆ခုနှစ် ဒီဇင်ဘာလ ရက်က ဖွင့်လှစ်ပေးနိုင်ခဲ့ပါတယ်။ ဒီဘောဂသီရိအဝေးပြေး ယာဉ်ရပ်နားစခန်းကြီးကို ပွဲရုံများ၊ ကားဂိတ်များ၊ စားသောက်ဆိုင်များနဲ့ ယာဉ်ပြင်အလုပ်ရုံများ ထည့်သွင်းတည်ဆောက်ထားတာ ဖြစ်ပါတယ်။ နေပြည်တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် ဒီဘောဂသီရိ အဝေးပြေးယာဉ်ရပ်နားစခန်းမှာ နေပြည်တော်ကြီး စည်ပင်သာယာ ဝပြောလာစေဖို့ ပထမဆုံးရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်လို့ ဝင်ထွက်သွားလာနေတဲ့ မော်တော်ယာဉ်အသီးသီးကို အခွန်

ပွဲရုံများသို့ ကုန်တင်ယာဉ်ကြီးများဖြင့် ကုန်စည်များ ဤသို့ ဝင်ရောက်လျက်ရှိသည်။ (မြန်မာ့အလင်း)

"သန့်ရှင်း သာယာလှပရေး အတွက် ဦးစားပေးလုပ်ငန်းများ ဆောင်ရွက်နေပါတယ်။"
ဦးကျော်စိုးဝင်း (ခေတ္တဌာနမှူး)
နေပြည်တော်စည်ပင်အခွန်ဌာန။

ကောက်ခံခြင်းမရှိဘဲ အခွန်ကင်းလွတ်ခွင့်ပြုထားပါတယ်"ဟု ဦးကျော်စိုးဝင်းက မြန်မာ့အလင်းသို့ ရှင်းပြသည်။

"ကျွန်တော်တို့ နေပြည်တော်စည်ပင်သာယာရေးကော်မတီရဲ့ ဆောင်ပုဒ်ဖြစ်တဲ့ သန့်ရှင်းရမည်၊ သပ်ရပ်ရမည်၊ သာယာလှပစေရမည်၊ စိမ်းလန်းစိုပြည်စေရမည် ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ ဘောဂသီရိ အဝေးပြေး ယာဉ်ရပ်နားစခန်းကြီးကို သစ်ပင်ပန်းမန်များ အစဉ်စိမ်းလန်းစိုပြည်နေစေရေး၊ သန့်ရှင်းသာယာလှပစေရေး ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် မီးဘေးလုံခြုံရေးအတွက် မီးသတ်ရေငုတ် ၂၈ခု ပြုလုပ်ထားပါတယ်"ဟု နေပြည်တော် စည်ပင်သာယာရေးကော်မတီအခွန်ဌာနမှ ဌာနခွဲမှူး၊ ဘောဂသီရိအဝေးပြေးယာဉ်ရပ်နားစခန်းအုပ်ချုပ်ရေးမှူး ဦးအောင်မျိုးမြတ်က မြန်မာ့အလင်းသို့ ရှင်းပြသည်။

ပွဲရုံများ

အဆိုပါ ဘောဂသီရိအဝေးပြေး ယာဉ်ရပ်နားစခန်းဝင်းအတွင်း ပွဲရုံများလည်း ဖွင့်လှစ်ထားရာ ပွဲရုံပေါင်း ၉၀ ရှိသည့်အနက် ၈၂ရုံဖွင့်လှစ်ထားကြောင်း သိရသည်။ ယင်းပွဲရုံများတွင် မန္တလေးနှင့် ရန်ကုန်ကဲ့သို့မြို့ကြီးများမှ ကုန်စည်အမျိုးမျိုး၊ အိမ်ဆောက်ပစ္စည်းအမျိုးမျိုး၊ လျှပ်စစ်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ ဝင်ရောက်လျက်ရှိသည်။ ယင်းပွဲရုံများမှတစ်ဆင့် နေပြည်တော်ရှိ ဈေးများ အသီးသီးသို့ လက်လီလက်ကား မော်တော်ယာဉ်ငယ်များဖြင့် ကုန်စည်များဆက်လက်ဖြန့်ဖြူးပေးနေကြောင်း သိရသည်။

ကားဂိတ်များ

ဤဘောဂသီရိအဝေးပြေးယာဉ်ရပ်နားစခန်း၌ နေပြည်တော်တစ်ခွင် မြို့တွင်းပြေးဆွဲလျက်ရှိသော ယာဉ်လိုင်းများနှင့် နေပြည်တော်နှင့် အခြားမြို့ကြီးများအကြား မော်တော်ယာဉ်များ ပြေးဆွဲနိုင်ရေး ကားဂိတ်ပေါင်း ၆၄ ဂိတ် ဖွင့်လှစ်ထားရှိသည်။ မြို့တွင်းခရီးတို ခရီးစဉ်များအဖြစ် ပြေးဆွဲလျက်ရှိသော ယာဉ်လိုင်းများမှာ တော်ဝင်၊ အားမာန်သစ်နှင့် ရွှေမြို့တော်ယာဉ်လိုင်းများဖြစ်ကြသည်။ တော်ဝင်ယာဉ်လိုင်းအနေဖြင့် နေပြည်တော်နှင့် အနီးဝန်းကျင်မြို့များဖြစ်သည့် နေပြည်တော်တပ်ကုန်း၊ နေပြည်တော်လယ်ဝေး၊ ရေဆီ၊ ဆွာ၊ သာဝတ္တိ စသည့် မြို့များအကြား ခရီးတိုအဖြစ် ပြေးဆွဲပေးနေသည်။ ခရီးဝေးအဖြစ် နေပြည်တော်မှ တောင်ငူ၊ မိတ္ထီလာ၊ မကွေး၊ တောင်ကြီး၊ ရန်ကုန်၊ ဆိပ်ဖြူ၊ မန္တလေး မြို့ကြီးများအကြား ပြေးဆွဲပေးလျက်ရှိသည်။

ထို့အပြင် မော်တော်ယာဉ်လိုင်းပေါင်းစုံယာဉ်များက နေပြည်တော်နှင့် အခြားမြို့ကြီးများအကြား မော်တော်ယာဉ်များ ပြေးဆွဲပေးနေသည်။ ယင်းမြို့ကြီးများမှာ မန္တလေး၊ ရန်ကုန်၊ မုံရွာ၊ မြင်းခြံ၊ တောင်ကြီး၊ ညောင်ဦး၊ လားရှိုးမြို့များ ပါဝင်သည်။

ပြုလုပ်ပေးနိုင်

ဘောဂသီရိ အဝေးပြေးယာဉ်ရပ်နားစခန်း၌ စားသောက်ဆိုင် ၃၆ဆိုင်ဖွင့်လှစ်ထားသည်။ ယာဉ်ပြင်အလုပ်ရုံ ၁၈ရုံရှိသည်။ ယာဉ်ကြီး၊ ယာဉ်လတ်၊ ယာဉ်ငယ်တို့ကို အကြီးစား၊ အသေးစားပြင်ဆင်မှုများပြုလုပ်ပေးနိုင်ကြောင်း သိရသည်။ ကားဝင်းအတွင်း လုပ်ငန်းခွင်အဆင်ပြေရေးအတွက် ရေ၊ မီးနှင့် ဆက်သွယ်ဖုန်းလိုင်းများ အဆင်ပြေအောင် စီစဉ်ပေးထားသည်။ ဘောဂသီရိအဝေးပြေး ယာဉ်ရပ်နားစခန်းအတွင်း လုပ်ငန်းများ လုပ်ကိုင်လိုကြလိုသူများအနေဖြင့် နေပြည်တော် စည်ပင်သာယာရေးကော်မတီ အခွန်ဌာနနှင့် ချိတ်ဆက်လျက် ဆောင်ရွက်နိုင်ကြောင်း သိရသည်။

"အဆင့်မြင့် မော်တော်ယာဉ်အလုပ်ရုံများလည်း ဖွင့်လှစ်ပေးထားပါတယ်။"
ဦးအောင်မျိုးမြတ်
ဌာနခွဲမှူး၊ အခွန်ဌာန။

သို့ပါ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် ဘောဂသီရိ အဝေးပြေး ယာဉ်ရပ်နားစခန်းကို ဖွင့်လှစ်ပေးနိုင်ခဲ့မှုကြောင့် ခရီးသွားလာမှု လွယ်ကူအဆင်ပြေပြီး ကုန်စည်စီးဆင်းမှုများအတွက် များစွာအထောက်အကူ ပြုလျက်ရှိပါကြောင်း ရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

တပ်မတော်ဖြိုခွဲမည့်အကြံ ဒို့လက်မခံ (၂)

မောင်မှတ်

(ယမန်နေ့ကအဆက်)

ဒီလို တပ်မ(၆၆)နဲ့ တပ်မ(၇၇)ဘက်က တပ်တွေအပေါ် မဟုတ်မမှန် လုပ်ကြံထုတ်လွှင့်ချက်တွေကို မောင်မှတ်တို့ပြည်သူက အမှန်မဟုတ်ကြောင်း၊ မိုးလုံးပြည့် မုသာဝါဒတွေသာဖြစ်ကြောင်း သိနားလည်သွားပြီး လက်မခံတော့တဲ့အချိန်ကျတော့ ကပစ စက်ရုံတွေဘက်ကို ပစ်မှတ်ပြောင်းလာတာ တွေ့ရှိရပြန်ပါတယ်။ ၁၆-၁-၂၀၁၀ ရက်နေ့ ဘီဘီစီထုတ်လွှင့်ချက်မှာ ပြည်မြို့အနောက်ဘက် ထုံးဘိုဆင်တဲမြို့က အမှတ်(၉) ကာကွယ်ရေးပစ္စည်းစက်ရုံမှာ စက်ရုံဝန်ထမ်းတွေ ဆန္ဒပြနေကြတာ လေးရက်လောက်ရှိနေပြီလို့ လီဆယ်လုပ်ကြံထုတ်လွှင့်သွားပြန်ပါတယ်။ စက်ရုံဝန်ထမ်းတွေ ဆန္ဒပြရတဲ့ အကြောင်းရင်းက စားဝတ်နေရေး အဆင်မပြေကြတဲ့ ပြဿနာကြောင့်ဖြစ်ကြောင်း၊ အထက်အမိန့်ကို ဆန့်ကျင်တဲ့အပြင် စားဝတ်နေရေး အကျပ်အတည်းကြောင့် စက်ရုံမှာရှိတဲ့ ကျည်ခွံတွေကအစ ယမ်းတွေအဆုံး ရောင်းပစ်နေကြပြီဖြစ်ကြောင်း၊ စက်ရုံကထွက်တဲ့ ယမ်းချေးတွေ၊ ကျည်ခွံတွေ၊ သေနတ်ဒင်အနောက်ပိတ် ဖိုက်ဘာပြားတွေကိုလည်း အပြင်မှာ ရောင်းနေတာကို တွေ့ရကြောင်း၊ အလားတူဖြစ်ရပ်မျိုး ပြည်မြို့အနောက်ဘက်က ဆင်တဲမှာရှိတဲ့ ကပစ(၈)နဲ့ ကုန်းကြီးမင်းလှမှာရှိတဲ့ ကပစ(၁၀) စက်ရုံတွေမှာလည်း ဆန္ဒပြ အာဏာဖီဆန်မှုတွေ ဖြစ်နေကြကြောင်း စသဖြင့် သိုင်းကာဝိုင်းကာနဲ့ မရှိတာကို အရှိလုပ်၊ မဟုတ်တာကို အဟုတ်လုပ်ပြီး အကွက်ဆင် လိမ်ညာသွားတာကို မောင်မှတ်တို့ တွေ့ရပါတယ်။

ထုံးစံအတိုင်း အဲဒီထုတ်လွှင့်ချက်တွေဟာလည်း တစ်ခုမှ အဖြစ်သနစ်မှန်တွေ မဟုတ်ပါဘူး။ လုံးဝမှန်ကန်မှု မရှိပါဘူး။ ပြည်မြို့အနောက်ဘက် ထုံးဘိုဆင်တဲမြို့ကဆိုပြီး ရောကြိတ်သွားပေမယ့် တကယ်တော့ ထုံးဘိုနဲ့ ဆင်တဲဆိုတာ နီးနီးနားနား ဆက်စပ်နေတာမျိုး မဟုတ်ပါဘူး။ ဦးသန်းနဲ့ ဘီဘီစီတို့ ဗဟုသုတအလို့ငှာ ရှင်းပြရရင် ထုံးဘိုဟာ ပဲခူးတိုင်းနဲ့ ဧရာဝတီတိုင်း နယ်နိမိတ်အနီးမှာရှိတဲ့ ကျေးရွာကြီးဖြစ်ပြီး ဆင်တဲဆိုတာကတော့ ပြည်မြို့တစ်ဖက်ကမ်းက ကျေးရွာကြီး ဖြစ်ပါတယ်။ ပြည်နဝဒေးတံတားကြီး မရှိခင်တုန်းက ဧရာဝတီမြစ် အနောက်ဘက်ကမ်းကို ကူးတဲ့အခါ အသုံးပြုရတဲ့ ပြည်-ဆင်တဲ ကူးတို့ဆိပ်ရွာကြီးဖြစ်ပါတယ်။ ဒါ့အပြင် ဆင်တဲမှာရော ထုံးဘိုမှာပါ ဘီဘီစီကပြောတဲ့ အမှတ်(၉) ကာကွယ်ရေးပစ္စည်းစက်ရုံဆိုတာ လုံးဝမရှိပါဘူး။

တစ်ဆက်တည်းပြောရရင် ဘီဘီစီရဲ့ထုတ်လွှင့်ချက်မှာ ပြည်မြို့အနောက်ဘက်က ဆင်တဲမှာရှိတဲ့ ကပစ(၈)နဲ့ အဲဒီနားက ကုန်းကြီးမင်းလှမှာရှိတဲ့ ကပစ(၁၀) စက်ရုံမှာလည်း ဆန္ဒပြအာဏာဖီဆန်မှုတွေ ဖြစ်နေတယ်လို့ ဆိုသွားပါသေးတယ်။ အမှန်ကိုသိအောင် မောင်မှတ်ရှင်းပြရရင် ပြည်အနောက်ဘက်က ဆင်တဲမှာ ကပစ(၈)ဆိုတာ လုံးဝမရှိပါဘူး။ ဒါ့အပြင် အဲဒီနားမှာ ကုန်းကြီးမင်းလှဆိုတာလည်း မရှိပါဘူး။ ဒါတွေကိုကြည့်ရင် ဦးသန်းတို့ ဘီဘီစီတို့အနေနဲ့ ကပစစက်ရုံတွေ ဘယ်မှာရှိမှန်းလည်း မသိ၊ ဆင်တဲ၊ ထုံးဘို၊ မင်းလှ၊ ကုန်းကြီးဆိုတာတွေ ဘယ်ဒေသ၊ ဘယ်နေရာမှာမှန်းလည်း မသိဘဲ ဇာတ်လမ်းဖြစ်ပြီးရော၊ မဟုတ်မမှန် လုပ်ကြံပြောရရင် ပြီးရောဆိုပြီး မလိမ်ရင်မနေနိုင်လို့ လိမ်နေရတဲ့ သဘောဆိုတာ ပေါ်လွင်နေပါပြီ။

တကယ်တမ်းကျတော့ မြန်မာ့တပ်မတော်မှာရှိတဲ့ ကပစ စက်ရုံတွေအားလုံးမှာ ပကတိ တည်ငြိမ်အေးချမ်းလျက်ရှိပြီး စစ်သည်များ၊ ဝန်ထမ်းများ၊ မိသားစုများဟာ ပုံမှန်လည်ပတ် တာဝန်ထမ်းဆောင်လျက်ရှိပါတယ်။ အာဏာဖီဆန်မှု၊ ဆန္ဒပြမှု၊ နိုင်ငံတော်ပိုင်ပစ္စည်းကို ရောင်းစားမှု၊ မကျေနပ်မှု စတာတွေလုံးဝမရှိပါဘူး။ ဒါကို အဲဒီနေရာ၊ အဲဒီဒေသ၊ အဲဒီအသိုင်းအဝိုင်းမှာရှိနေတဲ့သူတိုင်း သိပါတယ်။ အခုဟာက ကိုယ့်ဆီမှာ အေးချမ်းတည်ငြိမ်နေပါလျက်နဲ့ ဘယ်ကလွှင့်နေမှန်းမသိတဲ့ ပြည်ပလေပုပ်ထုတ် အသံလွှင့်ဌာနတွေက အမျိုးမျိုးမဟုတ်မမှန် လီဆယ်လုပ်ကြံထုတ်လွှင့်နေတာတွေ ကြားနေရတော့ အဲဒီကရဲဘော်တွေ၊ မိသားစုတွေမပြောနဲ့၊ မောင်မှတ်တို့တောင် ဒီအသံလွှင့်ချက်တွေအပေါ် အတော်လေး စိတ်အချဉ်ပေါက်နေကြပါပြီ။ ကိုယ်တိုင်ပါဝင်ပတ်သက်နေတဲ့သူတွေက အခြေအနေမှန်ကိုသိပြီး ပြည်ပအသံလွှင့်ဌာနတွေက လိမ်ညာထုတ်လွှင့်နေတယ်ဆိုတာကို သဘောပေါက်ပေမယ့် အဲဒီဖြစ်စဉ်ဖြစ်ရပ် ဖြစ်ပွားရာ နေရာဒေသတွေနဲ့ အလှမ်းကွာဝေးတဲ့ အခြားသော ပြည်သူများအနေနဲ့ကျတော့ သို့လောသို့လောတွေးပြီး ယုန်ထင်ကြောင်ထင် ဖြစ်ချင်စရာ၊ စိုးရိမ်ပူပန်ချင်စရာ ဖြစ်နေမှာ အမှန်ပါပဲ။

ဒီလိုမဟုတ်မမှန် လုပ်ကြံသတင်းတွေကို ပြည်တွင်းသစ္စာဖောက် ပုဆိန်ရိုးတွေက အကွက်ချဖန်တီးပေးပို့နေပြီး ဒါတွေကို လီဆယ်လုပ်ကြံသတင်းမှန်း သိပါလျက်နဲ့ ပြည်ပအသံလွှင့်ဌာနတွေက ရှုန်းရှုန်းဝေအောင် အားပါးတရ ထုတ်လွှင့်ပေးနေကြတာပါ။ သူတို့တွေဖြစ်စေချင်တာကတော့ မောင်မှတ်တို့ ပြည်သူများအတွင်းမှာ အဲဒီ ယုန်ထင်ကြောင်ထင် အတွေးတွေ၊ စိုးရိမ်ပူပန်မှုတွေနဲ့ ရတ်ရတ်သဲသဲ အခြေအနေတွေ ပေါ်ပေါက်လာစေချင်တာပါပဲ။ တပ်တွင်းစည်းလုံးညီညွတ်မှု ပြိုကွဲတာ၊ တပ်မတော်ပြိုကွဲတာကို မြင်ချင်တာပါပဲ။ နောက်ဆုံးမှာ အများယောင်လို့ လိုက်ယောင် အမောင်တောင်မှန်းမြောက်မှန်းမသိဘဲ ဖိန်းဖောင်းတီးတိုင်း လူလုံးထွက်ပြချင်နေတဲ့ ပြည်ပနောက်မြီးဆွဲတွေ လမ်းပေါ်ထွက် ဆူပူထကြွလာတဲ့ အခြေအနေမျိုးအထိ မဖြစ် ဖြစ်အောင် ဘေးတီးလှုံ့ဆော်ပေးနေတာပါပဲ။ ဒီလို ဒီယုန်မြင်လို့ ဒီချုံထွင်တာမျိုး၊ အသားလိုလို့ အရိုးတောင်းတဲ့လုပ်ရပ်မျိုးကို မောင်မှတ်တို့ပြည်သူတွေ နားလည်သဘောပေါက်ကြပြီး အရိပ်ပြရုံနဲ့ အကောင်မြင်ကြဖို့ အရေးကြီးလှပါတယ်။

ပြည်တွင်းက သစ္စာဖောက်ပုဆိန်ရိုးတွေနဲ့ မုသာဝါဒီ ဘီဘီစီတို့ရဲ့ လုပ်ရပ်တွေဟာ မောင်မှတ်တို့ပြည်သူများအတွင်း အထိတ်တလန့် ထင်ယောင်ထင်မှားဖြစ်ပြီး လက်ရှိတည်ငြိမ်အေးချမ်းမှုနဲ့ ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်တွေ ပျက်ယွင်းသွားအောင်၊ ဒါ့အပြင် တပ်မတော်ကို ပြိုကွဲအောင်၊ တပ်တွင်းစည်းလုံးညီညွတ်မှုပျက်ပြားပြီး အင်အားချည့်နဲ့ ယိုင်လဲသွားအောင် အစီအမံရှိရှိ၊ ရည်ရွယ်ချက်ရှိရှိ လုပ်ကြံဖန်တီးထိုးနှက်နေကြခြင်းသာ ဖြစ်ကြောင်း ထင်ရှားလှပါတယ်။ ဒီလို လုပ်နေကြတာဟာလည်း အခုမှ အသစ်အဆန်း မဟုတ်ပါဘူး။ မောင်မှတ်တို့ သက်တမ်းအတွင်းမှာကိုပဲ ပြည်တွင်းပုဆိန်ရိုးတွေနဲ့ ပြည်ပအသံလွှင့်ဌာနတွေ ဟန်ချက်ညီပူးပေါင်းပြီး မဟုတ်မမှန် လုပ်ကြံဇာတ်လမ်းထွင်ပြီး နိုင်ငံနဲ့ပြည်သူကို ဒုက္ခပေးခဲ့တာ အကြိမ်ပေါင်း မရေမတွက်နိုင်အောင်ပါပဲ။ တပ်မတော်ဖြိုခွဲရေးလုပ်ခဲ့တာလည်း အကြိမ်ကြိမ်ရှိခဲ့ပါပြီ။ ဒါပေမယ့် နေလာနှင်းပျောက်ဆိုသလို မဟုတ်မမှန် လုပ်ကြံလီဆယ်စကားတွေဟာ အမှန်တရားနဲ့ ရင်ဆိုင်ရတဲ့အခါ တစ်စစီ ပြိုကွဲလွင့်စဉ် ပျောက်ကွယ်သွားရတာ မမှတာပဲမဟုတ်လား။

အားလုံးသိပြီးဖြစ်တဲ့အတိုင်း ၁၉၈၈ အရေးအခင်းတုန်းကလည်း ဆန့်ကျင်ဘက်အုပ်စုတွေအနေနဲ့ တပ်မတော်ဖြိုခွဲရေးကို နည်းလမ်းပေါင်းစုံသုံးပြီး အင်တိုက်အားတိုက်လုပ်ခဲ့ကြပါတယ်။ ဒီနေ့ ဆန့်ကျင်ဘက်အုပ်စုတွေရဲ့ ခေါင်းဆောင်နေရာတွေမှာရှိနေတဲ့ ပုဂ္ဂိုလ်ကြီးငယ်တွေကိုယ်တိုင်က စင်မြင့်ထက်ကနေ တပ်မတော်ဖြိုခွဲရေးစကားတွေကို လျှမ်းလျှမ်းတောက် အာပေါင်အာရင်းသန်သန် ပြောခဲ့ဟောခဲ့တာတွေ မောင်မှတ် မှတ်မိနေပါသေးတယ်။ ဒါ့အပြင် ကြေညာချက်အတုတွေ ထုတ်ပြီး လေတပ်က ဗုံးတွေကြဲတော့မယ်၊ ရေတပ်က အမြောက်တွေနဲ့ ပစ်တော့မယ်၊ တပ်မတော်ကြီးပြိုကွဲပြီ ဘာဘာညာညာ ဝါစာကမာ လုပ်ကြံထိုးနှက် ဖြိုခွဲခဲ့ကြတာလည်း မောင်မှတ်တို့ မမေ့နိုင်သေးပါဘူး။ ဒါပေမယ့် တပ်မတော်ကတော့ ဒီလိုသွေးထိုးသွေးခွဲစကားတွေကို လုံးဝနားမယောင်ခဲ့ဘဲ တည်ငြိမ်ရင့်ကျက်မှုအပြည့်နဲ့ နိုင်ငံနဲ့ပြည်သူကို ကယ်တင်စောင့်ရှောက် တာဝန်ယူနိုင်ခဲ့တယ်မဟုတ်လား။ တစ်သွေးတစ်သံ တစ်မိန့်အောက်မှာ စုစည်းမပျက် ညီညွတ်လျက်နဲ့ ပေးအပ်လာတဲ့ တာဝန်မှန်သမျှကို ကျေပွန်အောင်မြင်စွာ ထမ်းဆောင်နိုင်ခဲ့တယ်မဟုတ်လား။ ဒါဟာ တပ်မတော်ရဲ့ ပကတိသရုပ်မှန်ပဲ ဖြစ်ပါတယ်။

တကယ်တော့ တပ်မတော်ဟာ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းမှာ အဆုံးစွန်သော အောင်မြင်မှုနဲ့ တာဝန်ကျေခဲ့ပါတယ်။ ဆက်လက်ပြီး လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာ ကာကွယ်ထိန်းသိမ်းမှုအပိုင်း၊ ပြည်သူရဲ့ အသက်အိုးအိမ် စည်းစိမ်လုံခြုံရေး ကာကွယ်စောင့်ရှောက်မှုအပိုင်းမှာလည်း နိုင်ငံနဲ့ပြည်သူကို မှဲ့တစ်ပေါက်မစွန်းရအောင် အပြည့်အဝ ထိန်းသိမ်းကာကွယ် စောင့်ရှောက်နိုင်ခဲ့ပါတယ်။ ဒီနေ့ခေတ် နိုင်ငံတော်တည်ဆောက်ရေးအပိုင်းမှာလည်း ဘယ်ခေတ်ဘယ်အခါကနဲ့မှ မယှဉ်သာအောင် စွမ်းစွမ်းတမံ ထူးထူးခြားခြား တည်ဆောက်ဖော်ဆောင်ပေးနိုင်ခဲ့ပါတယ်။ ဒီလုပ်ငန်းစဉ်အားလုံးမှာ တပ်မတော်ကို မဏ္ဍိုင်ပြုပြီး ပြည်တွင်းအား၊ ပြည်သူ့အားနဲ့ စွမ်းဆောင်အောင်မြင်ခဲ့ကြခြင်းဖြစ်တယ်လို့ မောင်မှတ် ဆိုချင်ပါတယ်။ ဒါကြောင့် မောင်မှတ်တို့နိုင်ငံရဲ့ အမျိုးသားရေးလုပ်ငန်းစဉ်တိုင်းမှာ တပ်မတော်ရဲ့ အခန်းကဏ္ဍဟာ ထာဝရ အရေးပါနေမှာသာ ဖြစ်ပါတယ်။

ဒါ့အပြင်**တပ်မတော်ဟာ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍကတာဝန်ယူပြီး ပြည်သူတွေလိုလားတဲ့ ဒီမိုကရေစီပန်းတိုင်ဆီကို လမ်းပြပေးသူဖြစ်ပါတယ်။ စစ်မှန်ပြီး စည်းကမ်းပြည့်ဝတဲ့၊ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီလှူ့ဘောင်သစ်ဆီကို မရောက်ရောက်အောင် ပို့ဆောင်ပေးသူလည်း ဖြစ်ပါတယ်။ ဒါကို မောင်မှတ်တို့ ပြည်သူက သိပါတယ်။ သို့သော် ဆန့်ကျင်ဘက်အုပ်စုတွေကတော့ ပြည်သူတွေရဲ့ အရေး၊ ဒီမိုကရေစီအရေးဆိုတာတွေထက် သူတို့အာဏာရရေး၊ သူတို့ပါတီအရေးကိုသာ ရှေ့တန်းတင်နေကြလေတော့ တပ်မတော်ရဲ့ အမျိုးသားနိုင်ငံရေးလမ်းကြောင်းနဲ့ ပြဒါးတစ်လမ်း သံတစ်လမ်းဖြစ်နေတာ မဆန်းလှပါဘူး။** ဒါကြောင့်လည်း နိုင်ငံနဲ့ပြည်သူရဲ့ အနာဂတ်အတွက် အင်မတန်အန္တရာယ်ကြီးလှတဲ့ တပ်မတော်ဖြိုခွဲရေးလုပ်ငန်းကြီးကို ပြည်ပအသံလွှင့်ဌာနတွေနဲ့ပေါင်းပြီး တစိုက်မတ်မတ် လုပ်ဆောင်နေခဲ့ခြင်းပဲဖြစ်ပါတယ်။

မောင်မှတ် လေ့လာမိသလောက် ပြီးခဲ့တဲ့ရက်ပိုင်းအတွင်းက ၂၀၁၀ခုနှစ် ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး ဆွေးနွေးပွဲတစ်ခုကို ကရဝိက်မှာ ကျင်းပခဲ့တယ်လို့ သိရပါတယ်။ အဲဒီဆွေးနွေးပွဲမှာ နိုင်ငံကျော် ဝါရင့်စာရေးဆရာကြီးတစ်ဦးက မြန်မာနိုင်ငံမှာ လက်နက်ကိုင်အဖွဲ့အစည်းများ ပြိုကွဲမှာကို စိုးရိမ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံမှာ တပ်မတော်မရှိလို့ မဖြစ်ကြောင်း၊ တပ်မတော်ပြိုကွဲပါက မိမိတို့ ပြည်သူပြည်သားများသာ ထိခိုက်နစ်နာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တပ်မတော်ကြီးကို အင်အားရှိဖို့ ပြည်သူများက ကူညီရမှာဖြစ်ကြောင်း ထည့်သွင်းဆွေးနွေးပြောကြားသွားတယ်လို့ ကြားမိပါတယ်။ အင်မတန်မှ အချိန်အခါနဲ့ ကိုက်ညီပြီး ထိမိမှန်ကန်တဲ့ စကားပါပဲ။ ဒါကို တပ်မတော်ဖြိုခွဲရေး ကြံစည်ကြိုးပမ်းလုပ်ဆောင်နေတဲ့ ဆန့်ကျင်ဘက်အုပ်စုများ သိစေကြားစေ နားလည်စေချင်စမ်းပါဘိတယ်။

မောင်မှတ် မှတ်သားမိသလောက်ပြောရရင် ဒီနေ့ခေတ် နိုင်ငံတိုင်းဟာ အားသုံးအားကို အခြေခံပြီး ရပ်တည်ရှင်သန်နေကြခြင်းဖြစ်တယ်လို့

တပ်မတော်ဟာ
အောင်မြင်မှုနဲ့ တာဝ
အချုပ်အခြာအာဏာ
အိုးအိမ် စည်းစိမ် လ
နိုင်ငံနဲ့ပြည်သူကို မှဲ့
ကာကွယ်စောင့်ရှောက်
ရေးအပိုင်းမှာလည်း
စွမ်းစွမ်းတမံ ထူးထူး
ဒီလုပ်ငန်းစဉ်အားလုံး
ပြည်သူ့အားနဲ့ စွမ်း
ဆိုချင်ပါတယ်။ ဒါ
စဉ်တိုင်းမှာ တပ်မတေ
ဖြစ်ပါတယ်။

ဆိုနိုင်ပါတယ်။ နံပါတ်(၁) အားကတော့ နို
Might)ဖြစ်ပါတယ်။ နိုင်ငံရေးအားဆိုတာ
ညီညွတ်မှုအား၊ လက်တွဲပူးပေါင်း ဆောင်ရွက
နိုင်ငံရေးအရ စည်းလုံးညီညွတ်မှုမရှိဘဲ အ
နေမယ်ဆိုရင် ဘယ်လိုမှ အားမဖြစ်နိုင်ပါဘူး။
နိုင်ငံရေးအရ စည်းလုံးညီညွတ်မှုကို တည
ရှင်သန်ရပ်တည်နေကြခြင်းပဲ ဖြစ်ပါတယ်။
စီးပွားရေးအား (Economic Might)ဖြစ်
ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်အေ
ကြရပါတယ်။ ကိုယ့်ခြေထောက်ပေါ်ကို
သူတစ်ပါးနိုင်ငံအပေါ် မှီခိုနေရပြီဆိုရင် စီးပွား
ဖြစ်သွားမှာပါပဲ။

နံပါတ်(၃)အားကတော့ စစ်ရေးအင်အ
ဖြစ်ပါတယ်။ ဒီနေ့ နိုင်ငံအားလုံးဟာ ကိုယ့်နိ
ရှိအောင် အမြဲကြိုးပမ်း မြှင့်တင်တည်ဆော
အင်အား ကြံ့ခိုင်တောင့်တင်းမှသာ နိုင်ငံအ
ဖြစ်ပါတယ်။ ဒါကို မောင်မှတ်တို့တွေ သိမြင်
ကြီးပါတယ်။ ဒီနေ့ အဲဒီအားသုံးအားနဲ့ ပြ
ကြိုးပမ်းတည်ဆောက် မြှင့်တင်နေကြတဲ့ အချိ
နိုင်ငံရဲ့ တပ်မတော်ကို အခုလို ဖြိုခွဲဖို့ ကြံ
နေကြခြင်းဟာ ဘယ်လိုမှ မဖြစ်သင့်တဲ့ လုပ်ရပ
အနာဂတ်ပျောက်အောင် ကြံစည်လုပ်ဆော
အားဖြင့် နိုင်ငံနဲ့ ပြည်သူအပေါ် ကြီးမား
တစ်ရပ်ပါပဲ။

**ဒီလိုမဟုတ်မမှန် လုပ်ကြံသတင်းတွေကို ပြည်တွင်းသစ္စာဖောက် ပုဆိန်ရိုးတွေက အကွက်ချဖန်တီးပေးပို့နေပြီး ဒါတွေကို လီဆယ်လုပ်ကြ
သိပါလျက်နဲ့ ပြည်ပအသံလွှင့်ဌာနတွေက ရှုန်းရှုန်းဝေအောင် အားပါးတရ ထုတ်လွှင့်ပေးနေကြတာပါ။ သူတို့တွေဖြစ်စေချင်တာကတော့
ပြည်သူများအတွင်းမှာ အဲဒီ ယုန်ထင်ကြောင်ထင် အတွေးတွေ၊ စိုးရိမ်ပူပန်မှုတွေနဲ့ ရတ်ရတ်သဲသဲ အခြေအနေတွေ ပေါ်ပေါက်လာစေ
တပ်တွင်းစည်းလုံးညီညွတ်မှု ပြိုကွဲတာ၊ တပ်မတော်ပြိုကွဲတာကို မြင်ချင်တာပါပဲ။ နောက်ဆုံးမှာ အများယောင်လို့ လိုက်ယောင် အမောင
မြောက်မှန်းမသိဘဲ ဖိန်းဖောင်းတီးတိုင်း လူလုံးထွက်ပြချင်နေတဲ့ ပြည်ပနောက်မြီးဆွဲတွေ လမ်းပေါ်ထွက် ဆူပူထကြွလာတဲ့ အခြေအ
မဖြစ်ဖြစ်အောင် ဘေးတီးလှုံ့ဆော်ပေးနေတာပါပဲ။ ဒီလို ဒီယုန်မြင်လို့ ဒီချုံထွင်တာမျိုး၊ အသားလိုလို့ အရိုးတောင်းတဲ့ လုပ်ရပ်မျိုးကို
ပြည်သူတွေ နားလည်သဘောပေါက်ကြပြီး အရိပ်ပြရုံနဲ့ အကောင်မြင်ကြဖို့ အရေးကြီးလှပါတယ်။**

တပ်မတော်ဟာ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းမှာ အဆုံးစွန်သော အောင်မြင်မှုနဲ့ တာဝန်ကျေခဲ့ပါတယ်။ ဆက်လက်ပြီး လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာ ကာကွယ်ထိန်းသိမ်းမှုအပိုင်း၊ ပြည်သူရဲ့ အသက်အိုးအိမ် စည်းစိမ် လုံခြုံရေး ကာကွယ်စောင့်ရှောက်မှုအပိုင်းမှာလည်း နိုင်ငံနဲ့ပြည်သူကို မှဲ့တစ်ပေါက်မစွန်းရအောင် အပြည့်အဝ ထိန်းသိမ်း ကာကွယ်စောင့်ရှောက်နိုင်ခဲ့ပါတယ်။ ဒီနေ့ခေတ် နိုင်ငံတော်တည်ဆောက်ရေးအပိုင်းမှာလည်း ဘယ်ခေတ်ဘယ်အခါကနဲ့မှ မယှဉ်သာအောင် စွမ်းစွမ်းတမံ ထူးထူးခြားခြား တည်ဆောက်ဖော်ဆောင်ပေးနိုင်ခဲ့ပါတယ်။ ဒီလုပ်ငန်းစဉ်အားလုံးမှာ တပ်မတော်ကို မဏ္ဍိုင်ပြုပြီး ပြည်တွင်းအား၊ ပြည်သူ့အားနဲ့ စွမ်းဆောင်အောင်မြင်ခဲ့ကြခြင်းဖြစ်တယ်လို့ မောင်မှတ် ဆိုချင်ပါတယ်။ ဒါကြောင့် မောင်မှတ်တို့နိုင်ငံရဲ့ အမျိုးသားရေးလုပ်ငန်းစဉ်တိုင်းမှာ တပ်မတော်ရဲ့ အခန်းကဏ္ဍဟာ ထာဝရ အရေးပါနေမှာသာ ဖြစ်ပါတယ်။

ဆိုနိုင်ပါတယ်။ နံပါတ်(၁) အားကတော့ နိုင်ငံရေးအား (Political Might)ဖြစ်ပါတယ်။ နိုင်ငံရေးအားဆိုတာ တစ်နည်းအားဖြင့် စည်းလုံးညီညွတ်မှုအား၊ လက်တွဲပူးပေါင်း ဆောင်ရွက်မှုအားသာ ဖြစ်ပါတယ်။ နိုင်ငံရေးအရ စည်းလုံးညီညွတ်မှုမရှိဘဲ အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲနေမယ်ဆိုရင် ဘယ်လိုမှ အားမဖြစ်နိုင်ပါဘူး။ ဒါကြောင့် နိုင်ငံတိုင်းဟာ နိုင်ငံရေးအရ စည်းလုံးညီညွတ်မှုကို တည်ဆောက်ပြီး အားအဖြစ်ရှင်သန်ရပ်တည်နေကြခြင်းပဲ ဖြစ်ပါတယ်။ နံပါတ်(၂)အားကတော့ စီးပွားရေးအား (Economic Might)ဖြစ်ပါတယ်။ စီးပွားရေးအရ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်အောင် ကြိုးပမ်းတည်ဆောက်ကြရပါတယ်။ ကိုယ့်ခြေထောက်ပေါ်ကိုယ် မရပ်တည်နိုင်ဘဲ သူတစ်ပါးနိုင်ငံအပေါ် မှီခိုနေရပြီဆိုရင် စီးပွားရေးအရ ခေတ်သစ်ကိုလိုနီဖြစ်သွားမှာပါပဲ။

နံပါတ်(၃)အားကတော့ စစ်ရေးအင်အား (Military Might) ဖြစ်ပါတယ်။ ဒီနေ့ နိုင်ငံအားလုံးဟာ ကိုယ့်နိုင်ငံကို Military Might ရှိအောင် အမြဲကြိုးပမ်း မြှင့်တင်တည်ဆောက်နေကြပါတယ်။ စစ်ရေးအင်အား ကြံ့ခိုင်တောင့်တင်းမှသာ နိုင်ငံအများက လေးစားခံ့ညားမှာ ဖြစ်ပါတယ်။ ဒါကို မောင်မှတ်တို့တွေ သိမြင်နားလည် စွဲမြဲနေဖို့ အရေးကြီးပါတယ်။ ဒီနေ့ အဲဒီအားသုံးအားနဲ့ ပြည့်စုံအောင် နိုင်ငံတိုင်းက ကြိုးပမ်းတည်ဆောက် မြှင့်တင်နေကြတဲ့ အချိန်အခါမျိုးမှာ မောင်မှတ်တို့ နိုင်ငံရဲ့ တပ်မတော်ကို အခုလို ဖြိုခွဲဖို့ ကြံစည်ကြိုးပမ်း လုပ်ဆောင်နေကြခြင်းဟာ ဘယ်လိုမှ မဖြစ်သင့်တဲ့ လုပ်ရပ်မျိုးပါပဲ။ နိုင်ငံနဲ့ ပြည်သူရဲ့ အနာဂတ်ပျောက်အောင် ကြံစည်လုပ်ဆောင်နေတာဖြစ်လို့ တစ်နည်းအားဖြင့် နိုင်ငံနဲ့ ပြည်သူအပေါ် ကြီးမားတဲ့ သစ္စာဖောက်ဖျက်မှု တစ်ရပ်ပါပဲ။

...နဲ့ပြီး ဒါတွေကို လီဆယ်လုပ်ကြံသတင်းမှန်း
...တွေဖြစ်စေချင်တာကတော့ မောင်မှတ်တို့
...အနေတွေ ပေါ်ပေါက်လာစေချင်တာပါပဲ။
...င်လို့ လိုက်ယောင် အမောင် တောင်မှန်း
... ဆူပူထကြွလာတဲ့ အခြေအနေမျိုးအထိ
...ိုးတောင်းတဲ့ လုပ်ရပ်မျိုးကို မောင်မှတ်တို့

မောင်မှတ် နားလည်သလိုပြောရရင် သမိုင်းကြောင်းတစ်လျှောက် အစဉ်အလာကောင်းတွေကို ပိုင်ဆိုင်ထားတဲ့ တပ်မတော်လို အဖွဲ့အစည်းကတော့ ဒီလိုလုပ်ကြံလီဆယ် သွေးထိုးသွေးခွဲစကားတွေကြောင့် ဘာမှ ထိခိုက်ပွန်းပဲ့သွားမှာ မဟုတ်ပါဘူး။ အထက်က ပေးအပ်တဲ့ အမိန့်နဲ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ကြရပြီး ချမှတ်ပြဋ္ဌာန်းထားတဲ့ တပ်မတော်ရဲ့ စည်းကမ်းဥပဒေတွေကိုလည်း တိကျစွာ လိုက်နာတတ်တဲ့ အစဉ်အလာကောင်း၊ အလေ့အကျင့်ကောင်းကို ပိုင်ဆိုင်ထားပြီးသားဖြစ်တဲ့အတွက် ဘယ်သူခွဲခွဲ ဒို့မကွဲ အမြဲစည်းလုံးမည်ဆိုတဲ့ ဆောင်ပုဒ်အတိုင်း အနာဂတ်လုပ်ငန်းစဉ်တွေကို အရှိန်အဟုန်မပျက် စည်းလုံးညီညွတ်စွာ ဆက်လက်ဆောင်ရွက်သွားမှာသာ ဖြစ်ပါတယ်။ ဘေးပြောတာကို မယုံဘဲ သွေးပြောတာကိုသာ ယုံကြည်လက်ခံပြီး တည်ငြိမ်ရင့်ကျက်မှုအပြည့်နဲ့ ခိုင်ခိုင်မာမာ စုစုစည်းစည်း ခရီးဆက်ချီတက်သွားမယ်ဆိုတာ ယုံမှားသံသယဖြစ်ဖွယ် မရှိပါဘူး။

ဒါကြောင့်လည်း ပြည်ပအသံလွှင့်ဌာနတွေရဲ့ လိုမ့်လုံးညာလုံး ဖြီးလုံးဖြန်းလုံးတွေကို နားယောင်မိပြီး တပ်မတော်ပြိုကွဲသွားမှာ၊ လက်ရှိရရှိထားပြီးဖြစ်တဲ့ တည်ငြိမ်အေးချမ်းမှုနဲ့ ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်တွေ နှောင့်နှေးပျက်ယွင်းသွားမှာ၊ ဒါ့အပြင် ရှေ့မှာ လက်တစ်ကမ်းတောင်မလိုတော့တဲ့ ဒီမိုကရေစီပန်းတိုင် လက်လွတ်ပျောက်ဆုံးသွားမှာကို အစိုးရိမ်ကြီး စိုးရိမ်ပူပန်နေကြတဲ့ ပြည်သူများအနေနဲ့ ဘာမှနားမယောင်ကြဖို့၊ စိတ်မပူကြဖို့ မောင်မှတ် ပြောလိုပါတယ်။ ခွေးလေးခုန်ရုံနဲ့တော့ ဖုန်မထနိုင်ဘူးဆိုတာ နားလည်ယုံကြည်ကြစေချင်ပါတယ်။ အဓိကကတော့ ကလိမ်စေ့ငြမ်းဆင် အလိမ်တကာ့ဘုရင်တွေ မိုးလုံးမဆံ့အောင် လိမ်နေကြတယ်ဆိုတာကို သိနားလည်ကြပြီး တစ်ဖက်ကလည်း သိသိကြီးနဲ့ အလိမ်မမိကြစေဖို့ သတိသမ္ပဇဉ်တရား လက်ကိုင်ထားကြစေချင်ပါတယ်။ လိမ်တဲ့သူက လိမ်တာသူ့အလုပ်ဖြစ်တာမို့ ဆက်ခါဆက်ခါ လိမ်နေဦးမှာပါပဲ။ မောင်မှတ်တို့ကလည်း ကိုယ့်အလုပ်ကိုယ်လုပ်ပြီး အလိမ်အညာမှိုင်းမမိစေဖို့ သတိလေးနဲ့ ဆင်ခြင်ရှောင်ရှားသွားကြရမှာသာ ဖြစ်ပါတယ်။

တကယ်တမ်းပြောရရင် နေ့စဉ်ထုတ်သတင်းစာတွေ၊ MRTV ရုပ်မြင်သံကြား ဖန်သားပြင်တွေမှာ ဖော်ပြပေးနေတဲ့ ''ဘီဘီစီ- ညာနေသည်''၊ ''ဗွီအိုအေ ဘီဘီစီ - ရန်တိုက်ပေးနေသည်''၊ ''ခလောက်ဆန်အကောက်ကြံ လေလှိုင်းသံများ၊ နားမယောင်လေနဲ့ သတိထား''ဆိုတဲ့ ဆောင်ပုဒ်တွေဟာ အမှန်တွေချည်းပါပဲ။ ပြည်သူတွေ အသိတရားနဲ့ယှဉ်ပြီး သတိတရားနဲ့ ပေါင်းစပ်နိုင်အောင် ထိထိမိမိ သတိပေးနေတဲ့ ဆောင်ပုဒ်တွေဖြစ်ပါတယ်။ ဆယ်စုနှစ်ပေါင်းများစွာ အလိမ်အညာ လုပ်ကြံသွေးထိုးစကားတွေကို တွင်တွင်ပြောပြီး မောင်မှတ်တို့ အများပြည်သူ စိတ်မချမ်းသာ၊ နားမချမ်းသာအောင် လုပ်လာခဲ့တာတွေအတွက် တစ်ချိန်ချိန်တော့ ထိုက်သင့်တဲ့ အပြစ်ဒဏ်ကိုခံရမှာ မြေကြီးလက်ခတ်မလွဲပါဘဲ။ ဘာပဲဖြစ်ဖြစ် မောင်မှတ်တို့ ပြည်သူကတော့ ဒင်းတို့ရဲ့ တပ်မတော်ဖြိုခွဲမည့်အကြံ ဒို့လက်မခံနိုင်ကြောင်း တစ်စွန်းတစ်စ ခွန်းဟလို့ သတိပေးလိုက်ရပါတယ်။ ။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် တန့်ယန်းမြို့ရှိ လက်ဖက်စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် လက်ဖက်ခင်းထိန်းသိမ်းသည့်လုပ်ငန်းဆောင်ရွက်မှု ကြည့်ရှုစစ်ဆေး စိုက်နည်းစနစ် မှန်ကန်စွာဖြင့် ကျယ်ပြန့်စွာတိုးချဲ့စိုက်ပျိုးရန် မှာကြား

နေပြည်တော် ဇန်နဝါရီ ၂၃

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ် လိုက်ပါလျက် ဇန်နဝါရီ ၂၁ရက် နံနက် ၈နာရီခွဲတွင် တန့်ယန်းမြို့ရှိ မြို့နယ်ရုံး အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံပြီး တန့်ယန်းမြို့၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကာ မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပရေးလုပ်ငန်းများဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

တိုးချဲ့စိုက်ပျိုး

ယင်းနောက် တန့်ယန်းမြို့ရှိ အောင်မြင်ဖြစ်ထွန်းလျက်ရှိသော လက်ဖက်စိုက်ခင်းများနှင့် လက်ဖက်စိုက်ခင်း၌ လက်ဖက်ခင်းထိန်းသိမ်းသည့်လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်က ဒေသနှင့်ကိုက်ညီသည့် လက်ဖက်ကို စိုက်နည်းစနစ်မှန်ကန်စွာဖြင့် ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့စိုက်ပျိုးနိုင်ရေး မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် မန်ကတ်တပ်နယ် သင်တန်းခန်းမ၌ နယ်ခြားစောင့်တပ်ဖွဲ့ဝင်များနှင့်တွေ့ဆုံ အမှာစကားပြောကြားပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ကျောင်းဆောင်သစ်

ထို့မှတစ်ဆင့် မန်ဆိုင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျောင်းသား ကျောင်းသူများအား ပညာသင်ကြားပို့ချနေမှုနှင့် ကျောင်းဆောင်သစ် တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အားပေးစကားပြောကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် မွန်းလွဲပိုင်းတွင် မိုင်းရယ်မြို့ ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ဆေးဝါးကုသမှုခံယူလျက်ရှိသော လူနာများအား အားပေးစကား ပြောကြားကာ အလှူငွေများကိုပေးအပ်၍ ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ရော်ဘာစိုက်ခင်း

ယင်းနောက် မိုင်းရယ်မြို့ အမှတ်(၃)ရပ်ကွက်ရှိ ပေါ်စန့်ဆီစက်၌ မြေပဲဆီများ ကြိတ်ခွဲထုတ်လုပ်နေမှု အခြေအနေများကို ကြည့်ရှုပြီး ညနေပိုင်းတွင် လားရှိုးမြို့နယ် နမ့်ဘောဒကျေးရွာရှိ အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ရော်ဘာစိုက်ခင်းများနှင့် နမ့်ပေါင်ကျေးရွာရှိ အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ပျားလိမ္မော်စိုက်ခင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်က လုပ်ငန်းလိုအပ်ချက်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၄-၁-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း မင်္ဂလာသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **ဥပါဒါနပစ္စယာဘာဝေါ** တရားတော် (အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာနန္ဒမာလာဘိဝံသ)
- ၆:၄၅ ရန်ကင်းမြို့ကျက်သရေဆောင် မိုးကောင်းဆုတောင်းပြည့် စေတီတော်မြတ်ကြီး
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ ရန်ကုန်မြင်ကွင်းကျယ် (Pupa အလှကုန်ပစ္စည်းမိတ်ဆက်ပွဲ)
- ၈:၀၀ ဟိုတယ်လမ်းညွှန်(ဟိုတယ်ရန်ကုန်)
- ၈:၃၀ Sports World(Sunday Special)
- ၈:၅၅ Activities in the City Yangon Expo' 2010 (Global ပဲဆီသန့်)
- ၉:၀၅ ကမ်းခြေအလှငွေဆောင်မှ ကမ်းလင့်လို့ကြို
- ၉:၂၅ Sunday Talk မျိုးမြတ်သူ၊ကိုကို(စက်မှုတက္ကသိုလ်)
- ၁၀:၂၀ ဖယောင်းလက်တို့ပေါင်းယှက်ညီ …အလင်းအောင်ပွဲဆီ
- ၁၀:၄၅ ရာမညမြေရဲ့ လင်းရောင်နီဦး
- ၁၁:၀၀ Milestones of Contemporary Music Selection
- ၁၁:၂၅ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (နုနုလွင်၏တေးများ)
- ၁၁:၄၅ ကလေးများ၏ကျန်းမာဖွံ့ဖြိုးရေး (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာမြင့်မြင့်သန်း)
- ၁၂:၁၀ ဗီဒီယိုပြခန်း
- ၁၂:၂၅ သွေးချင်းတို့ဆီအရောက်သွားမည်
- ၁၂:၄၀ Activities in the City (ဆီးချို၊ သွေးချိုသဘာဝသိရှိနားလည် ကာကွယ်ကြ)
- ၁:၀၀ **ဥပါဒါနပစ္စယာဘာဝေါ** တရားတော် (အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာနန္ဒမာလာဘိဝံသ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ စကားနပန်း (အလှအပကြိုက်တာကောင်းတယ်၊ အလှအပမကြိုက်တာကောင်းတယ်)
- ၃:၄၅ သီးနှံစိုက်ပျိုးအထွက်တိုး **စားသုံးဆီဖူလုံဖို့မြေပဲ အထွက်တိုးအောင် စိုက်ကြစို့**
- ၃:၅၀ လူမှုစီးပွားမြင့်မားဖို့ ကျေးရွာစာကြည့်တိုက်အတွင်းစာဖတ်စို့
- ၄:၀၀ ဖယောင်းလက်တို့ပေါင်းယှက်ညီ …အလင်းအောင်ပွဲဆီ
- ၄:၂၀ ကမ်းခြေအလှငွေဆောင်မှ ကမ်းလင့်လို့ကြို
- ၄:၄၅ Activities in the City Yangon Expo' 2010 (Global ပဲဆီသန့်)
- ၅:၀၀ Sports World(Sunday Special)
- ၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ Milestones of Contemporary Music Selection
- ၆:၅၀ FA Cup Preview
- ၇:၀၀ ဈေးဝယ်လမ်းညွှန်(သမ္ဘူလ)
- ၇:၃၀ FMF Selection
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ စကားနပန်း (အလှအပကြိုက်တာကောင်းတယ်၊ အလှအပမကြိုက်တာကောင်းတယ်)
- ၉:၃၀ ဟိုတယ်လမ်းညွှန်(ဟိုတယ်ရန်ကုန်)
- ၁၀:၀၀ FA Cup (Scunthorpe Vs Man City)
- ၁၂:၀၀ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (နုနုလွင်၏ တေးများ)
- ၁၂:၁၅ **စီးဆင်းပါစေမေတ္တာရည်** မေကဗျာ၊ ဖူးဖူး
- ၁၂:၂၅ ငြိမ့်ညောင်းသာယာရှုမဝ မြန်မာ့ဂီတမြန်မာ့အက
- ၁၂:၄၀ တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူဒို့အတူ (စိတ်အပန်းဖြေစရာ အလှမွေးငါးကမ္ဘာ)

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

FA Cup ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇:၃၀	Stoke City-Arsenal	ESPN(Live)
၁၀:၀၀	Scunthorpe -Man City	ESPN(Live)

ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော် ဇာဒက်ကြီးကျွန်း၌ ပင်လယ်ရေညှိများမွေးမြူမှုစစ်ဆေး ကျောင်းအတွက် လိုအပ်သည့်ကွန်ပျူတာနှင့် မျက်နှာကြက် အမိုးများ ဖြည့်ဆည်းပေး

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော် ကော့သောင်းမြို့ ဇာဒက်ကြီးကျွန်း ပင်လယ်ကမ်းခြေ၌ ပင်လယ်ရေညှိများ မွေးမြူထားရှိမှုနှင့် နေလှန်းအခြောက်ခံထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၂၃

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၂၁ရက် နံနက်ပိုင်းက ကော့သောင်းမြို့ ဇာဒက်ကြီးကျွန်းသို့သွားရောက်ပြီး နယ်မြေခံတပ်ရင်းမှ ပင်လယ်ကမ်းခြေ၌ပင်လယ်ရေညှိများမွေးမြူထားရှိမှုနှင့် နေလှန်းအခြောက်ခံထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ပေးအပ်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် နယ်မြေခံတပ်ရင်းခန်းမ၌ တပ်ရင်းမှ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအားတွေ့ဆုံကာ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ ရှင်းလင်းမှာကြားပြီး တာဝန်ရှိသူတစ်ဦးက စစ်သည်မိသားစုဝင်များအတွက် စားသောက်ကုန်နှင့် လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် ဇာဒက်ကြီးကျွန်း တွဲဖက် အခြေခံပညာအထက်တန်းကျောင်း ကွန်ပျူတာခန်းနှင့် သင်ထောက်ကူပစ္စည်း၊ စာသင်ခန်းတို့၌ ကျောင်းသား ကျောင်းသူများ၏ ပညာသင်ကြားနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းအတွက် လိုအပ်သည့် ကွန်ပျူတာများနှင့် မျက်နှာကြက်အမိုးတို့ကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်းက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ကို Petronas Carigali Overseas Sdn. Bhd. ၏ Managing Director, Datuk Abdullan Bin Karim ထံ ပေးအပ်စဉ်။ (သတင်းစဉ်)

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် မလေးရှား၊ စင်ကာပူနိုင်ငံတို့မှ ကုမ္ပဏီများ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်များ ချုပ်ဆို

နေပြည်တော် ဇန်နဝါရီ ၂၃

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် မလေးရှားနိုင်ငံ Petronas Carigali Overseas Sdn. Bhd. နှင့် စင်ကာပူသမ္မတနိုင်ငံမှ UNOG Pte., Ltd. တို့သည် မုတ္တမကမ်းလွန်ဒေသ ရေနက်ပိုင်းလုပ်ကွက်များဖြစ်ကြသော MD-4, MD-5 နှင့် MD-6 တို့တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်များ (Production Sharing Contracts) ကို ဇန်နဝါရီ ၂၁ရက် ညနေပိုင်းက နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ရတနာခန်းမ၌ လက်မှတ်ရေးထိုးချုပ်ဆိုကြသည်။

နှုတ်ခွန်းဆက်စကား

အစီအစဉ်အရ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက အဖွင့်အမှာစကားပြောကြားပြီး မလေးရှားနိုင်ငံ Petronas Sdn. Bhd. မှ President/ CEO, Tan Sri Mohd Hassan Marican နှင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ဌေးတို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ဆက်လက်၍ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်ကို ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ဌေး၊ Petronas Carigali Overseas Sdn. Bhd. ၏ Managing Director, Datuk Abdullan Bin Karim နှင့် အသိသက်သေအဖြစ် စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်တို့က လက်မှတ် ရေးထိုးကြပြီး အပြန်အလှန်လဲလှယ်ကြသည်။

ပေးအပ်

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက စွမ်းအင်ဝန်ကြီးဌာန၏ လုပ်ငန်းခွင့်ပြုမိန့်များကိုလည်းကောင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ကိုလည်းကောင်း ပေးအပ်ရာ Petronas Carigali Overseas Sdn. Bhd. ၏ Managing Director, Datuk Abdullan Bin Karim က လက်ခံသည်။

အကျိုးတူပူးပေါင်း

လက်မှတ်ရေးထိုးချုပ်ဆိုသည့်ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်များသည် မုတ္တမကမ်းလွန်ဒေသရေနက်ပိုင်း လုပ်ကွက်များဖြစ်ကြသော MD-4, MD-5 နှင့် MD-6 တို့၌ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ရေး လုပ်ငန်းများကို ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးအခြေခံဖြင့် အကျိုးတူပူးပေါင်း ဆောင်ရွက်သွားရန်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့အလင်း ပရီမီယာလိဂ်ဖောင်ပိတ်သတင်း

ရွန်နေ၏သွင်းဂိုးလေးဂိုးဖြင့် မန်ယူဇယားထိပ်ဆုံးရောက်

လန်ဒန် ဇန်နဝါရီ ၂၃

ပရီမီယာလိဂ်ပွဲစဉ်(၂၃) ဘောလုံးပြိုင်ပွဲအဖြစ် မန်ယူက အိမ်ကွင်း၌ ဟူးလ်စီးတီးအသင်းကို လက်ခံကစားခဲ့ရာ ပထမပိုင်းအပြီး ရွန်နေ၏ အဖွင့်ဂိုးဖြင့် မန်ယူတို့ ဦးဆောင်ကစားနိုင်ခဲ့သည်။

ဟူးလ်စီးတီးတိုက်စစ်မှူးများသည် မန်ယူကွင်းသို့ လာရောက်ကစားရသော်လည်း မန်ယူနောက်တန်းကို ခြိမ်းခြောက် ကစားနိုင်ခဲ့သည်။ သို့သော်လည်း ဒဏ်ရာကြောင့် သုံးလကြာအနားယူပြီး ပြန်လည် ကစားနိုင်ပြီဖြစ်သော မန်ယူခံစစ်မှူး ဖာဒီနန့်ပါဝင်လာ၍ မန်ယူခံစစ်လုံလာသည်။ ပွဲစသည်နှင့် မန်ယူတို့ တိုက်စစ်ဆင် ကစားရာ ပွဲချိန် ၈မိနစ်တွင် တိုက်စစ်မှူး ရွန်နေက ဟူးလ်စီးတီးဂိုးဧရိယာအတွင်းမှ မန်ယူအတွက် အဖွင့်ဂိုးသွင်းယူပေးခဲ့သည်။ ဒုတိယပိုင်း မိနစ် ၇၀တွင် ပေါစခိုးလ်အစား ဂစ်ဆင်၊ မိုက်ကယ်အိုဝင်အစား ဘာဘာတော့ဗ် ဝင်ကစားခဲ့သည်။ ဒုတိယပိုင်းတွင် မန်ယူကစားကွက်ပိုမြင့်လာသည်။ ပွဲချိန် ၈၁မိနစ်တွင် ရွန်နေက ဒုတိယဂိုးကို ပယ်နယ်တီဧရိယာအတွင်းမှ သွင်းယူခဲ့သည်။ ပွဲချိန် ၈၆မိနစ်တွင် နာနီ၏ ဖြတ်တင်ဘောမှတစ်ဆင့် ရွန်နေကပင် ခြောက်ကိုက်အကွာမှ ခေါင်းတိုက် ဂိုးသွင်းယူခဲ့သည်။ ပွဲပြီးလေလွှင့်ချိန်တွင် တိုက်စစ်မှူး ရွန်နေကပင် မန်ယူအတွက် စတုတ္ထနှင့်ပွဲသိမ်း ဂိုးသွင်းယူခဲ့၍ မန်ယူတို့ ရမှတ် ၅၀ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးသို့ ရောက်လာသည်။ ယင်းဂိုးမှာ ရွန်နေ၏ ယခုနှစ်အတွင်း ပရီမီယာလိဂ် ၁၉ဂိုးမြောက်ဂိုးဖြစ်သည်။

မန်ယူအတွက် အဖွင့်ဂိုးကို ရွန်နေက ဤသို့ သွင်းယူခဲ့သည်။ အင်တာနက် ဓာတ်ပုံ

အက်ဖ်အေဖလားအနိုင်အရှုံး

ပရက်စတွန် ၀-၂ ချယ်လ်ဆီး
ရက်ဒင်း ၁-၀ ဘန်လေ
အဲဗာတန် ၁-၂ ဘာမင်ဂမ်
စပါး ၂-၂ လိဂ်ယူနိုက်တက်
(အင်တာနက်)

အာကာကျော်-စုစည်းသည်

အပြည်ပြည်ဆိုင်ရာ အကောက်ခွန်နေ့ကို ဂုဏ်ပြုကြိုဆို ၂၀၁၀ခုနှစ် အကောက်ခွန်နှစ်လည် မဂ္ဂဇင်းထုတ်ဝေ

ရန်ကုန် ဇန်နဝါရီ ၂၃

၂၀၁၀ခုနှစ် ဇန်နဝါရီ ၂၆ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ အကောက်ခွန်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့်၂၀၁၀ အကောက်ခွန်နှစ်လည် မဂ္ဂဇင်းကို မျက်နှာဖုံးသရုပ်ဆောင် ဟေမာန်သောင်းရွှေ၏ပုံဖြင့် အကောက်ခွန်ဦးစီးဌာနမှ ထုတ်ဝေဖြန့်ချိလိုက်သည်။

ယင်းမဂ္ဂဇင်းတွင် နောင်၊ ညွှန့်ဝေ (ကသာ)၊ (မြင်းမူ)မောင်နိုင်မိုး၊ ကို (တက္ကသိုလ်)၊ မောင်ဟေမာ၊ မောင်ဆွေငယ်၊ သူရဇော်စသူတို့၏ ကဗျာများ၊ အကောက်ခွန်လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံကဏ္ဍ၊ရင်သွေးကဗျာများ၊ ကလေးပုံပြင်၊ ငွေကြည်၊ ရွှေမင်းသား၊ သစ်ထွဏ်း၊ တင်အောင်နီ၊ မြေဇာစသူတို့၏ ကာတွန်းလက်ရာများ၊ သုတ/ရသ ဆောင်း ပါးများ၊ ဥပဒေရေးရာ ဆောင်းပါးများ၊ ဦးစိန်လှိုင် (မဟာဝိဇ္ဇာ)၏ ဗုဒ္ဓဝင်ရသဝတ္ထု၊ မောင်မြင့်သန်း(အောင်လံ)၏ နိုင်ငံရပ်ခြားဟာသ၊ ကျန်းမာရေးဆောင်းပါးများ၊ မြတ်ဆွေထွန်း၊ ညို(ကပ်စတန်)၊ ထန်လျန်နာ(တာဟန်း)၊ စီစီစီအေအဖွဲ့ဝင်တစ်ဦး၊ ငွေစာရင်း အရာရှိတစ်ဦး၊ မြမိုးညို၊ ဦးလူတုတ်၊ မင်းသူခိုင်၊ ခင်ညိုညို၊ဝေရွှင်းတို့၏ အကောက်ခွန်ဆိုင်ရာဆောင်းပါးများ၊ ကိုရွှေတောသား၏ အသောအထေ့၊ တက္ကသိုလ်လှကြွယ်၊ ဝိုင်တို့၏ ဘာသာပြန်ဝတ္ထုများ၊ ယဉ်မင်းဦး (ဆေးတက္ကသိုလ်)၊ ဆင်ဖြူကျွန်း အောင်သိန်း၊ ဆောင်းဝင်းလတ်၊ တက္ကသိုလ်အေးမြစန္ဒာ၊ မောင်ရွှေစွန်၊ ရွှေမြိတ်သောင်းတင်၊ ကေမင်းညီ၊ မောင်ငြိမ်းသူ(ကြို့ပင်ကောက်)၊ မုဒုံသုမွန်၊ ကေခိုင်ထက်(UCSY)၊ မောင်မြင့်မား (ဘိုကလေး)တို့၏ ဝတ္ထုတိုများ၊ လယ်တွင်းသားစောချစ်၏ မဂ္ဂဇင်းဝတ္ထုရှည်၊ ဒေါက်တာမောင်မောင်ညို၊ ခင်နှင်းဝေ၊ မင်းသူခိုင်၊ သီလဝသီဟ၊ မောင်မြင့်သန်း(အောင်လံ)၊နှင်းမွန်ဦး၊ ဝေရွှင်း၊ ဦးသန်းမောင် (စစ်တွေ)၊ အိမ့်မြတ်သီခိုင်နှင့် ဝိုင်တို့၏ အင်္ဂလိပ်စာကဏ္ဍ၊ မောင်မောင်သိုက်၊ နီပိုဦး၊ အေကျော်စွာ၊ သန့်ဇော်သစ်၊ မမွေး၊ လှသစ်အောင် (အင်းလျား)၊ ငွေကြည်၊ သစ်ထွဏ်း၊ စိုးဝင်းငြိမ်းနှင့်မင်းဦး(ဒဿန)တို့၏ လက်ရာမြောက် ပန်းချီသရုပ်ဖော်ပုံများဖြင့် သေသပ်လှပစွာ စက္ကူဖြူချောဆိုဒ်ကြီးဖြင့် ဝေဝေဆာဆာ ထုတ်ဝေထားပြီး ယင်းမဂ္ဂဇင်းကို အကောက်ခွန်ဦးစီးဌာန အမှတ်(၁၃၂) ကမ်းနားလမ်း ရန်ကုန်မြို့တွင် ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ယခုအပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် ထွက်ပြီ

ရန်ကုန် ဇန်နဝါရီ ၂၃

ယခုအပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၆)၊ အမှတ်(၄)၌ ဘဝတစ်ဆစ်ချိုးအပြောင်းကောင်းအောင် ဘယ်လိုလုပ်မလဲ တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေလမ်းညွှန် အထူးသတင်းဆောင်းပါးနှင့်အတူ ၂၀၀၉ ဒီဇင်ဘာတွင် မြန်မာနိုင်ငံတစ်ဝန်းမှ လောင်းကစားငွေကျပ် ၂၃သန်းကျော် မြန်မာနိုင်ငံရဲတပ်ဖွဲ့သိမ်းဆည်းနိုင်ခဲ့၊ ပြည်သူ့ရင်ပြင်ကို နိုင်ငံတကာအဆင့်မီ အပန်းဖြေဥယျာဉ်အဖြစ် မွမ်းမံတည်ဆောက်၊ မျိုးသုဉ်းတော့မည့် မြန်မာ့လိပ်ဖောင်းလျား ပုံတူမျိုးပွားမည်၊ မြန်မာနိုင်ငံရှိ မွေးမြူရေးခြံများ၏ တည်နေရာကို ဂျီပီအက်စ်စနစ်ဖြင့် မှတ်တမ်းတင်မည်၊ တောဆင်ရိုင်းသုံးကောင်ကို ရန်ကုန်တိရစ္ဆာန်ဥယျာဉ်တွင် ကြည့်ရှုနိုင်မည်၊ သင်္ဂြိုဟ်စရိတ်များ တိုးမြှင့်ကောက်ခံနေခြင်းသတင်းမမှန်စသည့် ပြည်တွင်းရေးရာသတင်းများ၊ ကိုကို(စက်မှုတက္ကသိုလ်)၏ ‘ရ ရထားစီးလို့သွား ခရီးတွင်မှာလား’၊ သတင်းတစ်ကြောင်း အတွေးထောင်သောင်းကဏ္ဍ၊ မျှော်ရပါသည် မှတ်သုံးရာသီ(Myanmar Discovery)၊ ဝါရင့်နိုင်ငံရေးသမားကြီး ကိုသန်း(ကြည့်မြင်တိုင်)၏ ‘တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်ဖို့ဆိုရင် လွတ်လပ်စွာပြောဟောပြော၊ ရေးသား၊ လှုံ့ဆော်ခွင့်ရှိရမယ်၊ ငွေနဲ့မဲလိုက်ဝယ်တာမျိုးတားမြစ်ရမယ်’၊ ကျွန်ုပ်တို့၏ ရန်ကုန်ကဏ္ဍ၊ အဝေးတစ်နယ်ဆီက အမေဖတ်ဖို့ ဓမ္မစာလွှာ ပန်းမာလာ၊ တစ်ဖက်သားကိုယ့်ဘက်ပါအောင်ဆွဲဆောင်နည်း၊ သနားစဖွယ် အတွေးများ ကဲ့သို့သော ဖတ်စရာ မှတ်စရာ ဆောင်းပါးများ၊ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီ ဖြစ်သည်။

တရုတ်ကို ဗဟိုပြုနေသည့် ကမ္ဘာကြီး အမှန်တကယ်ဖြစ်လာလေမည်လား၊ ကမ္ဘာ့မြေလွှာထုအတွင်းရှိ ပြတ်ရွေ့ကြောင်းက ခေတ်မီလူ့အဖွဲ့အစည်းအား အန္တရာယ် ပြုစေမည်လား၊ အသက်ရှစ်နှစ်သား ကလေးငယ် အကြမ်းဖက်သမား သံသယရှိသူများစာရင်းတွင် ပါဝင်နေ၊ ဗြိတိန်တွင် အသက် ၁၈နှစ်မပြည့်သေးသော လူငယ်များ ပြစ်မှုအကြိမ်ကြိမ်ကျူးလွန်နေသည်ကို မဟန့်တားနိုင်သေး၊ အင်္ဂလန်အမျိုးသမီးရဲ့အရာရှိတစ်ဦး အရပ် လေးပေ ၁၀လက်မသာရှိ၊ တောင်ကိုရီးယားဇနီးမောင်နှံတို့ သားလေးများထက် သမီးလေးများ ပိုလိုချင်၊ ၂၀၃၅တွင် ရေခဲလွှာများကွယ်ပျောက်မည်ဟူသော အဆိုနှင့်ပတ်သက်၍ အငြင်းပွား၊ Avatarရုပ်ရှင် ကြည့်မည့်သူများ ရူးမတတ်ခံစားနေရသည်၊ အမေရိကန်ကျောင်းများရှိ ကျောင်းသားများ တရုတ်စကားပိုမိုသင်ယူလာ စသည့်နိုင်ငံတကာ ထူးထူးဆန်းဆန်းသတင်းများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media Houseမှ တစ်ပြည်လုံးဖြန့်ချိထားသည်။

(သတင်းစဉ်)

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

အားကစားသတင်း အတိုအထွာ

ချစ်စိုးနိုင်-စုစည်းသည်

ဆစ်ဆိုကိုအား ခေါ်ယူရန် မန်ယူနှင့် စပါးအပြိုင်ကြိုးပမ်း

မန်ယူအသင်းသည် တူလုစ်အသင်းမှ ပေါင် ၁၈သန်းတန် ကွင်းလယ် ကစားသမား ဆစ်ဆိုကိုအား ခေါ်ယူရန် စပါးအသင်းနှင့် အပြိုင်ဆက်သွယ် ကြိုးပမ်းခဲ့ကြောင်း ဒေးလီးမေးလ်၌ ဖော်ပြသည်။

ရေးဆင်းမှ ကာနာလက်စ် ရီးရဲမက်ဒရစ်သို့ ရောက်မည်

ရေးဆင်းကွင်းလယ်ကစားသမား ဆာဂျီယိုကာနာလက်စ်သည် ရီးရဲမက်ဒရစ်သို့ ပေါင် ၄.၅သန်းခွဲဖြင့် ပြောင်းရွှေ့ရန် သဘောတူညီခဲ့ကြောင်း ဒေးလီးမေးလ်တွင် ဖော်ပြသည်။

ဂျိုကိုးလ် ချယ်လ်ဆီး၌ ဆက်ရှိမည်ဟု အန်ဆယ်လော့တီဖွင့်ဟ

ယခုဘောလုံးရာသီအကုန်တွင် ချယ်လ်ဆီးအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးတော့မည့် ဂျိုကိုးလ်သည် လာမည့်ဘောလုံးရာသီတွင် ချယ်လ်ဆီးအသင်း၌ ဆက်ရှိနေမည်ဟု ချယ်လ်ဆီးနည်းပြအန်ဆယ်လော့တီက ဖွင့်ဟပြောကြားကြောင်း သည်ဂါးဒီးယန်း၌ ဖော်ပြသည်။

ဗီလာမှ ဘီယီအား ခေါ်ယူရေး စတိဗ်ဘရုစ်စဉ်းစားနေ

ဟမ်းဘတ်ခံစစ်မှူး ဒီမီလ်အားခေါ်ယူရေး ပျက်ပြားခဲ့ပြီးနောက် အက်စ်တွန်ဗီလာမှ ဟာဘစ်ဘီယီအား ခေါ်ယူရန် စဉ်းစားနေသည်ဟု ဆန်းဒါးလန်းနည်းပြ စတိဗ်ဘရုစ်က ဖွင့်ဟပြောကြားခဲ့ကြောင်း ဒေးလီးမေရာတွင်ဖော်ပြသည်။

တိုက်စစ်မှူး ဂွတ်ဂျွန်ဆင်အား ဘလက်ဘန်း အငှားစာချုပ်လို

ဘလက်ဘန်းအသင်းသည် ဘာစီလိုနာတိုက်စစ်မှူးဂွတ်ဂျွန်ဆင်အား အငှားစာချုပ် ခေါ်ယူလိုကြောင်း၊ ထို့အပြင် စတုဂတ်မှ တူရကီကွင်းလယ်ကစားသမား ဘက်စ်တပ်ခ်ကိုလည်း ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း ဒေးလီးမေးလ်၌ ဖော်ပြသည်။

ဘောဆယ် တိုက်စစ်မှူး စထရီလာအား ဖူလ်ဟမ်ကမ်းလှမ်း

ဖူလ်ဟမ်အသင်းသည် အက်ဖ်စီဘောဆယ်မှ ပေါင်ခြောက်သန်းတန် ဆွစ်ဇာလန် တိုက်စစ်မှူး မာကိုစထရီလာအား ခေါ်ယူရန်ကမ်းလှမ်းခဲ့ကြောင်း ဒေးလီးမေးလ်တွင် ဖော်ပြသည်။

တိုက်စစ်မှူး မက်ကာသီအား အငှားစာချုပ်ရန် ဝက်စ်ဟမ်းစီစဉ်

ဝက်စ်ဟမ်းအသင်းသည် ဘလက်ဘန်းအသင်းမှ တောင်အာဖရိက တိုက်စစ်မှူး ဘင်နီမက်ကာသီအား ၁၈လ သက်တမ်းရှိ အငှားစာချုပ် ချုပ်ဆိုရန် စီစဉ်နေကြောင်း ဒေးလီးမေရာ၌ ဖော်ပြသည်။

ခံစစ်မှူးကာလစ်စလီအား ဘော်လ်တန်နှင့်ဝက်စ်ဟမ်း ပစ်မှတ်ထား

ဘန်လေခံစစ်မှူး ကလာကီကာလစ်စလီအား ဘော်လ်တန်နှင့် ဝက်စ်ဟမ်းတို့က လျှော့ဈေးဖြင့် ဝယ်ယူရန် ပစ်မှတ်ထားနေကြောင်း ဒေးလီးမေရာတွင် ဖော်ပြသည်။

မန်ယူမှ ဝဲလ်ဘက်ခ်အား ခေါ်ယူရန် ပရက်စတန်စီစဉ်

ပရက်စတန်အသင်းသည် မန်ယူတိုက်စစ်မှူး ဒန်နီဝဲလ်ဘက်ခ်အား အငှားစာချုပ် ခေါ်ယူရန်စီစဉ်နေကြောင်း စကိုင်းစပို့တ်သတင်း၌ ဖော်ပြသည်။

ဝီဂန်မှ ဒီရစ်ဒါနှင့် ဟာပိုးလ် ရာသီကုန်အထိ အငှားစာချုပ်

ဝီဂန်မှ ဟော်လန်တောင်ပံကစားသမား ဒင်နီယယ်ဒီရစ်ဒါသည် အစ္စရေးအသင်း ဟာပိုးလ်တဲလ်အဗစ်နှင့်ယခုဘောလုံးရာသီကုန်သည့်တိုင်အောင် အငှားစာချုပ်ချုပ်ဆို လိုက်ပြီဖြစ်ကြောင်း ပရက်စ်အဆိုဆီးရေးရှင်းတွင် ဖော်ပြသည်။

ဝက်စ်ဟမ်းမှ ဘက်ချ်ရာမီအား မန်စီးတီးကမ်းလှမ်း

မန်စီးတီးအသင်းသည် ဝက်စ်ဟမ်းမှ ဆွစ်ဇာလန် ကွင်းလယ်ကစားသမား ဗာလွန်ဘက်ချ်ရာမီအား ပြောင်းရွှေ့ကြေးပေါင် ၁၅သန်းဖြင့် ကမ်းလှမ်းခဲ့ကြောင်း ဒေးလီးတယ်လီဂရပ်၌ ဖော်ပြသည်။

ခံစစ်မှူးချီလီနီအားမန်ယူနှင့် မန်စီးတီးတို့ စိတ်ဝင်စားနေ

ဂျူဗင်းတပ်စ်မှ အသက် ၂၅နှစ်ရှိ ခံစစ်မှူး ဂျော်ဂျီယိုချီလီနီအား မန်ယူနှင့် မန်စီးတီးနှစ်သင်းစလုံးက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း၊ ချီလီနီ၏ အေးဂျင့်ကမူ စပါးနှင့် ဆက်သွယ်ဆွေးနွေးမှုများ ပြုလုပ်နေကြောင်း ဒေးလီးမေးတွင် ဖော်ပြသည်။

အမှတ်ပြည့်ရရှိရေး ရုန်းကန်ကြိုးစားရဦးမယ့် အာဆင်နယ် အိမ်ကွင်းမှာ အသာစီးရနိုင်တဲ့ ချယ်လ်ဆီးတို့ရဲ့ပရီမီယာအကြို

ရေးသူ - ထင်ကျော်ထက် စာမျက်နှာဖွဲ့စည်းမှု -လှိုင်လှိုင်သင်း (မြန်မာ့အလင်း)

လန်ဒန် ဇန်နဝါရီ ၂၃

ပရီမီယာလိဂ်ပွဲစဉ်(၂၃)ကို ယှဉ်ပြိုင်ကစားတဲ့အခါမှာ ဇန်နဝါရီ ၂၃ရက်က အက်ဖ်အေဖလားပြိုင်ပွဲတွေနဲ့ ကြုံကြိုက်နေတာမို့ အဲဒီနေ့မှာ မန်ယူနဲ့ ဟူးလ်စီးတီးတို့ တစ်ပွဲသာ ယှဉ်ပြိုင်ကစားနိုင်ခဲ့ပါတယ်။ ဒါကြောင့် ဇန်နဝါရီ ၂၆ရက် (အင်္ဂါနေ့)မှာ ပို့စ်မောက်နဲ့ ဝက်စ်ဟမ်း၊ ဝူလ်ဗာဟမ်တန်နဲ့ လီဗာပူး၊ ဘော်လ်တန်နဲ့ ဘန်လေ၊ စပါးနဲ့ဖူလ်ဟမ်တို့ ယှဉ်ပြိုင်ကစားကြမှာ ဖြစ်ပြီး ဇန်နဝါရီ ၂၇ရက် (ဗုဒ္ဓဟူးနေ့)မှာတော့ ဗီလာနဲ့ အာဆင်နယ်၊ ချယ်လ်ဆီးနဲ့ ဘာမင်ဂမ်၊ ဘလက်ဘန်းနဲ့ ဝီဂန်၊ အဲဗာတန်နဲ့ ဆန်းဒါးလန်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားကြမှာ ဖြစ်ပါတယ်။

ပို့စ်မောက်နဲ့ဝက်စ်ဟမ်း

အမှတ်ပေးဇယားရဲ့ အောက်ဆုံးမှာရှိတဲ့ ပို့စ်မောက်နဲ့ အဆင့်(၁၆)မှာရပ်တည်နေတဲ့ ဝက်စ်ဟမ်းတို့ ဆုံတွေ့တဲ့ ပွဲပါပဲ။ ပို့စ်မောက်ဟာ အိမ်ရှင်အနေနဲ့ ဝက်စ်ဟမ်းကို ဧည့်ခံကစားရမှာပါ။ ခြေပျက်နေတဲ့ အိမ်ရှင်ပို့စ်မောက်အဖို့ အမြင့်ဆုံးမှန်းနိုင်တာက သရေသာဖြစ်ပြီး နိုင်ခဲ့ရင်တော့ ကံကောင်းခြင်းလက်ဆောင်လို့ပဲ ဆိုရမှာပါ။

ဝူဗာဟမ်တန်နဲ့ လီဗာပူး

အဆင့်(၁၇)မှာ ရပ်တည်နေတဲ့ အသင်းနဲ့ ဇယားထိပ်ပိုင်းအဆင့် (၆)မှာ ရပ်တည်နေကြတဲ့ အသင်းနှစ်သင်း ဆုံတွေ့တဲ့ပွဲပါပဲ။ တန်းတက်အသင်း ဝူဗာဟမ်တန်ဟာ အိမ်ကွင်းအဖြစ် လီဗာပူးကို ဧည့်ခံကစားရမှာဆိုပေမယ့် ခြေရည်တူ ကစားနိုင်ဖို့ မလွယ်လှပါဘူး။ လီဗာပူးဟာ ဒီရာသီမှာ ခြေပျက်တယ် ဆိုပေမယ့်လည်း ပရီမီယာလိဂ်ထိပ်သီးလေးသင်းဝင်နိုင်ဖို့ နီးစပ်နေပြီမို့လို့ ကာရက်ဂါ၊ ဒီဂျင်အင်ဆူအာ၊ ဘာဘယ်လ်၊ ဘီနာယောင်၊ ဂျရတ်၊ လူကပ်စ်၊ ဒက်ကွတ်နဲ့ အင်န်ဂေါ့တို့ စုစည်းပါဝင်ပြီး အိမ်ရှင်ဆီက အဖိုးတန် သုံးမှတ်ကို အရယူမှာမို့ ဧည့်သည် လီဗာပူးဘက်ကိုပဲ အလေးသာနေပါတယ်။

ဘော်လ်တန်နဲ့ဘန်လေ

တန်းဆင်းဇုန်ထဲရောက်ပြီး အဆင့် (၁၉)မှာ ရပ်တည်နေတဲ့ ဘော်လ်တန်နဲ့ တန်းတက်အသင်းဖြစ်ပေမယ့်လည်း အဆင့် (၁၅)မှာ ရပ်တည်နေနိုင်တဲ့ ဘန်လေတို့ ဆုံတွေ့မယ့်ပွဲပါပဲ။ ဘော်လ်တန်တို့ အိမ်ကွင်းမှာ ကစားရပေမယ့်လည်း ဒီရာသီမှာ ခြေပျက်နေတာကြောင့် ဧည့်သည် ဘန်လေကို သတိထားကစားရပါမယ်။ အိမ်ရှင် ဘော်လ်တန်တို့ သိက္ခာအရရော၊ သမ္မာအရပါ နိုင်ပွဲရအောင် ရှာဖွေပြီး အဖိုးတန် သုံးမှတ်ကို ရယူမယ့်ပွဲပါပဲ။



ချယ်လ်ဆီး တိုက်စစ်မှူး အနယ်လ်ကာ။ (အင်တာနက်ဓာတ်ပုံ)

စပါးနဲ့ ဖူလ်ဟမ်

ပရီမီယာလိဂ်ဇယားမှာ ထိပ်သီးလေးသင်းအဆင့်ဝင်ပြီး အဆင့် (၄)မှာ ရပ်တည်နေတဲ့ စပါးနဲ့ အဆင့် (၁၃)ရောက်နေတဲ့ ဖူလ်ဟမ်တို့ ဆုံတွေ့မယ့်ပွဲဖြစ်ပါတယ်။ ပွဲစဉ်တိုင်း ခြေစွမ်းပြကစားပြီး ခြေစွမ်းတည်ငြိမ်တဲ့ စပါးဟာ အိမ်ရှင်လည်းဖြစ်တာမို့ ဧည့်သည်ဖူလ်ဟမ်ကို အသာစီးကစားနိုင်ပါလိမ့်မယ်။ ဧည့်သည် ဖူလ်ဟမ်တို့ အမှတ်ဗလာနဲ့ အိမ်ပြန်ရမယ့် ကိန်းပါပဲ။

အက်စ်တွန်ဗီလာနဲ့ အာဆင်နယ်

အမှတ်ပေးဇယားထိပ်ဆုံးမှာ ရပ်တည်နေတဲ့ အာဆင်နယ်နဲ့ အဆင့် (၇)မှာ ရပ်တည်နေတဲ့ အက်စ်တွန်ဗီလာတို့ ဆုံတွေ့

အာဆင်နယ်ကွင်းလယ် ကစားသမားဖာဘရီဂတ်စ်။ (အင်တာနက်ဓာတ်ပုံ)

မယ့် ပွဲပါပဲ။ အိမ်ရှင် အက်စ်တွန်ဗီလာဟာ အသင်းကြီးတွေကို ဒုက္ခပေးလေ့ရှိပြီး ခြေစွမ်းလည်း ထက်မြက်တာမို့ ဧည့်သည် အာဆင်နယ်တို့ အိမ်ရှင်ကိုလွယ်လင့်တကူ အသာစီးမရနိုင်ပါဘူး။ အက်စ်တွန်ဗီလာ အသင်းဟာ ခြေစွမ်းထက်မြက်တဲ့အတွက် အာဆင်နယ်ဟာ အဝေးကွင်းမှာ အဖိုးတန် အမှတ်သုံးမှတ် ရယူနိုင်ပြီး အမှတ်ပေးဇယား ထိပ်ဆုံးမှာ ဆက်လက်ရပ်တည်နိုင်ဖို့ ခက်ခက်ခဲခဲ ကြိုးစား ရုန်းကန်ရဦးမယ့် ပွဲဖြစ်တာမို့ အာဆယ်နယ်တို့ ရင်မောနေရဦးမယ့်ပွဲပါပဲ။

ချယ်လ်ဆီးနဲ့ဘာမင်ဂမ်

တစ်ပွဲလျော့နဲ့ အမှတ်ပေးဇယားရဲ့ ဒုတိယနေရာမှာရပ်တည်နေတဲ့ ချယ်လ်ဆီးနဲ့ အဆင့် (၈)နေရာမှာ ရပ်တည်နေတဲ့ ဘာမင်ဂမ်တို့ ဆုံတွေ့မယ့်ပွဲပါပဲ။ ချယ်လ်ဆီး အသင်းဟာ အိမ်ကွင်းဆိုပေမယ့် အဖိုးတန် သုံးမှတ်ကိုရယူပြီး ဇယားထိပ်ပိုင်းမှာ ဆက်လက်ရပ်တည်နိုင်ဖို့အတွက် ဒီပွဲကို ဖိဖိစီးစီး ယှဉ်ပြိုင်ကစားပါလိမ့်မယ်။ ဘယ်လက်တီ၊ ဘော့ဆင်ဝါ၊ ကာဗယ်ဟို၊ အက်ရှ်လေကိုးလ်၊ အဲလက်စ်၊ ဖရဲယား၊ အီဗန်နိုဗစ်၊ တယ်ရီ၊ ဘောလက်၊ ဂျိုကိုးလ်၊ ဒေကို၊ လမ်းပတ်၊ မာလူဒါ၊ အနယ်လ်ကာ၊ စတူရစ်ဂျ်တို့နဲ့ လူစုံတက်စုံနီးပါး ပွဲထွက်လာနိုင်တာမို့ ဘာမင်ဂမ်တို့ အဝေးကွင်းမှာ သရေတောင် မှန်းလို့မရနိုင်တဲ့ပွဲပါ။ အိမ်ရှင် ချယ်လ်ဆီးကပဲ ကစားကွက်အသာ၊ ခြေအသာနဲ့ အဖိုးတန်သုံးမှတ်ကို ရယူဖို့ သေချာပါတယ်။

ဘလက်ဘန်းနဲ့ဝီဂန်

အမှတ်ပေးဇယားအဆင့် (၁၂)မှာ ရပ်တည်နေတဲ့ ဘလက်ဘန်းနဲ့ အဆင့် (၁၄)မှာ ရပ်တည်နေတဲ့ ဝီဂန်တို့ ဆုံတွေ့မယ့်ပွဲပါ။ ပြီးခဲ့တဲ့ ပရီမီယာလိဂ် ပွဲစဉ် (၂၂)တုန်းက အိမ်ကွင်းမှာ ဘလက်ဘန်းဟာ ခြေစွမ်းထက်မြက်ပြီး အသင်းလိုက်စုစည်းအား ကောင်းတဲ့ ဖူလ်ဟမ်အသင်းကို နှစ်ဂိုး- ဂိုးမရှိနဲ့ ဂိုးပြတ်အနိုင်ယူထားတာမို့ စိတ်ဓာတ်တက်ကြွနေပါတယ်။ ဒါကြောင့် အခုလည်း အိမ်ကွင်းမှာ ဧည့်သည်ဝီဂန်ကို အနိုင်ယူဖို့ ကြိုးစားပါလိမ့်မယ်။ ဘလက်ဘန်းမှာ ပေါလ်ရော်ဘင်ဆင်၊ ချင်ဘွန်ဒါ၊ အီမာဆင်၊ ရိုင်ယန်နယ်လ်ဆင်၊ ဆယ်လ်ဂါဒို၊ ဒေးဗစ်ဒွန်း၊ စတီဗင်ရိဒ်၊ ဒီဆန်းတို့စ်၊ ကာလီနစ်ခ်၊ မက်ကာသီတို့ပါဝင်လာနိုင်ပြီး အိမ်ကွင်းမှာ အမှတ်ပြည့်ရယူပြီး နိုင်ပွဲဆက်နိုင်အောင် ကြိုးစားပါလိမ့်မယ်။ ဝီဂန်တို့အနေနဲ့ အိမ်ရှင်ကို ကြံ့ကြံ့ခံပြီး ကစားနိုင်ရင် အမြင့်ဆုံး သရေရလဒ်ကို မျှော်မှန်းနိုင်ပေမယ့် ချိန်ခွင်ညွှာကတော့ အိမ်ရှင်ဘလက်ဘန်းဘက်မှာ အလေးသာနေပါတယ်။

အဲဗာတန်နဲ့ ဆန်းဒါးလန်း

ပရီမီယာလိဂ် အမှတ်ပေးဇယားအဆင့်(၁၀)မှာရပ်တည်နေတဲ့ အဲဗာတန်နဲ့အဆင့်(၁၃)နေရာမှာ ရပ်တည်နေတဲ့ ဆန်းဒါးလန်းတို့ရဲ့ အားပြိုင်ပွဲပါပဲ။ ဒစ္စတင်၊ လူကီဂါးဘတ်၊ တိုနီဟစ်ဘတ်၊ ဂျာဂီလ်ကာ၊ မူစတာဖီ၊ ယိုဘို၊ အာတီတာ၊ တင်ကာဟေးလ်၊ ဖယ်လိုင်နီ၊ ဖီးလ်နဗီးလ်၊ ပီယင်နာ၊ အာချီနီဘီ၊ ဒိုနိုဗန်၊ ဂျို၊ လူးဝစ်ဆာဟာ၊ ဇော်ဂန်၊ ယကူဘူတို့ ပါဝင်လာနိုင်တဲ့ အိမ်ရှင် အဲဗာတန်အသင်းဟာ အိမ်ကွင်းရော အဝေးကွင်းမှာပါ ကစားကွက်တည်ငြိမ်တာမို့ ခြေမငြိမ်တဲ့ ဆန်းဒါးလန်းတို့အဖို့ အနိုင်ရရေး မျှော်လင့်ချက်မရှိတဲ့ပွဲပါပဲ။ ဒီပွဲမှာတော့ အိမ်ရှင် အဲဗာတန်တို့ပဲ အသာစီးရသွားနိုင်ပြီး အမှတ်ပြည့် ရယူသွားနိုင်ပါကြောင်း။ ။

အဒီဘာယောပြန်လာရေး နည်းပြမန်စီနီမျှော်လင့်

လန်ဒန် ဇန်နဝါရီ ၂၃

တိုက်စစ်မှူး အဒီဘာယောသည် တောင်အာဖရိကနိုင်ငံဖလားဘောလုံးပြိုင်ပွဲအသွား ပစ်ခတ်တိုက်ခိုက်ခံရပြီးနောက် မန်စီးတီးသို့ ဇန်နဝါရီ ၂၄ရက် ပရီမီယာလိဂ်ပြိုင်ပွဲအတွက် ပြန်လည်ကစားနိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း နည်းပြမန်စီနီက ပြောကြားသည်။

ယင်းတိုက်ခိုက်ခံရမှုကြောင့် ဘောလုံးသမား နှစ်ဦးသေဆုံးခဲ့ရပြီး အချို့ဒဏ်ရာရခဲ့သဖြင့် ပြိုင်ပွဲမှထွက်ခဲ့ရသည်။ အဒီဘာယောသည် ဒီဇင်ဘာလလယ်မှစပြီး နည်းပြ မန်စီနီလွှဲပြောင်းယူခဲ့ပြီးနောက် ထူးထူးခြားခြား ခြေစွမ်းပြမကစားနိုင်ခဲ့ဘဲ ရှိသည်။ (အင်တာနက်)

ဝက်စ်ဟမ်းအတွက် ခြေစွမ်းပြကစားပေးနိုင်လျှင် တစ်ပတ်လုပ်ခလစာ ပေါင် ၁၀၀၀၀၀ ပေးမည်

လန်ဒန် ဇန်နဝါရီ ၂၃

ဝက်စ်ဟမ်းအသင်း ပိုင်ရှင်သစ်ဆူလ်လီဗန်က အသင်းသို့ အထူးခြေစွမ်းပြကစားပေးနိုင်သော ဘောလုံးသမားများအား တစ်ပတ်လျှင် ပေါင် ၁၀၀၀၀၀ပေးမည်ဖြစ်ကြောင်း ကမ်းလှမ်းလိုက်သည်။

မိမိအနေဖြင့် ကစားသမားတစ်ဦး အကောင်းဆုံးခြေစွမ်းပြကစားပေးနိုင်လျှင် တစ်ပတ် ပေါင် ၁၀၀၀၀၀ ပေးမည်ဟု ကမ်းလှမ်းထားကြောင်း သို့သော် ယင်းကစားသမားအား ရှာဖွေနေဆဲဖြစ်ကြောင်း ၄င်းကထုတ်ဖော်ပြောကြားသည်။

(အင်တာနက်)

မြင့်မောင်စိုး-စုစည်းသည်

ရာဖေးလ်နာဒယ် စတုတ္ထအကျော့ပြိုင်ပွဲတက်

မဲလ်ဘုန်း ဇန်နဝါရီ ၂၃

ဩစတြေးလျအိုးပင်း တင်းနစ်ပြိုင်ပွဲများကို မဲလ်ဘုန်းမြို့၌ ဆက်လက်ယှဉ်ပြိုင်ကစားလျက်ရှိရာ လက်ရှိချန်ပီယံ ရာဖေးလ်နာဒယ်က ဂျာမန်တင်းနစ် ကစားသမားကိုဟစ်ခရေဘာအား ၆-၄၊ ၆-၂၊ ၂-၆၊ ၇-၅ဖြင့် အနိုင်ရပြီး စတုတ္ထ အကျော့ပြိုင်ပွဲသို့ တက်ရောက်သွားပြီးဖြစ်သည်။



ချန်ပီယံ ရာဖေးလ်နာဒယ်သည် ပွဲအစတွင် အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ရသည်။ ယင်းပွဲကို သုံးနာရီခွဲကြာအောင် ကစားခဲ့ရခြင်းဖြစ်သည်။၄င်းသည် စတုတ္ထအကျော့ပြိုင်ပွဲတွင် ခရိုအေးရှားတင်းနစ်ကစားသမား အီဗိုကာလိုဗစ်နှင့် ဆက်လက် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **(အင်တာနက်)**

ကွင်းလယ်ကစားသမားအက်ဆီယံ ခြောက်ပတ်ကြာနားရဖွယ်

လန်ဒန် ဇန်နဝါရီ ၂၃

ချယ်လ်ဆီးသည် အာဖရိကနိုင်ငံများ ဖလားဘောလုံးပြိုင်ပွဲ၌ ဒဏ်ရာရခဲ့သော ကွင်းလယ်ကစားသမား အက်ဆီယံမပါဘဲ ခြောက်ပတ်ကြာကစား ရပေလိမ့်မည်။

အသက် ၂၇နှစ်ရှိ အက်ဆီယံသည် ဂါနာအသင်းအတွက် လေ့ကျင့်မှုပြုလုပ်စဉ် ဝဲဘက်ဒူးခေါင်း အနာတရဖြစ်ခဲ့ရခြင်းဖြစ်သည်။ အက်ဆီယံသည် ယင်းဒဏ်ရာကြောင့် ချယ်လ်အဆီးလေ့ကျင့်ရေးကွင်းသို့ ပြန်လာပြီဖြစ်သည်။ သို့သော် ဝင်ရောက်ကစားနိုင်မည်မဟုတ်ပေ။

အက်ဆီယံသည် ယင်းဒဏ်ရာကြောင့် ဖေဖော်ဝါရီ ၇ရက်၌ စတမ်းဖို့ဒ်ဘရစ်ချ်၌ ကစားမည့် အာဆင်နယ်နှင့် ပွဲအထိ လွဲချော်နိုင်ဖွယ်ရှိသည်။ ဖေဖော်ဝါရီ ၂၄ရက် အင်တာမီလန်နှင့် ကစားမည့် ချန်ပီယံလိဂ် ပြိုင်ပွဲနှင့်လည်း လွဲချော်နိုင်ဖွယ်ရှိသည်။ (အင်တာနက်)

သတင်းပဒေသာ အတိုအထွာ

ရန်ကုန် ဇန်နဝါရီ ၂၃

အထက(၂)ကမာရွတ် မြတ်ဆရာပူဇော်ပွဲ

အထက(၂)ကမာရွတ်တွင် ၁၉၈၅ခုနှစ်မှ ၁၉၉၅ခုနှစ်အတွင်း တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာ ဆရာမကြီးများနှင့် သက်ပြည့်အငြိမ်းစားယူခဲ့သော ဆရာ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို မတ် ၂၈ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီ၌ အဆိုပါကျောင်း တေဇခန်းမတွင် ကျင်းပမည်ဖြစ်သည်။

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း သက်ကြီးပူဇော်ပွဲ

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း (ရုံးချုပ်)တွင် တာဝန်ထမ်းဆောင်ခဲ့ပြီး အသက်(၇၅)နှစ်နှင့်အထက် အငြိမ်းစားဝန်ထမ်းများအား သက်ကြီးပူဇော်ပွဲကို ဇန်နဝါရီ ၃၀ရက်(စနေနေ့) နံနက် ၁၀နာရီ၌ အင်းစိန်မြို့နယ် ကြို့ကုန်းရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း(မျိုးစေ့ဌာနခွဲ)အစည်းအဝေးခန်းမတွင် ကျင်းပမည်ဖြစ်သည်။

အိုင်တီဒီပလိုမာသင်တန်း တက်ရောက်နိုင်

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်နှင့် Wisdom Power ကုမ္ပဏီလီမိတက်တို့ ပူးပေါင်း၍ Diploma in IT သင်တန်းကို ဖေဖော်ဝါရီ ၂၃ရက်၌ဖွင့်လှစ်မည်ဖြစ်ရာ သင်တန်းတက်ရောက်လိုပါက အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ် ဗိုလ်တထောင်မြို့နယ် ဗိုလ်တထောင်ဘုရားလမ်း ဖုန်း-၂၉၁၉၂၅နှင့် ၃၉၁၂၈၆တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

ရန်ကုန်ပညာရေးတက္ကသိုလ် မြတ်ဆရာပူဇော်မည်

ရန်ကုန်ပညာရေးတက္ကသိုလ်၏ (၁၅)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဇန်နဝါရီ၃၀ရက်(စနေနေ့) နံနက်၉နာရီတွင် တက္ကသိုလ်များဓမ္မာရုံ၌ကျင်းပမည်ဖြစ်ရာ ဖုန်း-၅၀၃၉၀၄နှင့် ၅၀၃၁၄၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း ဟောပြောပွဲ

မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း အမှုဆောင်ပါမောက္ခ ဦးမော်သန်းက MERS for SMEs(Part-II) ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို ဇန်နဝါရီ ၃၁ရက်(တနင်္ဂနွေနေ့) နံနက်၈နာရီတွင် ရန်ကုန်မြို့ အမှတ် ၂၉ မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ်ရှိ မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များအသင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဆေးပညာဟောပြောပွဲ ကျင်းပမည်

ကျန်းမာရေးနှင့်ပတ်သက်၍ ဆေးပညာရပ်ဆိုင်ရာဟောပြောပွဲကို ဇန်နဝါရီ၃၀ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ရန်ကုန်မြို့ M-3 Food Centre ၌ကျင်းပမည်ဖြစ်ရာ ဒေါက်တာဝင်းဆွေက Clinical Neuro Psycho Pharmacology ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးမည်ဖြစ်ပြီး တက်ရောက်လိုသူများ ဖုန်း-၂၀၁၅၀၃သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

မြန်မာ့အနုပညာနှင့် ပန်းပုအရောင်းပွဲတော်ကျင်းပမည်

ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းနှင့် ဆရာစံလမ်းထောင့် ဆရာစံပလာဇာတွင် မြန်မာ့အနုပညာနှင့် ပန်းပုအရောင်းပွဲတော်ကို ဇန်နဝါရီ ၂၅ရက်မှ ဖေဖော်ဝါရီ၃ရက်အထိ နေ့စဉ်နံနက် ၉နာရီမှ ညဉ့နာရီအထိ ပြသမည်ဖြစ်ပြီး စိတ်ကြိုက်နှင့် မော်ဒန်ဒီဇိုင်းပန်းပုပြိုင်ပွဲလည်း ကျင်းပမည်ဖြစ်သည်။

ဘိလိယက်လက်ရွေးစင်အားကစားသမား ရွေးချယ်မည်

မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်မှ မြန်မာ့လက်ရွေးစင်ဘိလိယက် အားကစားသမားများရွေးချယ်ပွဲကို ဖေဖော်ဝါရီ ၁၀ရက်မှစ၍ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းအတွင်းရှိ မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်လေ့ကျင့်ခန်းမ၌ ရွေးချယ်မည်ဖြစ်သဖြင့် ပါဝင်ယှဉ်ပြိုင်လိုသော အားကစားသမားများ ဖေဖော်ဝါရီ ၅ရက်နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ပြီး အသေးစိတ်သိရှိလိုပါက အဖွဲ့ချုပ်ရုံးခန်းတွင် စုံစမ်းနိုင်သည်။

အထက(၁)မရမ်းကုန်း မြတ်ဆရာပူဇော်ကြမည်

အထက(၁) မရမ်းကုန်း ကျောင်းသားကျောင်းသူဟောင်းများ၏ (၁၅)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို အဆိုပါကျောင်း၌ ဖေဖော်ဝါရီ၇ရက်(တနင်္ဂနွေနေ့) နံနက်၉နာရီတွင်ကျင်းပမည်ဖြစ်ရာ ကျောင်းသားကျောင်းသူဟောင်းများ တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားသည်။

အိမ်ရာအဆောက်အအုံပြပွဲ-၂၀၁၀ ခင်းကျင်းပြသမည်

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမတွင် အိမ်ရာအဆောက်အအုံပြပွဲ-၂၀၁၀ကို ဖေဖော်ဝါရီ ၅ရက်မှ ၈ရက်အထိ ခင်းကျင်းပြသမည်ဖြစ်ရာ အီလက်ထရွန်နစ်ပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် အိမ်ရာအရောင်းပြခန်းများဖြင့် စုံလင်စွာ ခင်းကျင်းပြသမည်ဖြစ်သည်။ ။ (မြန်မာ့အလင်း)

စုစည်းရေးသားသူ - ဝင်းကျော်

CLMV နိုင်ငံများအတွင်း ယဉ်ကျေးမှုဆက်စပ်ပေါင်းစည်းခြင်းဆိုင်ရာ ယဉ်ကျေးမှုနှင့်အနုပညာဝန်ကြီးများ၏ စားပွဲဝိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသော ဧည့်သည်ဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများအား

ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့် နှုတ်ဆက်ညစာစားပွဲ တည်ခင်းဧည့်ခံ

ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်(CLMV)နိုင်ငံများအတွင်း ယဉ်ကျေးမှု ဆက်စပ်ပေါင်းစည်းခြင်း ဆိုင်ရာ ယဉ်ကျေးမှုနှင့် အနုပညာဝန်ကြီးများ၏ စားပွဲဝိုင်း အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံများမှ ယဉ်ကျေးမှုနှင့် အနုပညာဝန်ကြီးများနှင့် အဆင့်မြင့် အရာရှိကြီးများ အင်းဝရှေးဟောင်းနယ်မြေရှိ မယ်နုအုတ်ကျောင်းကို လေ့လာကြည့်ရှုကြစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၂၃

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့် ဦးဆောင်သော ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ် (CLMV) နိုင်ငံများအတွင်း ယဉ်ကျေးမှုဆက်စပ်ပေါင်းစည်းခြင်းဆိုင်ရာ ယဉ်ကျေးမှုနှင့်အနုပညာဝန်ကြီးများ၏ စားပွဲဝိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသည့် ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံများမှ ယဉ်ကျေးမှုနှင့် အနုပညာဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများသည် ယမန်နေ့ နံနက်ပိုင်းတွင် မန္တလေးမြို့မှ တံတားဦးမြို့နယ် အင်းဝရှေးဟောင်းနယ်မြေသို့ မော်တော်ယာဉ်များဖြင့် သွားရောက်၍ မယ်နုအုတ်ကျောင်းကို လေ့လာကြည့်ရှုပြီး လောကသရဖူဘုရားကို ဖူးမြော် ကြည်ညိုကြသည်။

ရှင်းလင်းပြသ

ဆက်လက်၍ ဧည့်သည်တော်များသည် ဗားကရာသစ်သားကျောင်းနှင့် အင်းဝမြို့ဟောင်းများသို့ လေ့လာကြည့်ရှုကြရာ ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းဝင်းက လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် ဧည့်သည်တော်များသည် ပုလိပ်မြို့ရှိ ရတနာလာဘမုနိဆုတောင်းပြည့်မြွေဘုရားအား ကြည်ညို ဖူးမြော်ကြပြီး မြစ်ငယ်မြို့မှ အထူးရထားဖြင့် ဆက်လက်ထွက်ခွာလာခဲ့ကြရာ ညနေပိုင်းတွင် နေပြည်တော်သို့ ရောက်ရှိကြသည်။

တည်ခင်းဧည့်ခံ

ယင်းနောက် ညပိုင်းတွင် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်က ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံများမှ ယဉ်ကျေးမှုနှင့် အနုပညာဝန်ကြီးများနှင့် အဆင့်မြင့် အရာရှိကြီးများအား နေပြည်တော်ရှိ သင်္ဂဟ ဟိုတယ်၌ နှုတ်ဆက် ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ညစာစားပွဲ မသုံးဆောင်မီနှင့် ညစာသုံးဆောင်နေစဉ်တို့တွင် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက မြန်မာ့ရိုးရာယဉ်ကျေးမှု အကပဒေသာများဖြင့် ဧည့်ခံဖျော်ဖြေတင်ဆက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အထက်ပိုင်းဒေသများ၌ ညအပူချိန်လျော့လာ

နေပြည်တော် ဇန်နဝါရီ ၂၃

<u>**ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ**</u> လွန်ခဲ့သော ၂၄ နာရီအတွင်းက ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၄ ဒီဂရီစင်တီဂရိတ်၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ တနင်္သာရီတိုင်းတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ကာ ကျန်ဒေသများတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

<u>**ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ**</u> ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

<u>**ဇန်နဝါရီ ၂၄ရက်ညနေအထိ ခန့်မှန်းချက်မှာ**</u> တနင်္သာရီတိုင်းတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

<u>**မြန်မာ့ပင်လယ်ပြင်တွင်**</u> လှိုင်းအသင့်အတင့်ရှိမည်။

<u>**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ**</u> မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနေသည်။

<u>**နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင်**</u> ယနေ့ အများအားဖြင့် သာယာမည်။

<u>**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်**</u> ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

<u>**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်**</u> ယနေ့ အများအားဖြင့် သာယာမည်။

ရှော့ရှိတဲ့အချစ်များ ဆက်လက်ပြသ

နိုင်ငံခြားဇာတ်ကားသစ် Ninja Assassin ရုံဝင်လာ

ရန်ကုန် ဇန်နဝါရီ ၂၃

ဒါရိုက်တာကိုဇော် (အရုဏ်ဦး) ရိုက်ကူးပြီး ခန့်စည်သူ၊ ပြေတီဦး၊ စိုးမြတ်သူဇာ၊ အိန္ဒြာကျော်ဇင်၊ မိုးဟေကိုတို့ပါဝင်ထားသည့် **ရှော့ရှိတဲ့အချစ်များ** ဇာတ်ကားမှာ သမ္မတ၊ သွင်၊ မင်္ဂလာ အဆင့်မြင့်ရုံများနှင့် နဝဒေးရုံတွင် ဆက်လက်ပြသနေဆဲဖြစ်သည်။

ယခုသောကြာပတ်တွင် ကိုရီးယား စူပါစတားအဆိုတော် ရုပ်ရှင်သရုပ်ဆောင် ရိန်းပါဝင်ထားသည့် **Ninja Assassin** အက်ရှင်ဇာတ်ကားသစ် နေပြည်တော်ရုံတွင် ရုံဝင်လာသည်။ ယင်းဇာတ်ကားတွင် ရိန်းကို ဂီတသမားတစ်ဦးအဖြစ် ပျော့ပျော့နှဲ့နှဲ့ မြူးမြူးကြွကြွအသွင်ဖြင့် မြင်ကြရမည်မဟုတ်ဘဲ ကြမ်းကြမ်းရမ်းရမ်း သတ်ရဲဖြတ်ရဲသော နင်ဂျာသမားတစ်ဦး အသွင်မြင်ရမည်ဖြစ်သည်။ နင်ဂျာပညာရပ်များနှင့်ပတ်သက်၍ ဂျပန်ဆရာတစ်ဦးထံတွင် သင်ယူလေ့ကျင့်ကာ သဘာဝကျစွာ သရုပ်ဆောင်ထားသည်ဟုဆိုသည်။ ယခု နင်ဂျာဇာတ်ကားတွင် နာမည်ကြီးအဆိုတော်ရိန်း၏ အနုပညာ၊ ရိန်း၏အက်ရှင်ကို မြန်မာပရိသတ်ကြီး ခံစားအကဲဖြတ်နိုင်ရန် တင်ဆက်လိုက်ခြင်းဖြစ်သည်။ အနာဂတ် စိတ်ကူးယဉ် သိပ္ပံအက်ရှင်ဇာတ်ကား **Avatar**မှာရွှေ့ဆောင်ရုံတွင် အရှိန်အဟုန်ကောင်းနေဆဲဖြစ်သည်။

မာမီရိုင်းပြသဆဲ

ဒါရိုက်တာညီညီထွန်းလွင်၏ **မာမီရိုင်း** ဇာတ်ကားမှာ လှိုင်သာယာ ဝဇီရာ(၂)နှင့် မြောက်ဥက္ကလာ မင်းရန်အောင်ရုံများတွင် ဆက်လက်ပြသနေဆဲဖြစ်သည်။

Ninja Assassin မှ မင်းသားရိန်း၏ အက်ရှင်။

ကိုကြီးစိုး (ရုပ်ရှင်သတင်းထောက်)

အိန္ဒိယဇာတ်ကားများ

မြို့မတန်းမြင့်ရုံတွင် အက်ရှင်မင်းသား ဘော်ဘီဒိုးလ်နှင့် မင်းသမီး ရာနီးမူကာဂျီတို့ ပါဝင်ထားသည့် **Badal** အချစ်အက်ရှင်ဇာတ်ကား ရုံဝင်လာသည်။ ဘုရင့်ရုံတွင် အဘီရှက်ဘဂျန်း၊ ဂျွန်အီဗရာဟင်နှင့် မင်းသမီး ပရီရင်ကာချိုပရာတို့ ပါဝင်ထားသော **Dostana** ဇာတ်ကားကို ကြည့်ကြရမည်ဖြစ်သည်။

အတ္တပုံရိပ် ဆက်လက်ပြသ

မင်းရဲဆက်၊ ကျော်ကျော်ဗို၊ ပုလဲဝင်း၊ မေသက်ခိုင်တို့ အဓိကပါဝင်ထားသည့် **အတ္တပုံရိပ်** အဆင့်မြင့်မြန်မာဗီဒီယိုဇာတ်ကားမှာ ရွှေမန်း၊ စံပြ၊ သီတာ၊ မြရတနာရုံများတွင် ဆက်လက်ပြသနေဆဲဖြစ်သည်။ ရယူခြင်း၊ ပေးဆပ်ခြင်းတို့ဖြင့် ပြည့်နှက်နေသောလောကတွင် တန်ရာတန်ကြေးဖြင့် ဘဝကိုတန်ဖိုးဖြတ်နေသူ တစ်ဦးအကြောင်း ရိုက်ကူးထားသော အက်ရှင်ဇာတ်ကားဖြစ်သည်။ ။

(မြန်မာ့အလင်း)

အားကစား သတင်းမှတ်စု

၂၀၁၀ မောင်မြန်မာ၊ မယ်မြန်မာပြိုင်ပွဲကြီး

ရေးသူ - ကျော်ကျော် (စက်မှုတက္ကသိုလ်) ➤ စာမျက်နှာဖွဲ့စည်းမှု - မိုးမိုးအောင်

နေပြည်တော် ဇန်နဝါရီ ၂၃

မြန်မာနိုင်ငံကာယဗလနှင့် ကာယအလှအဖွဲ့ချုပ်နှင့် MDG Co., Ltd. တို့ ပူးပေါင်း စီစဉ်ကျင်းပမည့် ၂၀၁၀ ခုနှစ် မောင်မြန်မာ၊ မယ်မြန်မာပြိုင်ပွဲကြီးကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ လာမည့်ဇန်နဝါရီ ၃၀ရက် (စနေနေ့) မွန်းတည့် ၁၂ နာရီ၌ ကျင်းပမည်ဖြစ်သည်။

မောင်မြန်မာ၊ မယ်မြန်မာပြိုင်ပွဲကြီးနှင့်ပတ်သက်၍ ပြန်ကြားဖော်ပြနိုင်ရန်အတွက် မြန်မာနိုင်ငံကာယဗလနှင့် ကာယအလှအဖွဲ့ချုပ် အမှုဆောင်/ဒိုင်လူကြီးအချို့အား စာရေးသူ သွားရောက်တွေ့ဆုံ မေးမြန်းခဲ့သည်။

အားကစားနည်း

ရှေးဦးစွာ မောင်ဗမာ(ဦး)ရဲမြင့်အားတွေ့ဆုံရာ “ကာယဗလအားကစားနည်း အမျိုးအစားပေါင်းများစွာရှိတဲ့အနက် ကာယဗလ အားကစားဟာ ကျန်းမာမှု၊ သန်စွမ်းမှု၊ ခန္ဓာကိုယ်ဖွံ့ဖြိုးမှု၊ အချိုးအစားညီညွတ်မှုစတဲ့ အချက်တွေအားလုံးပြည့်စုံစေပြီး ရှေးရှည် လေ့ကျင့်ကစားရတဲ့ အားကစားနည်းတစ်ရပ်လည်း ဖြစ်ပါတယ်။ မောင်မြန်မာပြိုင်ပွဲတွေကို စစ်ပြီးခေတ်(၁၉၄၇ ခုနှစ်ခန့်)ကစပြီး ယနေ့အထိ အစဉ်အလာမပျက် ကျင်းပခဲ့ပါတယ်။ ဒီပြိုင်ပွဲကြီးတွေကတစ်ဆင့် နိုင်ငံ့ဂုဏ်ဆောင် မောင်စကြာဝဠာပြိုင်ပွဲ၊ အာရှ မောင်ပြိုင်ပွဲ၊ မာဒေးကား မောင်ပြိုင်ပွဲ၊ အရှေ့တောင်အာရှမောင်ပြိုင်ပွဲစတဲ့ ပြိုင်ပွဲတွေမှာ ဆုတံဆိပ်တွေရရှိခဲ့ကြပြီးလည်း ဖြစ်ပါတယ်” ဟု ရှင်းပြသည်။

စာရင်းသွင်း

ဆက်လက်၍ အဖွဲ့ချုပ်အမှုဆောင်/ဒိုင်လူကြီးတစ်ဦးလည်းဖြစ်သည့် မောင်ဗမာ (ဦး)ရဲမြင့်ကပင် “မောင်မြန်မာ၊ မယ်မြန်မာ ပြိုင်ပွဲဝင်တွေဟာ အပင်ပန်းလည်းခံနိုင်မှ၊ ဇွဲလည်းရှိမှ၊ နည်းစနစ်လည်းမှန်ကန်မှ၊ အစားအသောက်အနေအထိုင် အအိပ်အနေလည်း ဆင်ခြင်ဂရုပြုနိုင်မှ အောင်မြင်မှုရရှိနိုင်မှာဖြစ်တယ်။ တစ်ဆက်တည်းပြောချင်တာက ယခုနှစ် ပြိုင်ပွဲဝင်မယ့်သူတွေဟာ ဇန်နဝါရီ ၂၇ရက် နောက်ဆုံးထား စာရင်းပေးသွင်းရမှာပါ” ဟု ထပ်ဆင့်ရှင်းပြသည်။

ဖျော်ဖြေရေး

ဆက်လက်၍ အဖွဲ့ချုပ်အမှုဆောင်/ဒိုင်လူကြီးတစ်ဦးဖြစ်သည့် ပြည်ထောင်စုမယ် မဖြူဖြူခိုင်အား မေးမြန်းရာ “ယခုနှစ် ပြိုင်ပွဲကြီးမှာ ဖျော်ဖြေရေးအနေနဲ့ နိုင်ငံကျော်တေးသံရှင်တွေရဲ့ သီဆိုမှုအစီအစဉ်တွေလည်း ပါဝင်မှာပါ။ ဒီပြိုင်ပွဲကြီးဟာ မြန်မာပြည်မှာ ကျင်းပဖို့အစီအစဉ်ရှိတဲ့ ၂၀၁၃ခုနှစ် အရှေ့တောင်အာရှ SEA GAME ပြိုင်ပွဲကြီးအတွက် ကြိုတင်ပြင်ဆင်တဲ့အနေနဲ့ ကျင်းပမှာလည်းဖြစ်တယ်။ ယခုနှစ် ပြိုင်ပွဲဝင်မယ်တွေအားလုံးကို အဖွဲ့ချုပ်က ဝတ်စုံကြေး ငွေကျပ် ၂၀၀၀၀စီ ထပ်မံ ပံ့ပိုးသွားမှာလည်း ဖြစ်ပါတယ်။ အစ်မတို့အနေနဲ့က ကာယဗလနှင့် ကာယဗလအဆင့်အတန်း တိုးတက်စေဖို့အတွက် ကာယဗလနှင့် ကာယအလှကို တကယ်ဝါသနာပါတဲ့ မျိုးဆက်သစ် လူငယ်မောင်မယ်တွေကို လက်ကမ်းကြိုဆိုလျက်ရှိပြီး လိုအပ်တာတွေကိုလည်း ပံ့ပိုးကူညီ သင်ကြား ပေးသွားမှာပါ’ ဟုဆိုသည်။ တစ်ဆက်တည်းပင် ပြိုင်ပွဲဝင်စည်းကမ်းချက်များကို စုံစမ်းရာ ‘မောင်မြန်မာ(အကြီးတန်း) ပြိုင်ပွဲကို မြန်မာနိုင်ငံသား မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိပါတယ်။ မယ်မြန်မာပြိုင်ပွဲဝင်မယ့်သူဟာ အသက် ၁၈နှစ်ပြည့်ပြီး အရပ် ၅ပေ ၃လက်မနှင့်အထက်၊ အိမ်ထောင်မရှိသူ (အပျို) ဖြစ်ရပါမယ်။ ပြိုင်ပွဲမှာ အတုအပတွေကို ဝတ်ဆင်ခွင့်မပြုဘူး၊ ဆရာဝန်နဲ့ အကဲဖြတ်ဒိုင်လူကြီးတွေရဲ့ စစ်ဆေးမှုကိုလည်း ခံယူနိုင်ရပါမယ်’ ဟု ပြည်ထောင်စုမယ် မဖြူဖြူခိုင်က ပြောကြားသည်။

ထိုက်ထိုက်တန်တန်

တစ်ဆက်တည်း မြန်မာနိုင်ငံကာယဗလအဖွဲ့ချုပ် စတင်တည်ထောင်စဉ်ကတည်းက နှစ်ပေါင်းများစွာ အတွင်းရေးမှူးဖြစ်ခဲ့ဖူးပြီး ယနေ့ အဖွဲ့ချုပ်အမှုဆောင်/ဒိုင်လူကြီးတစ်ဦးလည်းဖြစ်သည့် ဦးစိုးဝင်း (တက္ကသိုလ်စိုးဝင်း)အား ယခုနှစ် ပြိုင်ပွဲထူးခြားမှုများကို မေးမြန်းရာ ‘ဒီနှစ် မောင်မြန်မာ၊ မယ်မြန်မာပြိုင်ပွဲမှာ အရင်နှစ်တွေထက် ဆုကြေးငွေတွေ တိုးမြှင့်ပေးသွားမှာပါ။ မောင်မြန်မာ (အကြီးတန်း)ပြိုင်ပွဲ ပထမဆုရှင်ကို ငွေကျပ် ခုနစ်သိန်း၊ မောင်မြန်မာ (အငယ်တန်း)ဆုရှင်နဲ့ မယ်မြန်မာပြိုင်ပွဲ ပထမဆုရှင်တွေကို ငွေကျပ် ငါးသိန်းစီ ထိုက်ထိုက်တန်တန် ဆုကြေးတိုးမြှင့် ချီးမြှင့်သွားမှာပါ’ ဟု ပြောကြားသည်။

ဤ မောင်မြန်မာ၊ မယ်မြန်မာပြိုင်ပွဲကြီးသည် ပြည်တွင်း၌ကျင်းပသည့် ကာယဗလပြိုင်ပွဲများတွင် အဆင့်မြင့်ဆုံးပြိုင်ပွဲလည်း ဖြစ်သည်။ ဆုကြေးငွေအများဆုံး ချီးမြှင့်မည့် ပြိုင်ပွဲလည်းဖြစ်သည်။ အကြိတ်အနယ် ယှဉ်ပြိုင်ကြမည့် ကာယဗလနှင့် ကာယအလှ ပြိုင်ပွဲကြီးလည်းဖြစ်သည်။ သို့ဖြစ်ရာ ဤပြိုင်ပွဲကြီးကို မပျက်မကွက် သွားရောက်ကြည့်ရှုအားပေးသင့်ပါကြောင်း သတင်းကောင်း ပါးလိုက်ရပါကြောင်း။ ။

(မြန်မာ့အလင်း)

မျက်စိဝေဒနာရှင်လူနာများအား စက္ခုအလင်းဒါနအလှူပွဲကျင်းပ

တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး ဝေဒနာရှင်များကို အားပေးစကားပြောကြား

ရန်ကုန် ဇန်နဝါရီ ၂၃

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးသည် တာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ ၁၈ရက် နံနက်ပိုင်းက စစ်ကိုင်းတိုင်း ခန္တီးခရိုင် ဟုမ္မလင်းမြို့နယ် ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံ၌ ဆေးရုံအုပ်ကြီး၊ မျက်စိအထူးကုဆရာဝန်ကြီးများနှင့် ဆေးရုံဝန်ထမ်းများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်၍ ပြည်သူ့ဆေးရုံ၌ အထူးကု ဆရာဝန်ကြီးများက မျက်စိဝေဒနာရှင်ပြည်သူများအား မျက်စိအခမဲ့စမ်းသပ် ခွဲစိတ်ကုသပေးနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ထို့နောက် တိုင်းမှူးသည် မျက်စိဝေဒနာရှင်များအား ဆေးမျက်မှန်များကို တပ်ဆင်ပေးပြီး **(အပေါ်ပုံ)** မြို့နယ်အသီးသီးမှ လာရောက်၍ ဆေးဝါးကုသမှုခံယူနေကြသော မျက်စိဝေဒနာရှင်များအား အားပေးစကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဆေးရုံရှင်းလင်းဆောင်၌ ကျင်းပသည့် အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ရာ ဟုမ္မလင်းမြို့နယ် ဥက္ကဋ္ဌက ဆေးဝါးကုသမှုခံယူလျက်ရှိသော မျက်စိဝေဒနာရှင်များအတွက် အခမဲ့ နေထိုင်စားသောက်နိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဆေးရုံအုပ် ဒေါက်တာထွန်းမြင့်က မျက်စိဝေဒနာရှင်များအား ခွဲစိတ်ကုသပေးမှု စီမံဆောင်ရွက်နေမှု အခြေအနေများနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူးက စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသည့် အလှူငွေများကို မျက်စိအထူးကုဆရာဝန်များ အဖွဲ့ခေါင်းဆောင် ထံပေးအပ်သည်။ ဆက်လက်၍ အလှူရှင်အသီးသီးက အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူးနှင့် တာဝန်ရှိသူတို့က လက်ခံကြပြီး တိုင်းမှူးက ဂုဏ်ပြုအမှာစကားပြောကြားသည်။

ကျေးဇူးတင်စကားပြောကြား

ထို့နောက် တိုင်းမှူးသည် ဟုမ္မလင်းမြို့ ကမ်းနားလမ်း၌ကျင်းပသည့် မြစန္ဒာတံတား ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရာ ရှေးဦးစွာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူးက မြစန္ဒာတံတား တည်ဆောက်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး မြို့မိ/မြို့ဖတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ဖွင့်လှစ်

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် မြို့မိ/မြို့ဖတစ်ဦးတို့က မြစန္ဒာတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းမှူးက မှတ်ဉီး ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး တံတားဖွင့်ပွဲအထိမ်းအမှတ် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ တိုင်းမှူးနှင့် ဧည့်သည်တော်များသည် မြစန္ဒာတံတားနှင့် ချဉ်းကပ်လမ်းတို့ကို ဖြတ်သန်းကြည့်ရှု စစ်ဆေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မွန်ပြည်နယ် မော်တော်ယာဉ်လိုင်းများ

စည်းကမ်းသတ်မှတ်ချက်နှင့်အညီ ပြေးဆွဲမှု ရှိ/မရှိ စစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၃

မွန်ပြည်နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ ကြီးကြပ်ကွပ်ကဲမှုအောက်တွင် ပြေးဆွဲလျက်ရှိသော ခရီးသည်ပို့ဆောင်ရေး အဝေးပြေး မှန်လုံမော်တော်ယာဉ်များ၊ ပြည်နယ်အတွင်း ပြေးဆွဲသည့် မှန်လုံမော်တော်ယာဉ်များနှင့် ဟိုင်းလတ်ယာဉ်ငယ်များသည် သတ်မှတ်ထားသော ယာဉ်လိုင်းပြေးဆွဲရန် စည်းကမ်းချက်များနှင့်အညီ ပြေးဆွဲမှု ရှိ၊ မရှိကို မွန်ပြည်နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဦးမောင်ချစ် ဦးဆောင်သော စည်းကမ်းထိန်းသိမ်းရေးနှင့် သယ်ပို့ဌာန ဌာနခွဲမှူး ဦးတိမ်ဂုက်၊ ညပိုင်းယာဉ်ထွက်ခွာမှု တာဝန်ခံဌာနခွဲမှူး ဦးအောင်မျိုးနှင့် စည်းကမ်းထိန်းသိမ်းရေး ဝန်ထမ်းများက ဇန်နဝါရီ ၁ရက်မှ ၁၀ရက်အထိ မော်လမြိုင်မြို့ရှိ လှိုင်အဝေးပြေးဝင်း ယာဉ်ရပ်နားစခန်းသို့ နေ့စဉ် နံနက်ပိုင်းနှင့် ညပိုင်းတို့တွင် ရောက်ရှိ/ထွက်ခွာ ပြေးဆွဲနေသည့် မော်တော်ယာဉ်များကို စစ်ဆေးကြသည်။

(အပေါ်ပုံ)

မွန်ပြည်နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ အနေဖြင့် ခရီးသည်ပို့ဆောင်ရေး (အဝေးပြေး)နှင့် ပြည်နယ်အတွင်း ပြေးဆွဲလျက်ရှိသော မော်တော်ယာဉ်များကို သတင်းပို့မှတ်တမ်းစာအုပ်ဖြင့် ရောက်ရှိ/ထွက်ခွာ သတင်းမှတ်တမ်း ထုတ်ပေးခြင်း၊ ခရီးသွားပြည်သူများအတွက် ခရီးသွားအသက်အာမခံထားရှိခြင်း၊ ညပိုင်းထွက်ခွာသည့် မော်တော်ယာဉ်များကို သတ်မှတ်ထွက်ခွာချိန်အတိုင်း ပြေးဆွဲထွက်ခွာရေး၊ ခရီးသွားပြည်သူများအား သတ်မှတ်ယာဉ်စီးခနှုန်းထားဖြင့် အဆင်ပြေလွယ်ကူစွာ စီးနင်းသွားလာနိုင်ရေးနှင့် ယာဉ်လိုင်းများမှ မော်တော်ယာဉ် ယာဉ်မောင်းများ၊ ယာဉ်နောက်လိုက်များအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာပြေးဆွဲကြစေရေးနှင့် မော်လမြိုင်မြို့၌ ပြေးဆွဲ ထွက်ခွာ ရပ်နားနေရာ သတ်မှတ်ချက်အတိုင်း ပြေးဆွဲမှု ရှိစေရေးတို့အတွက် သတ်မှတ်ညွှန်ကြားထားသည့် စည်းကမ်းများအတိုင်း လိုက်နာမှု ရှိ၊ မရှိတို့ကို စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ ဖွဲ့စည်း၍ နေ့စဉ် ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိသည်။ **(သတင်းစဉ်)**

ဓမ္မဝေါဟာရများကို သိဖို့လိုပါမည် စာအုပ်ထုတ်ဝေ

ရန်ကုန် ဇန်နဝါရီ ၂၃

အငြိမ်းစားသံအမတ်ကြီး ဦးမောင်မောင်စိုးတင့် ရေးသားသော ဓမ္မဝေါဟာရများကို သိဖို့လိုပါမည် စာအုပ်ထုတ်ဝေလိုက်ပြီဖြစ်သည်။ **(ယာပုံ)**

အဆိုပါ စာအုပ်၌ ဓမ္မဝေါဟာရများကို သိဖို့လိုပါမည်၊ ဗောဓိပက္ခိယတရား (၃၇)ပါး၊ ဈာန်၊ အဖျက်တရားများ၊ စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်၊ ဝိပဿနာ၊ ပဋ္ဌာန်း၊ ဩကာသ ကန်တော့ချိုး၊ ယောနိသော မနသိကာရ၊ မြတ်သောနေခြင်း၊ တရားသော အောင်နိုင်ခြင်း၊ ကံကိုသာ အားကိုးပါတယ်၊ မီးတင်းကုပ်၊ တောအုပ်၊ ဝိဇ္ဇုကူဋ်၊ အာပတ်သင့်သော်စသည့် ဆောင်းပါးပေါင်း ၄၇ပုဒ် ပါဝင်ပြီး စာရေးသူက စာဖတ်သူများအား သုတရသများနှင့် အတွေးသစ်များကို ရရှိနိုင်စေရန် ရေးသားတင်ပြထားပြီး ချိုတေးသံစာပေတိုက်မှ ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၂၄-၁-၂၀၁၀(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇:၄၅ ၅။ သံသာချိုအေး မင်္ဂလာတေး
၈:၀၀ ၆။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈:၁၀ ၇။ တက္ကစီမီတာ သင်လိုရာ
၈:၂၅ ၈။ ပေါက်တံတား(ရေပြာ)နှင့် ပေါက်တံတား(အုန်းတော)
၈:၄၀ ၉။ International News
၈:၄၅၁၀။ အဆိုပြိုင်ပွဲ
၈:၅၀၁၁။ တေးဂီတအစီအစဉ်

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တစ်ပတ်အတွင်း နိုင်ငံတကာ သတင်းစဉ်
၁၁:၂၀ ၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဟာသကမ္ဘာ** (အပိုင်း-၆၆)
၁၂:၂၀ ၄။ Golf Magazine (TV)
၁၂:၄၅ ၅။ မြန်မာရုပ်ရှင် **ဆင္ဒဂံ** လွင်မိုး၊ ဝေဠုကျော်၊ သွန်းညို၊ ချမ်းသာကြည်စိုး၊ မြင့်မြင့်ခိုင်၊ ထွန်းအိန္ဒြာဗို၊ မျိုးသန္တာထွန်း၊ ခင်ဇာခြည်ကျော်၊ စိုးမြတ်နန္ဒာ၊ ဆုရှန်းလဲ့ (ဒါရိုက်တာ-ကြည်စိုးထွန်း)
၁၄:၄၅ ၆။ International News
၁၄:၅၅ ၇။ အကပြိုင်ပွဲ

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၀ ၂။ အတီးပြိုင်ပွဲ
၄:၂၀ ၃။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာ တေးသံသာ
၄:၂၅ ၄။ တေးဂီတအစီအစဉ်
၄:၃၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (မြန်မာစာ၊ ရသစာပေ၊ အရှေ့တိုင်းပညာအထူးပြုများ) (ဒဿနိကဗေဒ)
၄:၅၅ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅:၀၀ ၇။ **ခေတ်မီဖွံ့ဖြိုးတိုးတက်မှုသည် အနာဂတ်နိုင်ငံတော်သို့ ဦးတည်**
၅:၂၀ ၈။ ဆိုကြမယ် ပျော်ကြမယ်
၆:၀၀ ၉။ ညနေခင်းသတင်း
၆:၁၅၁၀။ မိုးလေဝသအခြေအနေ
၆:၂၀၁၁။ တစ်မျက်နှာတစ်ကွက်စာ **အချစ်နှင့်ယှဉ်၍ ရှင်သန်ခြင်း** ခင်ဇာခြည်ကျော်၊ မိုးထက်ပိုင်၊ ဖြူဖြူသော် (ဒါရိုက်တာ-မေတင်၊ MMG)
၆:၄၀၁၂။ **ချစ်တတ်ကြရအောင်** အောင်ရဲလင်း၊ ချစ်စနိုးဦး၊ ထွန်းထွန်းဝင်း၊ သန်းသန်းစိုး၊ အိမ့်ကြာဖြူ (ဒါရိုက်တာ-သိန်းဟန်၊ ဖီးနစ်)
၇:၀၀၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **တော်ဝင်နှလုံးသား** (အပိုင်း-၇)
၈:၀၀၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ ကာတွန်းအစီအစဉ် **ဒိုင်နိုဆောမိသားစု စွန့်စားခန်း** (အပိုင်း-၈၀)
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရွှေဖူးစာလည်** (အပိုင်း-၂)
၁၉။ ရုပ်သံကြော်ငြာများ

ပထမအကြိမ် သူနာပြုဒီပလိုမာ (၁၉၈၇-၉၁)

ကျောင်းသား ကျောင်းသူများ၏ တွေ့ဆုံပွဲနှင့် မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၂၃

၁၉၈၇-၉၁ခုနှစ်တွင် တက်ရောက်ခဲ့သော သူနာပြုဒီပလိုမာ ကျောင်းသား ကျောင်းသူများ၏ ပထမအကြိမ်တွေ့ဆုံပွဲနှင့် မြတ်ဆရာပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၃ရက်တွင် သူနာပြုတက္ကသိုလ်(ပင်မ) အစည်းအဝေးခန်းမ၌ ညနေ ၃နာရီမှ ၆နာရီအထိ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အားလုံး မပျက်မကွက် တက်ရောက်ကြပါရန်နှင့် ဆက်သွယ်လှူဒါန်းလိုသူများ တင်ကိုကို ဖုန်း-၂၅၆၁၁၂ လိုင်းခွဲ-၈၄၅၊ မအေးအေးဝင်း ဖုန်း-၀၉-၅၀-၇၁၀၈၄၊ မတင်လှ ဖုန်း-၀၁-၅၂၅၈၂၉၊ ၀၉-၅၁- ၃၃၅၂၆၊ မစန်းစန်းလွင် ဖုန်း-၀၉-၅၀-၄၈၆၄၈၊ မသန်းသန်းမြင့် ဖုန်း-၀၉-၅၀-၇၈၄၁၀၊ ၀၁-၇၂၆၁၃၈၊ မခင်လေးမော် ဖုန်း-၀၁-၅၄၂၂၀၀၊ ၀၉-၅၀-၂၉၈၈၁၊ နီနီစိုး ဖုန်း-၀၁-၅၈၄၁၀၆၊ ၀၉-၅၀-၃၇၆၈၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ ***(မြန်မာ့အလင်း)***

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန
ပြည်လမ်း၊ ရန်ကုန်မြို့

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနတို့ ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ၊ ကျောင်းသားများအတွက် စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ မြန်မာစာဘာသာသင်ခန်းစာကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင် စာမေးပွဲ
သိမှတ်ဖွယ်ရာ မြန်မာစာ

၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု မြန်မာစာဘာသာရပ် မေးခွန်းလွှာဆိုင်ရာ သိမှတ်ဖွယ်ရာများကို ဆွေးနွေးတင်ပြမှာ ဖြစ်ပါတယ်။

စာမေးပွဲဖြေဆိုမယ့် ကျောင်းသူ၊ ကျောင်းသားများဟာ မြန်မာစာမေးခွန်းပုံစံကို လေ့လာသိရှိထားဖို့ လိုအပ်ပါတယ်။ မြန်မာစာမေးခွန်းဟာ (၃)နာရီမေးခွန်း ဖြစ်ပါတယ်။ ဒီမေးခွန်းမှာ မေးခွန်းကြီး(၆)ပုဒ် မေးထားပါတယ်။ သဒ္ဒါ(၁)ပုဒ်၊ ဝေါဟာရအလင်္ကာ(၁)ပုဒ်၊ ကဗျာမေမိဋ္ဌာန်နဲ့ ကဗျာမေးခွန်းရှည်(၁)ပုဒ်၊ စကားပြေမေမိဋ္ဌာန်နဲ့ စကားပြေမေးခွန်းရှည်(၁)ပုဒ်၊ ပြဇာတ်မေးခွန်း(၁)ပုဒ်၊ စာစီစာကုံးမေးခွန်း(၁)ပုဒ်တို့ ဖြစ်ပါတယ်။

အဲ့ဒီမေးခွန်း(၁)ပုဒ်စီမှာ မေးခွန်းပုဒ်ခွဲများပါဝင်မှာဖြစ်ပါတယ်။ မေးခွန်း(၁)ကတော့ မြန်မာသဒ္ဒါ ပြဋ္ဌာန်းစာအတွဲ(၂) အခန်း(၆)ကို အခြေခံထားတဲ့မေးခွန်းဖြစ်ပါတယ်။ (က)၊ (ခ)၊ (ဂ) ဆိုပြီး မေးခွန်းပိုဒ်ခွဲ (၃)ခုခွဲပြီး မေးထားတယ်။ ပိုဒ်ခွဲ(က)မှာ မြန်မာစကားဆိုင်ရာသိမှတ်ဖွယ်ရာအခန်းများပါတဲ့ မေးခွန်း(၅)ခု မေးထားပြီးတော့ (၁)ခုဖြေရမှာဖြစ်ပါတယ်။ ဒီမေးခွန်းမှာ အုတ်ခွက်စာ၊ မင်စာစတဲ့ စာအမျိုးမျိုး၊ ဗျည်းပြောင်းလဲပုံ၊ နငယ်ပြောင်းလဲပုံ၊ အ ပြောင်းလဲပုံ၊ အစရှိတဲ့ အက္ခရာပုံသဏ္ဌာန် ပြောင်းလဲပုံတွေ၊ ဌာန်၊ ကရိုဏ်းနဲ့ပယတ်၊ စကားသံဖြစ်အင်္ဂါများ၊ မြန်မာပါဠိဆင့်များ၊ အက္ခရာတူဆင့်များ၊ ဝါစင်္ဂဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ ဝါကျဆိုင်ရာအဓိပ္ပာယ်ဖွင့်ဆိုချက်များထဲက မေးမှာဖြစ်ပါတယ်။

ဒီနေရာမှာ ခေါင်းလောင်းစာတို့၊ နငယ်ပြောင်းလဲပုံတို့ဖြေရင် ကျက်ထားသမျှကို အစီအစဉ်တကျ ရေးပြရမှာ ဖြစ်ပါတယ်။

မေးခွန်း ၁ (ခ)ကတော့ သဒ္ဒါလေ့ကျင့်ခန်း မေးခွန်းဖြစ်ပါတယ်။ ဒီမေးခွန်းမှာ မေးခွန်း(၆)ခု မေးပြီးတော့ (၄)ခုကို ဖြေဆိုရမှာဖြစ်ပါတယ်။ ဒီမေးခွန်းကို ဖြေဆိုနိုင်ဖို့အတွက် သဒ္ဒါစာအုပ်ထဲက လေ့ကျင့်ခန်းတွေကို အထပ်ထပ်အခါခါ လေ့ကျင့်ထားဖို့အပြင် မေးခွန်းကို သေချာဖတ်ပြီး မေးထားတဲ့အတိုင်း အတိအကျဖြေပေးရမယ်။ သာဓကပြရမယ်ဆိုရင် ‘‘အနက်အဓိပ္ပာယ်’’အရ မည်သည့်ကြိယာဖြစ်ကြောင်း မေးထားတဲ့ ‘‘ဆွတ်ခြွေ’’ စကားလုံးကိုဖြေရင် ‘‘ပြုခြင်းပြကြိယာ’’လို့ ဖြေရပါမယ်။ ‘‘တည်ရှိ’’ကို ‘‘ရှိခြင်းပြကြိယာ’’၊ ‘‘သေဆုံး’’ကို ‘‘ဖြစ်ခြင်းပြကြိယာ’’လို့ ဖြေရပါမယ်။ ‘‘တောင်ကလပ်’’ ကို နောက်နာမ် ‘‘ကလပ်’’က ရှေ့နာမ် ‘‘တောင်’’ကို အထူးပြုထားတဲ့ ပေါင်းစပ်နာမ်ဖြစ်ကြောင်း၊ ‘‘သုံးယောက်’’သည် အရေအတွက်ပြ သင်္ချာနာမဝိသေသနဖြစ်ကြောင်း၊ ‘‘ကွယ်၊ နော်၊ ပေ့လေ’’တို့ဟာ ဝါကျနောက်လိုက်ပစ္စည်းဖြစ်ကြောင်း စသည်ဖြင့် သဒ္ဒါအဖြေတွေကို တိတိကျကျဖြေဆိုနိုင်အောင် ကျက်မှတ်လေ့ကျင့်ထားရမှာ ဖြစ်ပါတယ်။

မေးခွန်း ၁(ဂ)ကတော့ သဒ္ဒါကိုအမှန်တကယ် နားလည်တတ်ကျွမ်းမှု ရှိ၊ မရှိစမ်းသပ်တဲ့ မေးခွန်းဖြစ်တယ်။ ဒီမေးခွန်းမှာ (၅)ခုမေးပြီး (၃)ခု ဖြေရမှာဖြစ်ပါတယ်။ များသောအားဖြင့်တော့ သဒ္ဒါအမျိုးအစားတွေ ပေးထားပြီးတော့ ဝါကျဖွဲ့ခိုင်းလေ့ရှိပါတယ်။ ‘‘သာ’’ဆိုတဲ့ နာမ်ပစ္စည်းကို ဝါကျဖွဲ့ခိုင်းရင်-

‘‘လူသာပဓာနဖြစ်သည်။’’ လို့ဝါကျဖွဲ့ရမှာဖြစ်ပါတယ်။

‘‘ကဲ့သို့’’ဆိုတဲ့ ဥပမာပစ္စည်းကို ဝါကျဖွဲ့ခိုင်းရင်-

‘‘မောင်မောင်ကဲ့သို့ မောင်လှလည်းစာတော်သည်။’’ လို့ဝါကျဖွဲ့ရမှာဖြစ်ပါတယ်။

မေးခွန်း(၂)ကတော့ စကားပြေ၊ ကဗျာနဲ့ ပြဇာတ်ဆိုတဲ့ ပြဋ္ဌာန်းစာတွေထဲက ဝေါဟာရတွေ၊ အလင်္ကာတွေကို ထုတ်နုတ်ပြီး မေးမှာဖြစ်ပါတယ်။

၂(က)မှာ စာသုံးပေသုံး ရှေးသုံးဝေါဟာရတွေကို အဓိပ္ပာယ်ဖွင့်ခိုင်းပါတယ်။ ဒီမေးခွန်းမှာ (၈)ခု ပေးထားပြီး (၅)ခု ဖြေရမှာဖြစ်ပါတယ်။ ဖြေဆိုတဲ့အခါမှာ ပြဋ္ဌာန်းစာပါအတိုင်း အဓိပ္ပာယ်ဖွင့်ဆိုဖို့ လိုအပ်ပါတယ်။ အဓိပ္ပာယ်ဖွင့်ပုံတိကျဖို့လည်း လိုအပ်ပါတယ်။ ဝေါဟာရရဲ့သဒ္ဒါအမျိုးအစားနဲ့ ကိုက်ညီတဲ့အဓိပ္ပာယ်ဖြစ်ဖို့လည်း လိုအပ်ပါတယ်။ ဒီမေးခွန်းအတွက် ပြဋ္ဌာန်းစာအုပ်တွေထဲက ခက်ဆစ် အဓိပ္ပာယ်တွေကို သေသေချာချာကျက်ထားရင် လုံလောက်နိုင်ပါတယ်။ သာဓကအနေနဲ့ မေးခွန်းတစ်ခုဖြေပြပါမယ်။ ‘‘နံ့ရှား’’ဆိုတဲ့ ဝေါဟာရကို အနက်ဖွင့်မယ်ဆိုရင် ပြဋ္ဌာန်းစာမှာ ပါတဲ့အတိုင်း ‘‘ရနံ့မွှေးကြိုင်သည်’’ဆိုပြီးတော့ဖွင့်ရပါမယ်။‘‘နံ့ရှား’’သည် ကြိယာဖြစ်တဲ့အတွက်ကြောင့်မို့လို့ အဖွင့်သည် ကြိယာအနက်ပဲ ဖြစ်ရပါမယ်။

မေးခွန်း၂(ခ)မှာတော့ ယနေ့ခေတ်သုံးဝေါဟာရတွေကို ဝါကျဖွဲ့ခိုင်းတာဖြစ်ပါတယ်။ ဒီမေးခွန်းမှာလည်း (၈)ခုမေးပြီးတော့ (၅)ခု ဖြေရမှာဖြစ်ပါတယ်။ ဝါကျဖွဲ့ရာမှာ ပြဋ္ဌာန်းစာမှာသုံးတဲ့ အဓိပ္ပာယ်မျိုးပဲ ဖြစ်ရပါမယ်။ ဝေါဟာရရဲ့ သုံးစွဲပုံအနက်ပေါ်လွင်တဲ့ ဝါကျမျိုးလည်း ဖြစ်ရပါမယ်။ ဆိုကြပါစို့‘‘အန်တု’’ဆိုတဲ့ ဝေါဟာရကို ဝါကျဖွဲ့ရင် ‘‘မြန်မာ့သတ္တိကို အန်တု၍မရနိုင်ပါ’’ ဆိုတဲ့ဝါကျမျိုး ဖြစ်ရပါမယ်။

မေးခွန်း၂(ဂ)ကတော့ အလင်္ကာမေးခွန်းဖြစ်ပါတယ်။ ဒီမေးခွန်းမှာ ဥပမာ၊ ရူပက၊ ဝဏ်ဝုတ္တိ၊ မြည်သံစွဲ အစရှိတဲ့ အလင်္ကာအမျိုးအမည်တွေကို ဖော်ပြပေးထားပါတယ်။ မေးခွန်း(၈)ခုမေးပြီးတော့ (၅)ခုဖြေဆိုရမှာ ဖြစ်ပါတယ်။ ဖြေဆိုတဲ့အခါမှာ ဒီအလင်္ကာကို ဘယ်ပြဋ္ဌာန်းစာမှာ ဘယ်အကြောင်းနဲ့ ဆက်စပ်သုံးတယ်၊ ဘာ့ကြောင့် ဒီအလင်္ကာမြောက်တယ်ဆိုတာတွေကို ဖြေရမှာဖြစ်ပါတယ်။

ဖြေတဲ့အခါမှာလည်း ဥပမာအလင်္ကာကိုဖြေရင် အနှိုင်းခံနဲ့အနှိုင်းကို ဘယ်လိုခိုင်းနှိုင်းဖွဲ့ဆိုကြောင်း၊ ရူပကအလင်္ကာကိုဖြေရင် အနှိုင်းခံနဲ့အနှိုင်းကို ဘယ်လိုထပ်တူပြုထားကြောင်း၊ ဝဏ်ဝုတ္တိအလင်္ကာကိုဖြေရင် ဘယ်လိုတိုက်ရိုက်မရေးဘဲ သွယ်ဝိုက်ရေးထားကြောင်း၊ အတိသယဝုတ္တိအလင်္ကာကိုဖြေရင် ဘယ်လိုအလွန်အကြူး ရေးထားကြောင်း၊ မြည်သံစွဲအလင်္ကာဖြေရင် ဘာမြည်သံကိုထည့်သွင်းဖွဲ့ဆိုထားကြောင်းဆိုတဲ့ သက်ဆိုင်ရာအလင်္ကာရဲ့ သတ်မှတ်အသုံးအနှုန်းတွေကို သုံးစွဲပြီး ရှင်းပြရမှာ ဖြစ်ပါတယ်။

‘‘ငှက်ပျံသလို’’ဆိုတဲ့ ဥပမာအလင်္ကာကို ဖြေမယ်ဆိုရင် ဤအလင်္ကာကို အိမ်ရှေ့ကိုယ်တော်ကြီး စကားပြေမှ အိမ်ရှေ့ကိုယ်တော်ကြီးသည် အောင်ပင်လယ်ကန်၌ ရေမြှုပ်ဖုံးများ ဖောက်ခွဲသောအခါ ပျဉ်တိုပျဉ်စများ လွင့်စဉ်ဝဲပျံနေပုံကို ရည်ညွှန်းဖော်ပြရာ၌ ဆက်စပ်သုံးထားခြင်းဖြစ်ကြောင်း၊ အောင်ပင်လယ်ကန်တွင် ရေမြှုပ်ဖုံးများဖောက်ခွဲလိုက်သောအခါ ပျဉ်တိုပျဉ်စများ လွင့်စဉ်ဝဲပျံနေပုံ (အနှိုင်းခံ)ကို ငှက်များဝဲပျံနေပုံ(အနှိုင်း)နှင့် ဂုဏ်ရည်တူချင်း ခိုင်းနှိုင်းရေးဖွဲ့ထားသောကြောင့် ဥပမာအလင်္ကာမြောက်ကြောင်း ရှင်းပြရမှာ ဖြစ်ပါတယ်။

မေးခွန်း(၃)ကတော့ ကဗျာလက်ရွေးစင်ထဲက ကဗျာဆိုင်ရာမေးခွန်းများဖြစ်တယ်။ ပိုဒ်ခွဲ(က)မှာ ဓမ္မမိဋ္ဌာန် မေးခွန်းတွေမေးထားတယ်။ ဓမ္မမိဋ္ဌာန်မေးခွန်းတွေအတွက် ကဗျာတစ်ပိုဒ်ချင်းရဲ့ မိတ်ဆက်မှာပါတဲ့ ကဗျာစာဆို အကြောင်း၊ ကဗျာရေးတဲ့ခေတ်၊ ကဗျာအမျိုးအစား၊ ကဗျာအကြောင်းနဲ့ကဗျာ့သဘော၊ ကဗျာမှာပါတဲ့ အချက် အလက်နဲ့အနက်အဓိပ္ပာယ်၊ ကဗျာနဲ့သက်ဆိုင်တဲ့ ထူးခြားချက်များ စတာတွေကို လေ့လာကျက်မှတ်ထားဖို့ လိုအပ်ပါတယ်။

ဆိုကြပါစို့။ ရွှေနှင့်ယိုးမှားပန်းစကားကဗျာကို ပုဂံခေတ်တွင် ရေးခဲ့ကြောင်း၊ ဌာနီပြည်ကြီးက ဝေးသနှင့် ကဗျာအမျိုးအစားမှာ ညည်းချင်းကဗျာဖြစ်ကြောင်းဆိုတာတွေအပြင် ကဗျာမိတ်ဆက်မှာပါတဲ့ ကာချင်း၊ တျာချင်း၊ ရှစ်ဆယ်ပေါ်အဲ အစရှိတဲ့ ကဗျာအမျိုးအမည်တွေရဲ့ အနက်အဓိပ္ပာယ်များကအစ သိမှတ်ဖွယ်ရာတွေကို မှတ်သားထားဖို့ လိုအပ်ပါတယ်။

မေးခွန်း(၃) ပိုဒ်ခွဲ(ခ)ကတော့ ရှင်းလင်းဆွေးနွေးရတဲ့ မေးခွန်းဖြစ်တယ်။ ကဗျာတစ်ပုဒ်ချင်းရဲ့ ရည်ရွယ်ချက်၊ အကြောင်းအရာ၊ အရေးအဖွဲ့နဲ့ရရှိတဲ့ သုတရသတွေကို လေ့လာထားရပါမယ်။ အရေးအကြီးဆုံးအဓိက အချက်ကတော့ ဖြေဆိုရာမှာ မေးခွန်းနဲ့ဘောင်ဝင်ဖို့ပဲ ဖြစ်ပါတယ်။ ကဗျာပါအကြောင်းအရာကို တိုက်ရိုက်မေးတာလား၊ ကဗျာစာဆိုက ဘယ်လိုဖွဲ့ထားလဲလို့ မေးတာလား၊ ဒီကဗျာနဲ့ပတ်သက်တဲ့ မိမိရဲ့အတွေးအမြင် ခံစားချက်ကိုမေးတာလား စသည်ဖြင့် ကွဲကွဲပြားပြားသိဖို့ လိုအပ်ပါတယ်။

‘‘စစ်မှာတစ်မူ ကဗျာမှ စစ်ထွက်သူ၏ ခံယူချက်နှင့်တာဝန်’’ဆိုတဲ့မေးခွန်းကို ဖြေတဲ့အခါမှာ စစ်သည် မောင်နှင့် ချစ်သူမယ်တို့၏ အပြန်အလှန်ပြောစကားကိုသာ စကားပြေပြန်ရေးကြပြီး စစ်ထွက်သူ၏ ခံယူချက်နှင့် တာဝန်ကို ပေါ်လွင်အောင် မတင်ပြနိုင်ကြဘူး။ ကဗျာပါအကြောင်းအရာများမှ စစ်ထွက်သူ၏ ခံယူချက်ရယ်၊ တာဝန်ပိုင်းရယ်ကို ရွေးထုတ်ပြီး ကဗျာနဲ့ယှဉ်တွဲ ကောက်နုတ်တင်ပြရမှာ ဖြစ်တယ်။ ညောင်ရမ်းခေတ် တောင်တွင်းရှင်ငြိမ်းမယ် ရေးဖွဲ့ခဲ့သော အိုင်ချင်းကဗျာဖြစ်ပုံ၊ညောင်ရမ်းခေတ် စစ်သည်တော်တို့၏ သတ္တိ၊ စွန့်လွှတ်စွန့်စားတတ်မှု၊ အရှင်သခင်အပေါ် သစ္စာရှိမှု၊ ချစ်သူအပေါ် သစ္စာစောင့်သိမှုတို့ကို သိစေလိုသည့် ရည်ရွယ်ချက်ရှိပုံ၊ ရှေးခေတ်စစ်သည်တို့၏ အချစ်ရေးထက် စစ်ရေးကို ဦးစားပေးလိုသည့် ခံယူချက်ထားရှိပုံ၊ စစ်ထွက်သူ၏ နာဖျားဥပါယ်ခိုကာ လှည့်ပတ်ရှောင်တိမ်းခြင်းမပြုလိုသောခံယူချက်နှင့် တာဝန်သိပုံ၊ စစ်သံကြားသည်နှင့်‘ရွှေဓားပိုက်ကာ အိုးစားဖက်ကို လိုက်လို့ရှာသည်’ဟူသော အဖွဲ့အရ မိမိ၏အသိစိတ်ဓာတ်ဖြင့် တိုင်းပြည်ကို ကာကွယ်လိုသည့် ခံယူချက်ထားရှိပုံနှင့် ဤခံယူချက်အတိုင်း တာဝန်ထမ်းဆောင်ပုံ၊ ရန်ကာရန်ကွယ်ပြုလုပ်ရန် လူတိုင်းမှာတာဝန်ရှိကြောင်း ခံယူချက်ထားရှိပုံ၊ ချစ်သူ၏ သံသယစကားများကို ကျိုးကြောင်းခိုင်လုံစွာ ရှင်းပြရင်း မိမိတာဝန်ကို ဦးစားပေး ဆောင်ရွက်ပုံ၊ စစ်ချီရာတွင်လိုက်ပါရမည်ဟု ဘုရင်မင်းမြတ်က အမိန့်ချမှတ်ခြင်းခံရသူ အဖြစ် တာဝန်ကျေသူ တစ်ဦးဖြစ်ပုံ၊ ဘုရင်မင်းမြတ်၏ အမှုထမ်းကောင်းတစ်ယောက်အဖြစ် သတ်မှတ်ခြင်း ခံရသူဖြစ်သည့်အလျောက် တာဝန်ကျေပွန်လိုသည့် ခံယူချက်လည်းရှိပုံတို့ကို ကဗျာစာသား အကိုးအကားများ နှင့်တကွ တင်ပြရမှာဖြစ်ပါတယ်။ ဒါကြောင့် ကဗျာမေးခွန်းကို ဖြေတဲ့အခါမှာ မေးခွန်းမှာပေးထားတဲ့ စစ်ထွက်သူ၏ ခံယူချက်နှင့်တာဝန်ဆိုတဲ့(၂)ပိုင်းကို (၂)ပိုင်းစလုံးပါအောင် ပြည့်စုံစွာ ဖြေဆိုတတ်ဖို့ အလွန်အရေးကြီးပါတယ်။

မေးခွန်း(၄)ကိုတော့ ပင်ရင်းမြန်မာစကားပြေလက်ရွေးစင်ထဲကမေးပါမယ်။ မေးခွန်း(၄)မှာ ပိုဒ်ခွဲ(က)နဲ့ (ခ)ဆိုပြီး နှစ်ပိုင်းပါဝင်ပါတယ်။ ပိုဒ်ခွဲ(က)က ဓမ္မမိဋ္ဌာန်မေးခွန်းဖြစ်ပါတယ်။ ဒီနေရာမှာလည်း စကားပြေ တစ်ပုဒ်ချင်းရဲ့ မိတ်ဆက်မှာပါတဲ့ စာရေးသူအကြောင်း၊ စကားပြေအကြောင်း၊ အဲဒီစကားပြေ ရေးတဲ့ခေတ်၊ ထုတ်နုတ်တဲ့စကားပြေစာအုပ်အမည် စတဲ့စကားပြေဆိုင်ရာအချက်အလက်တွေကို လေ့လာကျက်မှတ်ထားရပါမယ်။ တိတိကျကျဖြေဆိုဖို့လည်း လိုအပ်ပါတယ်။

မေးခွန်း(၄) ပိုဒ်ခွဲ(ခ)မှာတော့ ရှင်းလင်းဆွေးနွေးရတဲ့ စကားပြေမေးခွန်းဖြစ်ပါတယ်။ စကားပြေ တစ်ပုဒ်ချင်းရဲ့ ရည်ရွယ်ချက်၊ အကြောင်းအရာ၊ အရေးအသားနဲ့ သုတရသသင်ခန်းစာတွေကို လေ့လာရမှာ ဖြစ်ပါတယ်။ ဒီမေးခွန်းမှာလည်း ကဗျာမေးခွန်းတုန်းကလိုပဲ မေးခွန်းရဲ့ဦးတည်ချက်ကို ခွဲခွဲခြားခြားသိဖို့ လိုအပ်ပါတယ်။ မေးထားတဲ့မေးခွန်းဟာ အကြောင်းအရာကို ဦးတည်မေးတာလား၊ အရေးအဖွဲ့ကို ဦးတည်မေးတာလား အဲဒါတွေကို ကွဲကွဲပြားပြား နားလည်ရန် လိုအပ်ပါတယ်။ သာဓကအနေနဲ့ ၄(ခ)မေးခွန်းဖြစ်တဲ့ ပတ္တမြား ကျောက်စီဓားစကားပြေ၏ ရည်ရွယ်ချက်နှင့် ရည်ရွယ်ချက်ပေါ်လွင်အောင် ရေးဖွဲ့ပုံမေးခွန်းကို တင်ပြလိုပါတယ်။

ဒီမေးခွန်းမျိုးဖြေတဲ့အခါမှာ စကားပြေရဲ့ရည်ရွယ်ချက်ရယ်၊ ရည်ရွယ်ချက်ရောက်အောင် ပို့ဆောင်ပုံရယ် (၂)ချက် ဖြေပေးရမှာဖြစ်တယ်။ ဆိုကြပါစို့ ရည်ရွယ်ချက်မှာ သူရဲကောင်းတို့၏ လေးစားထိုက်သောဂုဏ်ရည်ကို ဖော်ပြလိုခြင်းဖြစ်ကြောင်း၊ ဤစကားပြေတွင် ပတ္တမြားကျောက်စီဓားပိုင်ရှင်ဓားပြဗိုလ် ဗိုလ်မိုးသီးကို အားကျသည့် လူငယ်တစ်ဦးနှင့် ပုဂံမြို့စားမင်း ဇေယျကျော်ထင်တို့၏ အမှုအရာများမှတစ်ဆင့် သူရဲကောင်းတို့၏ လေးစားထိုက်သောဂုဏ်ရည်ကို ထင်ရှားစေလျက် စကားပြေ၏ရည်ရွယ်ချက်ကို ပေါ်လွင်အောင်ရေးဖွဲ့ထားပုံ၊ အကြောင်းအရာပိုင်းအားဖြင့် ရည်ရွယ်ချက်ပေါ်လွင်ပုံ၊ အရေးအဖွဲ့ပိုင်းအားဖြင့် သူရဲကောင်းတို့၏ ဂုဏ်ရည်ကပေါ်လွင်စေသော သရုပ်ဖော်အဖွဲ့များ၊ အပြန်အလှန်ပြောစကားများဖြင့် ရည်ရွယ်ချက်ပေါ်လွင်အောင် ရေးဖွဲ့ထားပုံတို့ကို စာသား အကိုးအကားများဖြင့် တင်ပြရန်ဖြစ်တယ်။

မေးခွန်း(၅)ကတော့ ရေသည်ပြဇာတ်မေးခွန်းဖြစ်ပါတယ်။ ဒီမေးခွန်းမှာလည်း ပိုဒ်ခွဲ(က)နဲ့ (ခ) ဆိုပြီးတော့ ၂-ပုဒ် မေးထားပါတယ်။ ပိုဒ်ခွဲ(က)မှာ စကားစပ်မေးပါတယ်။ စကားစပ်ကိုဖြေတဲ့အခါမှာတော့ ပေးထားတဲ့ စာပိုဒ်ဟာ ဘယ်အခန်းကစကားဖြစ်တယ်။ ဘယ်သူက ဘယ်သူ့ကို ဘယ်အချိန် ဘယ်နေရာမှာ ဘာအကြောင်းနဲ့စပ်ပြီး ဘယ်လိုပြောတယ်ဆိုတာကို မှန်မှန်ကန်ကန်ပြည့်ပြည့်စုံစုံ ရေးနိုင်ရပါမယ်။ ဒီမေးခွန်းကိုဖြေနိုင်ဖို့အတွက် ပြဇာတ်ကိုကျေညက်နေအောင် လေ့လာထားရပါမယ်။

စကားစပ်ကိုဖြေတဲ့နေရာမှာ သိထားရမယ့်အချက်တွေကတော့ မည်သည့်အခန်းကဆိုတာကို ဖော်ပြတဲ့ အခါမှာ အခန်း(၁)၊ အခန်း(၂)စသည်ဖြင့် ဖော်ပြနိုင်ပါတယ်။ ဒါမှမဟုတ် ရေသည်ယောကျ်ား စကားဆိုခန်း၊ ရေသည် မိန်းမ စကားဆိုခန်း၊ ရေသည်ယောကျ်ား ရေရောင်းထွက်သောအခန်း စသည်ဖြင့် အခန်းရဲ့အမည်ကိုလည်း

စာမျက်နှာ ၁၆ ကော်လံ ၁ သို့

စာမျက်နှာ ၁၅ မှအဆက်

ဖော်ပြနိုင်ပါတယ်။ ဒါမှမဟုတ် အခန်း(၅) အိမ်ရှေ့မင်းနောင်တရခန်း စသည်ဖြင့် အခန်းအမှတ်ရော၊ အခန်းအမည်ရော နှစ်မျိုးလုံးတွဲပြီးတော့လည်း ဖော်ပြလို့ရပါတယ်။

စကားစပ်မှာ နောက်ထပ်သတိပြုရမယ့်အချက်တွေကတော့ တစ်ကိုယ်တည်းစကားတွေကို ဖြေဆိုတဲ့အခါမှာ ဘယ်သူက ဘယ်သူ့ကိုဆိုတာကို ရှာဖွေနေစရာ၊ ပြောစရာမလိုပါဘူး။ မိမိတစ်ကိုယ်တည်း ပြောသောစကားဖြစ်သည်လို့ဖြေရင် လုံလောက်ပါတယ်။ အချိန်ကိုလည်း နံနက်အချိန်၊ မွန်းတည့်ချိန် စသည်ဖြင့် ဖော်ပြနိုင်သလို ရေသည်မိန်းမ ရေရောင်းထွက်ချိန်၊ ရေသည်ယောကျ်ား ရေရောင်းထွက်ချိန် စသည်ဖြင့် ဖော်ပြနိုင်ပါတယ်။ ဆိုလိုရင်း အဓိပ္ပာယ်ကို ဖြေတဲ့အခါမှာ မိမိစကားပြေနဲ့ ပြေပြေပြစ်ပြစ် ပြန်လည်ရေးသားဖို့တော့ အထူးလိုအပ်ပါတယ်။

မေးခွန်း(၅) ပိုဒ်ခွဲ (ခ)မှာတော့ ရေသည်ပြဇာတ်ရဲ့ အကြောင်းအရာကဏ္ဍကို မေးမှာဖြစ်ပါတယ်။ ပြဇာတ်ရဲ့ အကြောင်းအရာကဏ္ဍကို ၂-ပိုင်းခွဲလို့ ရပါတယ်။

(၁) ကတော့ ဇာတ်လမ်းအဖြစ်အပျက်ပိုင်းဖြစ်ပါတယ်။

(၂) ကတော့ ဇာတ်ဆောင်စရိုက်အဖွဲ့ဖြစ်ပါတယ်။

ဇာတ်ဆောင်စရိုက်မှာ ရေသည်ယောကျ်ား၊ ရေသည်မိန်းမ၊ ဥဒယမင်းကြီးဆိုတဲ့ ဇာတ်ဆောင် ၃ယောက်ရဲ့ စရိုက်တွေကိုမေးလေ့ရှိပါတယ်။ အဲဒီအကြောင်းအရာမေးခွန်းတွေကို ဖြေတဲ့အခါမှာလည်း စကားစပ်ရဲ့ ဆိုလိုရင်း အဓိပ္ပာယ်ကို ဖြေသလိုပဲ ဇာတ်စာမူရင်းအတိုင်းမရေးရပါဘူး။ မေးတဲ့မေးခွန်းနဲ့ မသက်ဆိုင်တဲ့ အချက်အလက်တွေကို ထည့်ပြီးမရေးရပါဘူး။ ကိုယ်ပိုင်စကားပြေနဲ့ ရေးရမှာဖြစ်ပါတယ်။ မေးခွန်းရဲ့ဆိုလိုရင်းကို ပေါ်လွင်အောင် ဖြေဆိုတတ်ဖို့ အထူးအရေးကြီးပါတယ်။

မေးခွန်း(၆) ကတော့ စာစီစာကုံးမေးခွန်းဖြစ်ပါတယ်။ စာစီစာကုံးဟာ မြန်မာစာမေးခွန်းလွှာမှာ အမှတ်အများဆုံး၊ အမှတ်(၂၀)ပေးတဲ့မေးခွန်းဖြစ်ပါတယ်။ ခေါင်းစဉ် ၃ခု ပေးထားပြီးတော့ အဲဒီခေါင်းစဉ် ၃ခုထဲက နှစ်သက်ရာတစ်ခုကို ဖြေဆိုရမှာ ဖြစ်ပါတယ်။ ခေါင်းစဉ် ၃ခုလုံးမှာလည်း ပုံကြမ်းအချက်အလက်တွေ ပေးထားမှာဖြစ်ပါတယ်။

ဗဟုသုတများ၊ အတွေးအမြင်များ၊ စကားပုံဆိုရိုးများကိုလည်း ထည့်သွင်းပြီးရေးလို့ရပါတယ်။ ဝါကျတစ်ကြောင်းနဲ့တစ်ကြောင်း၊ စာတစ်ပိုဒ်နှင့်တစ်ပိုဒ်၊ နိဒါန်း၊ စာကိုယ်၊ နိဂုံးဆိုတဲ့ စာစီစာကုံးရဲ့ အပိုင်း (၃)ပိုင်း၊ ဒါတွေမှာ အချိတ်အဆက်မိဖို့ လိုပါတယ်။ ခေါင်းစဉ်နဲ့ ဆီလျော်တဲ့အတွေးအခေါ် အတင်အပြမျိုးဖြစ်တယ်ဆိုလို့ရှိရင်၊ အရေးအသားလည်း ချောချောမွေ့မွေ့ပြေပြေပြစ်ပြစ် ရေးမယ်ဆိုလို့ရှိရင် အမှတ်ကောင်းကောင်းရမှာဖြစ်ပါတယ်။

အားလုံးကိုခြုံပြောရရင် မြန်မာစာဘာသာရပ်ကို ဖြေဆိုတဲ့အခါ စာလုံးပေါင်းသတ်ပုံ မှန်ရမယ်။ ဖျက်ရာခြစ်ရာတွေနဲ့ ရှုပ်ပွနေမှုကင်းရမယ်။ နည်းရမယ်။ လက်ရေးလက်သားလှပသေသပ်ရမယ်။ မေးခွန်းနဲ့အဖြေ လွဲမှားမှုမရှိအောင် ဂရုစိုက်ရမယ်။ အခုဆွေးနွေးခဲ့တဲ့အချက်တွေဟာ မြန်မာစာကို ကျက်မှတ်လေ့လာဖြေဆိုရာမှာ ကောင်းစွာ အထောက်အကူပြုလိမ့်မယ်လို့ ယုံကြည်မိပါတယ်။

မြန်မာစာဘာသာရပ်ကို ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာစွာနဲ့ ကောင်းမွန်စွာဖြေဆိုနိုင်ကြပါစေလို့ ဆန္ဒပြုရင်း ဆွေးနွေးပို့ချချက်ကို နိဂုံးချုပ်လိုက်ပါတယ်။ ။

ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်အဆောက်အအုံသစ် ကသာ၌ဖွင့်လှစ် စာကြည့်တိုက်များ စံ(၅)ချက်နှင့်ညီရေး ဆွေးနွေး

ကသာ ဇန်နဝါရီ ၂၃

ကသာခရိုင် ကသာမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ဦးဆောင်မှုဖြင့် ကသာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပေါမမြိုင်ကျေးရွာ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီတို့ပူးပေါင်း၍ ပေါမမြိုင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၄ ရက် နံနက် ၉ နာရီက အဆိုပါစာကြည့်တိုက်၌ကျင်းပသည်။

ဆွေးနွေး

ဖွင့်ပွဲအခမ်းအနားတွင် ကသာခရိုင်ဥက္ကဋ္ဌ ဦးမောင်မောင်ဌေး၊ မြို့နယ်ဥက္ကဋ္ဌ ဦးမင်းအောင်၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ဝင်း(**ယာပုံ**)တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်ဌေးက အမှာစကားပြောကြားကာ ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ဝင်းကိုက စာကြည့်တိုက်များဖွင့်လှစ်ရသည့် ရည်ရွယ်ချက် စံ(၅)ချက်နှင့်ညီသော စာကြည့်တိုက်များဖြစ်ပေါ်လာရေး၊ စာငှားစနစ်ကျင့်သုံးရေးတို့ကိုဆွေးနွေးသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်ဌေး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်မိုးကြည်နှင့် စေတနာရှင်အလှူရှင်များက ပေါမမြိုင်စာကြည့်တိုက်သို့ စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူကြသည်။

(ခရိုင် ပြန်/ဆက်)

ရွှေတိဂုံစေတီတော် မြန်မာ့ရိုးရာထမနဲပွဲတော်ကျင်းပမည်

လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော် မြန်မာ့ရိုးရာထမနဲပွဲတော်ကို တပို့တွဲလပြည့်နေ့ ၁၃၇၁ခုနှစ်တွင် ကျင်းပမည်ဖြစ်ပါသည်။

ထမနဲပွဲတော်ကျင်းပရာ၌ တပို့တွဲလဆန်း ၁၄ရက် (ဇန်နဝါရီ ၂၈ရက်)ညနေ ၄နာရီတွင် ရွှေတိဂုံစေတီတော် ဘာသာရေးအသင်းအဖွဲ့များ၊ အခွန်ထမ်းများနှင့် ဝန်ထမ်းများပါဝင်သောအသင်းအဖွဲ့ ၃၆တို့ဖြင့် ထမနဲ ထိုးပြိုင်ပွဲကျင်းပမည်ဖြစ်ပြီး ဇန်နဝါရီ ၂၉ရက် (တပို့တွဲလပြည့်နေ့)နံနက် ၅နာရီတွင် ရင်ပြင်တော်ရာဟုထောင့် ချမ်းသာကြီးတန်ဆောင်း၌ ထမနဲဆွမ်းတော်ကြီးကပ်လှူခြင်း၊ ဩဝါဒပါတိမောက် ဒေသနာရွတ်ဆိုပူဇော်ခြင်း၊ နံနက် ၆နာရီတွင် ဘုရားအမှူးပြုသော သံဃာတော် ၆၂ပါးတို့အား ထမနဲဆွမ်းတော်ကြီးနှင့် ဆွမ်းဆန်စိမ်း လောင်းလှူခြင်း၊ နံနက်၇နာရီ တွင် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခြင်းစသည်ဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ပါသည်။ ထမနဲတစ်ဒယ်လျှင် ကျပ် ၁၈၀၀၀နှုန်းဖြင့် ရဟန်းရှင်လူပြည်သူအများ ပါဝင်ကုသိုလ်ပြုနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့။

တစ်ဦးတည်းဖြစ်ပါကြောင်း

အဖ ဦးကျော်မိုးသက်၏သား မောင်အောင်မျိုးဟိန်း(ခ)မောင်အောင်မျိုးမင်းဟိန်း ၁၃/တကန(နိုင်)၂၁၀၆၄၈မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

အောင်မျိုးဟိန်း(ခ)
အောင်မျိုးမင်းဟိန်း။

Vibration Roller

ငှားရန်ရှိသည်။

ဖုန်း - ၀၉-၅၃-၀၁၂၀၈
-၀၉-၈၆-၅၀၆၉၁။

မော်တော်ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၉၇၅၄ Honda Delux 90 CC ယာဉ်လက်ဝယ်ရှိသူ ဦးဘမင်း ၉/မရတ(နိုင်)၀၆၇၀၂၉က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့။

ရောင်းရန်ကြော်ငြာစာ
(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
ရန်ကုန်တိုင်းတရားရုံး
၂၀၀၉ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၄၄

ဝန်ဝနာကုမ္ပဏီလီမိတက် (၄င်း၏ ကိုယ်စားလှယ်-မစ္စတာဘွန်ဆန်ချစ်တရာ)	နှင့်	သစ်လွင်သောစိတ်ကူး ကုမ္ပဏီလီမိတက် (၄င်း၏ ဒါရိုက်တာ ဦးကိုကိုမောင်)
ဒီကရီရသူ		**(တရားရှုံး)**

၂၀၀၇ ခုနှစ် တရားမကြီးမှုအမှတ်-၁၀၁၅ တွင်ချမှတ်ထားသော အနိုင်ဒီကရီအား အတည်ပြုဆောင်ရွက်ရန် အတွက်အောက်တွင် ဖော်ပြထားသော ပစ္စည်းကို ၂၀၁၀ ခုနှစ် မတ်လ ၈ရက် နံနက်၁၀နာရီအချိန်တွင် ၄င်းပစ္စည်း တည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

ရောင်းချခြင်းကို အများပြည်သူတို့ရှေ့တွင် လေလံတင်ရောင်းချမည်ဖြစ်၍ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်ထားသည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း၊ လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

ပစ္စည်းစာရင်း

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ကိုယ့်မင်းကိုယ့်ချင်းရပ်ကွက် ရွှေဂုံရိပ်မွန်အိမ်ရာ၊ အခန်း(၁)မြေညီထပ်၊ အမှတ်(၁၂)ရှိ တိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့် အရပ်ရပ်အားလုံး။

ကြမ်းခင်းဈေး ကျပ်သိန်း (၂၇၀)တိတိ။

လေလံတင်ရောင်းချမည့် စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသောအချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကွင်းကျန်ခြင်းတစ်ခုခု ပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံး ပေးဝယ်ယူသူအား လေလံဆွဲဝယ်သူအဖြစ် သတ်မှတ်မည်။ သို့သော်အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက်လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချမည့်မရွေ့မပြောင်းနိုင်သော ပစ္စည်းအတွက် လေလံဆွဲ ဝယ်ယူသူက ငွေကျပ် ၁၀၀လျှင် ၂၅ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည့်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်းမပြုလျှင် တစ်ဖန် ပြန်လည်လေလံတင် ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိ သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသည့်တန်ဖိုး၏ ၂၅ရာခိုင်နှုန်းကို နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ရက်မြောက်နေ့တွင် အကျေပေးသွင်းရမည်။ ယင်းနေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်နေ့တွင် ပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းခံရမည်။

၂၀၁၀ခုနှစ်၊ ဇန်နဝါရီ ၂၁ရက်၌ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဒေါ်အေးအေးခိုင်
တွဲဖက်တိုင်းတရားသူကြီး(၉)၊ ရန်ကုန်တိုင်းတရားရုံး။

ပါရမီ နှစ်ထပ်ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားနှင့် မြတ်ဆရာပူဇော်ပွဲ ဖိတ်ကြားခြင်း

ပဲခူးတိုင်း၊ ကဝမြို့နယ်၊ သပြုကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းရှိ ပါရမီ ဖောင်ဒေးရှင်းမှ ဆောက်လုပ်လှူဒါန်းခဲ့သော ပေ(၁၄၀×၃၀) နှစ်ထပ် ပါရမီကျောင်းဆောင်သစ်ဖွင့်ပွဲ၊ လွှဲပြောင်း ပေးအပ်ပွဲ အခမ်းအနားနှင့် ယခင်သပြုကျေးရွာ (အ·လ·က)၌ ပညာသင်ကြားပေးခဲ့သော အငြိမ်းစား ဆရာ/ဆရာမကြီးများအား ချစ်တပည့်များက ပဥ္စမအကြိမ်မြောက် မြတ်ဆရာ ပူဇော်ပွဲကျင်းပ၍ ဂါရဝပြုလိုပါသဖြင့် ကျောင်းသား/ကျောင်းသူဟောင်းများနှင့် (သပြုဇာတိဖွား) ညီအစ်ကိုမောင်နှမများ အောက်ပါအစီအစဉ်အတိုင်း ကြွရောက်ချီးမြှင့်ပေးပါရန် ရိုသေလေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

	ပါရမီ နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲ	မြတ်ဆရာပူဇော်ပွဲ
နေ့ရက်	၃၀-၁-၂၀၁၀ စနေနေ့	၃၀-၁-၂၀၁၀၊ စနေနေ့
အချိန်	နံနက် (၉း၀၀)နာရီ	မွန်းလွဲ (၂း၀၀)နာရီ
နေရာ	အ·ထ·က သပြုကျေးရွာ ကဝမြို့နယ်၊ ပဲခူးတိုင်း။	အ·ထ·က စုဝေးခန်းမ သပြုကျေးရွာ။

ဆက်သွယ်ရန်-

ကိုတင်လှိုင်	ဖုန်း-၀၁-၅၃၄၇၈၃
ကိုတင့်ဝေ	ဖုန်း-၀၁-၆၉၅၃၀၂
ကိုသန်းဇော်	ဖုန်း-၀၁-၆၆၃၇၁၉
ကိုခင်မောင်လတ်	ဖုန်း-၀၁-၅၃၅၄၁၉
ကိုနိုင်အောင်တိုး	ဖုန်း-၀၁-၇၀၆၇၄၁။

ပါရမီဖောင်ဒေးရှင်းနှင့်
ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ။

အမွေဆက်ခံရန်သက်သေခံလက်မှတ်စာရစေခြင်းငှာ လျှောက်ထားကြောင်းအကြောင်းကြားစာ

(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်၌
၂၀၁၀ခုနှစ် တရားမအထွေထွေမှုအမှတ်-၉
ကွယ်လွန်သူ ဦးသန်းထွန်း၌ ကျန်ရှိရစ်သောပစ္စည်းများအကြောင်း

လျှောက်သူ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား ၁ရပ်ကွက်၊ ကမ္ဘာအေးစေတီလမ်း၊ အမှတ် ၉၇/ဘီ၊ ၁ နေဒေါ်ခင်ခင်ဝင်းက ကွယ်လွန်သူ ဦးသန်းထွန်း၏ အစ်မအရင်းဖြစ်သည်ဟူ၍ ဦးသန်းထွန်း၏ကျန်ရှိရစ်သော ပစ္စည်းအနက် ရရန်ရှိသောကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း၊ ဤရုံးသို့ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့ လျှောက်ထားကြောင်းကို အများလူတို့ ကြားသိစေခြင်းငှာ ကြော်ငြာသည်မှာ ၄င်းကွယ်လွန်သူ ဦးသန်းထွန်းက ကျန်ရစ်သောပစ္စည်းများအပေါ် ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၁၅ရက် (၁၃၇၁ခုနှစ် တပေါင်းလဆန်း ၃ရက်) နံနက် ၁၀နာရီတွင် လာရောက်ကြရမည်။ ၄င်းရက်တွင် လျှောက်ထားသူ ဒေါ်ခင်ခင်ဝင်း၏ လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ်ရသင့် မသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၀ခုနှစ် ဇန်နဝါရီ ၂၁ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေး လိုက်သည်။

ဦးမြင့်ဆန်း(ဥပဒေဘွဲ့)
ဒုတိယခရိုင်တရားသူကြီး(၁)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး။

မော်တော်ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၃၄၅၄၃၀ Jialing 90ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းမြင့်ထွန်း ၉/မရတ(နိုင်)၀၉၄၂၉၉က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့။

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

✳ VOA, BBC - ရန်တိုက်ပေးနေသည်။

✳ RFA, DVB - သွေးထိုးနေသည်။

✳ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။

✳ နားမယောင်လေနဲ့ သတိထား။

ခရီးသွားများအတွက် သွားလာရေး လွယ်ကူချောမွေ့စေသော နေပြည်တော်မှ ဘောဂသီရိ အဝေးပြေးယာဉ်ရပ်နားစခန်း

ဘောဂသီရိ အဝေးပြေးယာဉ်ရပ်နားစခန်း၌ အဆင့်မြင့် အဝေးပြေးယာဉ်များ ရပ်နားထားသည်ကို ဤသို့တွေ့ရသည်။
ဓာတ်ပုံမှတ်တမ်း-မျိုးမင်းသိန်း (မရမ်းကုန်း)

နေပြည်တော် ဇန်နဝါရီ ၂၃

နေပြည်တော်စည်ပင်သာယာရေးကော်မတီက နေပြည်တော်ကြီးကို နိုင်ငံတကာအဆင့်မီ ဖွံ့ဖြိုးစည်ပင်လာရေးအတွက် အရှိန်အဟုန်မြင့်တင် ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။

စာမျက်နှာ ၇ ကော်လံ ၁ ❍

သတင်းခရီးသည်	-	မြင့်မောင်စိုး
ဓာတ်ပုံမှတ်တမ်း	-	မျိုးမင်းသိန်း (မရမ်းကုန်း)
စာမျက်နှာဖွဲ့စည်းမှု	-	လှဲ့လှဲ့ဝင်း (မြန်မာ့အလင်း)

သာသာယာယာ

နေပြည်တော်နှင့် အနီး တစ်ဝိုက်တွင် ယနေ့ အများ အားဖြင့် သာယာနေမည်။

တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၅ နှင့် ၁၆တွင် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ မြန်မာစာဘာသာ သင်ခန်းစာကို ဖော်ပြထားပါသည်။

မြန်မာ့အလင်း ဆောင်းပါးအညွှန်း

တပ်မတော်ဟာ အမျိုးသားနိုင်ငံရေး ဦးဆောင်မှု အခန်းကဏ္ဍက တာဝန်ယူပြီး ပြည်သူတွေ လိုလားတဲ့ ဒီမိုကရေစီပန်းတိုင်ဆီကို လမ်းပြပေးသူ ဖြစ်ပါတယ်။ စစ်မှန်ပြီး စည်းကမ်းပြည့်ဝတဲ့၊ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီလူ့ဘောင်သစ်ဆီကို မရောက်ရောက်အောင် ပို့ဆောင်ပေးသူလည်း ဖြစ်ပါတယ်။ ဒါကို မောင်မှတ်တို့ ပြည်သူက သိပါတယ်။ သို့သော် ဆန့်ကျင်ဘက် အုပ်စုတွေကတော့ ပြည်သူတွေရဲ့အရေး၊ ဒီမိုကရေစီအရေးဆိုတာတွေထက် သူတို့အာဏာရရေး၊ သူတို့ပါတီ အရေးကိုသာ ရှေ့တန်းတင်နေကြလေတော့ တပ်မတော်ရဲ့ အမျိုးသားနိုင်ငံရေးလမ်းကြောင်းနဲ့ ပြဒါးတစ်လမ်း သံတစ်လမ်းဖြစ်နေတာ မဆန်းလှပါဘူး။

မောင်မှတ်၏ ဆောင်းပါး စာ-၈ နှင့် ၉